# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၂ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၂၀ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၃)

# နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှု လေ့ကျင့်ခန်း (Three-Dimensional Naval Exercise-Sea Shield 2020) လေ့ကျင့်ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း မေ ၂ ရက်မှစ၍ မြန်မာ့ရေပြင်ပိုင်နက် ဘင်္ဂလားပင်လယ်အော်အတွင်း တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲသိင်္ခသူ) အပါအဝင် စစ်ရေယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (Three–Dimensional Naval Exercise–Sea Shield 2020) လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**“Sea Shield လေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၇ ကြိမ်ရှိပြီဖြစ်၊ ယခင် လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများကိုယူ၍ ယခုလေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ သာမန်အားဖြင့် ကြည့်မည်ဆိုပါက ပုံမှန်လေ့ကျင့်ခန်းတစ်ခုဖြစ်သော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် လေ့ကျင့်မှုတစ်ခုပင်ဖြစ်၊ မိမိတို့နိုင်ငံ၏ ရေပိုင်နက်သည် အလွန်ကျယ်ပြန့်ပြီး ကမ်းရိုးတန်း အရှည် ရေမိုင် ၁၃၀၀ ခန့် ရှည်လျားကာ ရေပြင်ဧရိယာစတုရန်းရေမိုင် ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ရေပိုင်နက်ဧရိယာကို လုံခြုံအောင် ကာကွယ်နိုင်ရေးတွင် တပ်မတော်(ရေ)၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး”**





### ခုတ်မောင်း အလေးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား လေ့ကျင့်ခန်းတွင်ပါဝင်သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိင်္ခသူ)၊ စစ်ရေယာဉ် များက Single Line Formation ဖြင့် ပုံပြုချီတက်ကာ ချီတက်ခုတ်မောင်း အလေးပြုကြစဉ်။



မြန်မာ့အလင်း

# ဒီမိုကရေစီ မှန်ကန်ခိုင်မာရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ၊ ဆန္ဒမဲလက်မှတ်များ ထုတ်ယူမှု၊ ရရှိမှု၊သုံးစွဲမှု၊ လက်ကျန်အခြေအနေများကို စစ်ဆေးလျက်ရှိပြီး နေ့စဉ်သတင်းထုတ်ပြန်လျက်ရှိသည်။ ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်ကော်မရှင်မှ မဲဆန္ဒရှင်စာရင်းနှင့် လဝကစာရင်းတို့ ကွာခြားမှု၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နေမှု၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်နေမှုများကို တွေ့ကြရသည်။ ထို့ပြင် ဆန္ဒမဲလက်မှတ်ထုတ်ယူမှု၊ သုံးစွဲမှုနှင့် လက်ကျန်တို့တွင်လည်း ပိုလျှံခြင်း၊ လျော့နည်းပျောက်ဆုံးခြင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ နည်းဥပဒေများနှင့် မညီညွတ်ခြင်း စသည်တို့ကို စစ်ဆေးတွေ့ရှိရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိမှုများမှာ မူလက တပ်မတော်က တွေ့ရှိခဲ့သည့် မဲစာရင်းကွာခြားမှုနှင့် မဲမသမာမှုပြုနိုင်ဖွယ်အခြေအနေများထက် ပိုမိုများပြားနေကြောင်းလည်း သိရသည်။

စင်စစ်အားဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မကျင်းပမီ အကြိုကာလကပင် အသံဗလံများစွာ ဆူညံခဲ့ပြီး အစိုးရကရော၊ ထိုကာလက တာဝန်ရှိခဲ့သည့် ရွေးကောက်ပွဲကော်မရှင်ကပါ အလေးအနက်ထားပြီး ဖြေရှင်းပေးခြင်းမရှိခဲ့။ ပါတီငယ်များနှင့် တိုင်းရင်းသားပါတီများကို အင်အားကြီးအာဏာရပါတီ၏ အမာခံအစွန်းရောက်ထောက်ခံသူများက အုံနှင့်ကျင်းနှင့် ဝိုင်းဝန်းရှုတ်ချ ဆဲရေးတိုင်းထွာခဲ့ကြသည်ကိုသာ လူမှုကွန်ရက်များတွင် နေ့စဉ်နှင့်အမျှဆိုသလို တွေ့မြင်ခဲ့ရသည်။ ရွေးကောက်ပွဲအပြီးတွင် နစ်နာခဲ့သူ ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်ပေးနိုင်ရန် တပ်မတော်ကို တောင်းဆိုလာခဲ့သည်။ ဖြေရှင်းရန်လိုအပ်သည့် ပြဿနာများကို ဖြေရှင်းရန် တာဝန်ရှိသည့် အဖွဲ့အစည်းများက လျစ်လျူရှုကာ ရေငုံနှုတ်ပိတ်နေခဲ့ခြင်းကြောင့် ပြဿနာက တတိယအဖွဲ့အစည်းထံ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်သည်။ ဤသို့ဖြင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ကျင်းပနိုင်စေရန် ကြိုးစားဆောင်ရွက်နေကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားထားသည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့တွင်ရော တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများတွင်ပါ အရပ်သားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ပျက်ယွင်းမှုမရှိ။ သို့ဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်မှ လျော့ကျမသွား။ နိုင်ငံသားပြည်သူများသည်လည်း နိုင်ငံသားတို့၏ အခွင့်အရေးများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ ရရှိနေဆဲဖြစ်သည်။ ထို့နည်းတူစွာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် နိုင်ငံသားတို့၏ တာဝန်များလည်း ရှိနေဆဲဖြစ်သည်။

မိမိတို့ သတိမူကြရမည်မှာ လက်ရှိကာလသည် နိုင်ငံတော်၏ အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေကြရခြင်းဖြစ်သည်။ ထို အရေးပေါ်ကာလသည် ပါတီစုံဒီမိုကရေစီစနစ် မှန်ကန်ခိုင်မာရေး၊ စနစ်တကျဖြစ်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် ကာလဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းက ရေရှည်တွင် တစ်ပါတီအာဏာရှင်စနစ်ဆီသို့ ဦးတည်ရောက်ရှိမသွားစေရန်လည်း မျှော်မှန်းကြရန်လိုသည်။ ပါတီစွဲကြီးခြင်း၊ ပုဂ္ဂိုလ်စွဲကြီးခြင်းတို့က ကျဉ်းမြောင်းသည့် စိတ်ဓာတ်ဖြစ်ပြီး ဒီမိုကရေစီနိုင်ငံသားကောင်းတို့၏ စရိုက်လက္ခဏာမဟုတ်။ နိုင်ငံ၏အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားတို့ကို ရည်မျှော်ကာ ဉာဏ်ပညာရှိရှိ၊ ဆင်ခြင်တုံတရားပြည့်ဝစွာဖြင့် ဒီမိုကရေစီ နိုင်ငံသားကောင်းတို့၏ တာဝန်ကို ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper တွင် လည်းကောင်း၊ Myanmar Digital News _ MDN ဖေ့စ်ဘွတ်စာမျက်နှာတွင် လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

## အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကို သော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ **Digital Printing Machine** များဖြင့် လုပ်ငန်းဆောင်ရွက်သည့် **မီနိုင်းပုံနှိပ်လုပ်ငန်းများ၊** အင်တာနက်သတင်းဖြန့်ချီသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်း အမှတ်- ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေ့ကျင့်ခန်းတွင်ပါဝင်သည့် တာဝန်ရေတပ်မမှူးနှင့် အရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်(မုတ္တမ) ပေါ်၌ အမှာစကားပြောကြားစဉ်။

**“ယခင်က မိမိတို့နိုင်ငံ ရေပိုင်နက်အတွင်း ပြည်တွင်း၊ ပြည်ပမှ တရားမဝင် ရေပေါ်၊ ရေအောက် သယံဇာတ ခိုးထုတ်ယူမှုများ ရှိခဲ့၊ ထို့ကြောင့် ရေသယံဇာတများကို တိုင်းပြည်က အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးနှင့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို ကာကွယ်နိုင်ရန် တပ်မတော်(ရေ)ကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်”**

❑ *ရှေ့ဖုံးမှ*

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများအား ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆောင်ရွက်နေသည့် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးရန် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိခဲ့ရာ (Three–Dimensional Naval Exercise–Sea Shield 2020)အား လေ့ကျင့်လျက်ရှိသည့် လေ့ကျင့်ခန်းကြီးကြပ်ရေးမှူး(Officer Scheduling Exercise–OSE) ဗိုလ်ချုပ် ထိန်ဝင်း၊ တာဝန်ရေတပ်မမှူး ဗိုလ်မှူးကြီး တက်လွင်ထွန်းနှင့် လေ့ကျင့်ခန်းတွင်ပါဝင်သည့် အရာရှိကြီးများက ကြိုဆိုကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်အတိုင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (Sea Shield–2020)ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွားစစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောနှင့် ရဟတ်ယာဉ်တို့အပါအဝင် စစ်မျက်နှာသုံးဖက်မှ စစ်ဆင်ခြင်း Three–Dimensional Operation လေ့ကျင့်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရေတပ်မမှူးက လေ့ကျင့်ခန်း လက်တွေ့ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပြုလုပ်သည့် လေ့ကျင့်ခန်းသည် ပစ်ခတ်မှုလေ့ကျင့်ခန်းဖြစ်သဖြင့် ပစ်မှတ်များကို တိကျစွာထိမှန်အောင် အလေးထား လေ့ကျင့်ဆောင်ရွက်ပြီး သင်ခန်းစာဖော်ထုတ်ရန် လိုအပ်သည့်အခြေအနေများနှင့် လေ့ကျင့်ရေးဆိုင်ရာများ လုပ်ဆောင်ရာတွင် သတင်းအချက်အလက် စုံလင်စွာရယူခြင်း၊ ပိတ်ဆို့ခြင်း၊ တားဆီးခြင်း၊ ချေမှုန်းခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလုပ်ဆောင်ရန် အရေးကြီးသည့် အခြေအနေများနှင့် ပတ်သက်ပြီး ပြန်လည်ဆွေးနွေး ပြောကြားသည်။

### ချီတက်ခုတ်မောင်း အလေးပြု

ထို့နောက် လေ့ကျင့်ခန်းမစတင်မီ စစ်ရေယာဉ်များ ပစ်မှတ်ရှိရာသို့ ခုတ်မောင်းနေစဉ် လေ့ကျင့်ခန်းဧရိယာအတွင်း နိုင်ငံခြားကုန်သွယ်ရေးရေယာဉ်တစ်စင်းအား တွေ့ရှိသဖြင့် စစ်ရေယာဉ်(မုတ္တမ)မှ ROE အရ ရေယာဉ်ဆိုင်ရာ အချက်အလက်များ မေးမြန်းခြင်းနှင့် လေ့ကျင့်ခန်းဧရိယာမှ ရှောင်ရှားထွက်ခွာနိုင်ရန် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး လေ့ကျင့်ခန်းအစီအစဉ်အတိုင်း စစ်ရေယာဉ် ၁၀ စင်းမှ ရေပြင်ပစ်မှတ်၊ ဝေဟင်ပစ်မှတ်များအား အမြောက်ကြီးများ၊ စက်အမြောက်များဖြင့်လည်းကောင်း၊ ရေအောက်ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း လက်တွေ့ ပစ်ခတ်လေ့ကျင့်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင်ပါဝင်သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲ သိခ်ၤသူ)၊ စစ်ရေယာဉ်များနှင့် တပ်မတော် (လေ)မှ ရဟတ်ယာဉ်များက Single Line Formation ဖြင့် ပုံပြုချီတက်ကာ **မြန်မာ့ပင်လယ် ဒို့ကာကွယ်** ဆိုသည့် ဆောင်ပုဒ်ကို အားမာန်အပြည့်ဖြင့် ဟစ်ကြွေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်ခုတ်မောင်း အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်သည့် တာဝန်ရေတပ်မမှူးနှင့် အရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်(မုတ္တမ)ပေါ်၌ အမှာစကားပြောကြားရာတွင် Sea Shield လေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၇ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများကိုယူ၍ ယခုလေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် ကြည့်မည်ဆိုပါက ပုံမှန်လေ့ကျင့်ခန်းတစ်ခုဖြစ်သော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် လေ့ကျင့်မှုတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေပိုင်နက်သည် အလွန်ကျယ်ပြန့်ပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့်ရှည်လျားကာ ရေပြင်ဧရိယာစတုရန်းရေမိုင် ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ရေပိုင်နက်ဧရိယာကို လုံခြုံအောင် ကာကွယ်နိုင်ရေးတွင် တပ်မတော်(ရေ)၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ရေတပ်တွင် လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ပစ်မှတ်ထိမှန်ရန် အဓိကအရေးကြီးပြီး ရေကြောင်းစစ်ဆင်ရေးတိုက်ပွဲများတွင် စစ်ရေယာဉ်တစ်စင်း ထိမှန်ပျက်စီးပါက ဆုံးရှုံးမှု အလွန်ကြီးမားပြီး တိုက်စွမ်းရည်ကို များစွာထိခိုက်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ “ပစ်လျှင်ထိရမည်၊ ထိအောင်လည်း လေ့ကျင့်ရမည်” ဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း ပစ်မှတ်ထိမှန်အောင် စနစ်တကျလေ့ကျင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် Area Target ကို ပစ်ခတ်ခြင်းဖြစ်သဖြင့် သတ်မှတ်ထားသည့် ဧရိယာအတွင်း၊ ဘောင်အတွင်းသို့ ကျရောက်အောင် လေ့ကျင့်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့

တပ်မတော်(ရေ)ကို ယခင်က ဖရီးဂိတ်စစ်ရေယာဉ်မေယုဖြင့် စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ကာ အမြန်သွား တိုက်ရေယာဉ်၊ အမြောက်တင်ရေယာဉ်စသည်တို့မှတစ်ဆင့် ကိုယ်ပိုင်စစ်ရေယာဉ်များ ထုတ်လုပ်နိုင်သည်အထိ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ စစ်ရေယာဉ်များကို ကိုယ်တိုင်ထုတ်လုပ်ခြင်းအားဖြင့် အရေအတွက်တိုးပွားလာမည်ဖြစ်ပြီး Calibre လည်း များစွာ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ထုတ်လုပ်နိုင်ရုံနှင့်မရဘဲ လက်နက်စနစ်၊ လက်နက်ကျွမ်းကျင်မှု၊ ကွဲခိုင်မှုရှိအောင်လည်း လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံရေပိုင်နက်အတွင်း ပြည်တွင်း၊ ပြည်ပမှ တရားမဝင်ရေပေါ်၊ ရေအောက်သယံဇာတ ခိုးထုတ်ယူမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ရေသယံဇာတများကို တိုင်းပြည်က အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို ကာကွယ်နိုင်ရန် တပ်မတော်(ရေ)ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ကာကွယ်ရေး ဆောင်ရွက်ရုံသာမက HADR လုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကြောင့် ပင်လယ်ပြင်အတွင်း အရပ်ဘက်ရေယာဉ်များ ရေဝင်နစ်မြုပ်ခြင်း၊ မီးလောင်ခြင်း၊ ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ရခြင်းစသည်တို့အတွက် လူသားချင်းစာနာ အကူအညီပေးရေးဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ Humanitarian Assistance Disaster Respo–nse(HADR)ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်အောင် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ စစ်ရေယာဉ်များ စေလွှတ်ပြီး ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၁၅၆ ဦးကို အောင်မြင်စွာ သွားရောက်ခေါ်ဆောင်နိုင်ခဲ့ကြောင်း၊ အဆိုပါဆောင်ရွက်မှုသည် ပြည်ပတွင် အကြောင်းအမျိုးမျိုးကြောင့် အတိဒုက္ခခံစားနေကြရသည့် မိမိနိုင်ငံသားများကို ကယ်ထုတ်လာနိုင်ခြင်းလည်းဖြစ်သကဲ့သို့ HADR လုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းရှိသည်ကို ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

### ကောင်းမွန်သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်

ယခု လေ့ကျင့်ဆောင်ရွက်ခဲ့သည့် လေ့ကျင့်ခန်းသည် ကောင်းမွန်သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး ဝေဟင်၊ ရေပြင်နှင့် ရေအောက်မှ ခြိမ်းခြောက်တိုက်ခိုက်လာသည့် ရန်သူကို တန်ပြန်တိုက်ခိုက်ချေမှုန်းနိုင်ရေး လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လေ့ကျင့်ခန်းပြုလုပ်သည့်အဆင့်မှသည် တိုက်ပွဲဝင်အသင့် စစ်ဆင်နိုင်စွမ်းရှိသည့် အဆင့်(Drill to Action) သို့ ရောက်ရှိရေး ဦးတည်လေ့ကျင့်ရမည်ဖြစ်ပြီး လေ့ကျင့်ခန်းနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက် စုဆောင်းမှုနှင့် ပတ်သက်၍ မိမိတို့ရရှိထားသည့် အချက်အလက်များသည် မှန်ကန်ရန်လိုအပ်မည်ဖြစ်ပြီး မှန်ကန်သည့် အချက်အလက်များ ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လေ့ကျင့်ခန်းကို အောင်မြင်အောင်နှင့်အကျိုးသက်ရောက်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့်အတွက် *စာမျက်နှာ ၅ သို့*

# တပ်မတော်သည် နိုင်ငံတော်၏ အာဏာကို ထိန်းသိမ်းပေးခြင်းဖြစ်ပြီး အာဏာသိမ်းခြင်း မဟုတ်ကြောင်းကို နားလည်ရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၁၀**

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်အရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည့်မှ ယနေ့အချိန်အထိ တပ်မတော်က နိုင်ငံတော်ကို လွတ်လပ်ရေးရရှိအောင်နှင့် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့ရသဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကိုခွဲခြား၍မရကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍသည် နိုင်ငံတော်ကပေးအပ်ထားသော နိုင်ငံရေးအမွေပင်ဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက နိုင်ငံတော်ပြန်တမ်းဖြင့်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

## အမှာစကား ပြောကြား

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲကျင်းပမှုမှတစ်ဆင့် သမ္မတကို ရွေးချယ်ခြင်း၊ ဥပဒေပြုလုပ်ငန်းများနှင့် အစိုးရအဖွဲ့ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲပုံစံအရ လွှတ်တော်အား ဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍ ပြည်သူ့လွှတ်တော်ဖြစ်လာကြောင်း၊ အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အချိုးညီ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အမျိုးသားလွှတ်တော် ဖြစ်လာကြောင်း၊ လွှတ်တော်နှစ်ရပ်ပေါင်း၍ ပြည်ထောင်စုလွှတ်တော် ဖြစ်လာကြောင်း၊ မိမိတို့ရွေးချယ်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက သမ္မတကိုရွေးချယ်ရကြောင်း၊ အချို့နိုင်ငံများတွင် သမ္မတအား ပြည်သူများကတိုက်ရိုက်ရွေးချယ်ကြပြီး အချို့နိုင်ငံများတွင် အာဏာရပါတီခေါင်းဆောင်များက ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့အကြီးအကဲများအဖြစ် တာဝန်ယူ၍ အဆောင်အယောင်သမ္မတများ ခန့်အပ်ထားကြကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံတူညီမှုမရှိဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာ ဆောင်ရွက်ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ လျှောက်လှမ်းလျက် ရှိကြောင်း။

NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအနိုင်ရခဲ့ပြီး နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့ချိန်၌ အားနည်းချက်များရှိခဲ့သဖြင့် ပြည်သူများက အားမလိုအားမရမှုများဖြစ်ခြင်းကြောင့် ၂၀၁၈ ခုနှစ် ရန်ကုန်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် ပျမ်းမျှအားဖြင့် ၁၄ ရာခိုင်နှုန်းကျော်ခန့်သာမဲပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း မဲမပေးရေး (No Vote) ဟု လှုံ့ဆော်မှုများ ရှိခဲ့ကြောင်း။

## မဲမသမာမှုများ ဆောင်ရွက်ခဲ့

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများရှိသည့် ဒေသများတွင် ဒေသခံတိုင်းရင်းသားပါတီများက အနိုင်ရရှိခြင်းမရှိဘဲ NLD ပါတီကသာ အနိုင်ရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အချို့ ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့ဒေသတွင် ဆန္ဒမဲရရှိမှုလုံးဝမရှိသည်အထိရှိခဲ့သည်မှာ မဲမသမာမှုများ ဆောင်ရွက်ခဲ့ခြင်းသည် ပေါ်လွင်နေကြောင်း၊ ဒီမိုကရေစီ လျှောက်လှမ်းရာတွင် မဲမသမာမှုပြုလုပ်ခြင်းကို လက်ခံနိုင်စရာ အကြောင်းမရှိကြောင်း၊ ပြည်သူလူထုက မျှော်မှန်းထားသည့် ဒီမိုကရေစီမျှော်မှန်းချက်များကို ရိုက်ချိုးခံရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးလောဘ၊ အာဏာလောဘများဖြင့် မသမာသည့် နည်းလမ်းများနှင့် တိုင်းပြည်အပေါ် ဆောင်ရွက်သွားခြင်းပင်ဖြစ်ကြောင်း။

## ဥပဒေနှင့်အညီသာ ဖြေရှင်း

တပ်မတော်သည် နိုင်ငံတော်၏ အာဏာကို ထိန်းသိမ်းပေးခြင်းဖြစ်ပြီး အာဏာသိမ်းခြင်း မဟုတ်ကြောင်းကို နားလည်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အစိုးရအဖွဲ့ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းရာတွင် တပ်မတော်သားများဖြင့်ဖွဲ့စည်းထားခြင်းမရှိဘဲ အရပ်သားများပါဝင် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေခြင်းသာရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပျက်ယွင်းမှုမရှိဘဲ မိမိတို့အနေဖြင့် အခြေခံဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ အလေ့အကျင့် မပျက်စေရန်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်ပတ်သက်ပြီး ပါဝင်ပြီးဖြစ်ကြောင်း၊ ယခုအခါအကြမ်းဖက်ဆူပူမှုများဖြစ်ပွားချိန်တွင်လည်း မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်အား ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် သတ်မှတ်ကာလအတွင်း ကျင်းပနိုင်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာခြင်းဖြစ်သဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး ကောင်းမွန်စေရေးအတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ယခင်ကတည်းကပင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆွေမျိုးသားချင်းများသည်

*စာမျက်နှာ ၅ သို့*

**“၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများရှိသည့် ဒေသများတွင် ဒေသခံတိုင်းရင်းသားပါတီများက အနိုင်ရရှိခြင်းမရှိဘဲ NLD ပါတီကသာ အနိုင်ရရှိခဲ့သည်ကို တွေ့ရှိရ၊ အချို့ ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့ဒေသတွင် ဆန္ဒမဲရရှိမှုလုံးဝမရှိသည်အထိရှိခဲ့သည်မှာ မဲမသမာမှုများ ဆောင်ရွက်ခဲ့ခြင်းသည် ပေါ်လွင်နေ၊ ဒီမိုကရေစီလျှောက်လှမ်းရာတွင် မဲမသမာမှုပြုလုပ်ခြင်းကို လက်ခံနိုင်စရာ အကြောင်းမရှိ၊ ပြည်သူလူထုက မျှော်မှန်းထားသည့် ဒီမိုကရေစီမျှော်မှန်းချက်များကို ရိုက်ချိုးခံရခြင်းဖြစ်၊ နိုင်ငံရေးလောဘ၊ အာဏာလောဘများဖြင့် မသမာသည့် နည်းလမ်းများနှင့် တိုင်းပြည်အပေါ် ဆောင်ရွက်သွားခြင်းပင်ဖြစ်”**

စာမျက်နှာ ၃ မှ

လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များ အားလုံး၏ လုပ်ဆောင်မှုများကို အားရကျေနပ်မှုရှိပါကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများကို တိုင်းပြည်၏ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပြီး တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်ဆောင်ကြရန်နှင့် မိမိတာဝန်ကို မှန်မှန်ကန်ကန် နှင့် ကျေပွန်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အမှတ်တရလက်ဆောင်များပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား အမှတ်တရလက်ဆောင်များပေးအပ်ရာ တာဝန်ရှိသူ ... ရေတပ်မမှူးက လက်ခံရယူသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ရေယာဉ် (မုတ္တမ) ပေါ်မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သည်။

ယနေ့ ပြုလုပ်ခဲ့သည့် လေ့ကျင့်ခန်းသည် ရဟတ်ယာဉ်၊ ရေငုပ်သင်္ဘောနှင့် ရေပြင်သွား စစ်ရေယာဉ်များ ပါဝင်၍ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောရေတပ်ဖွဲ့ (Three-Dimensional Navy)ဖြင့် တိုက်စစ်၏ အခြေခံသဘောတရားဖြစ်သည့် ပစ်ခတ်မှုနှင့် စစ်ကစားမှု (Fire and Maneuver) ကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိခ်သူ) သည် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစပြီး မြန်မာ့ရေပြင်ပိုင်နက်နယ်နိမိတ်စစ်ဆေးရေး ရေပြင်ဌာနချုပ်ရေယာအတွင်း၌ ရေငုပ်စစ်ဆင်လေ့ကျင့်မှုအကြိမ်ပေါင်း ၁၃၁ ကြိမ်၊ နာရီပေါင်း ၁၇၀၈ နာရီ ၅၆ မိနစ်အထိ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **"ယခု လေ့ကျင့်ဆောင်ရွက်ခဲ့သည့် လေ့ကျင့်ခန်းသည် ကောင်းမွန်သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး ဝေဟင်၊ ရေပြင်နှင့် ရေအောက်မှ ခြိမ်းခြောက်တိုက်ခိုက်လာသည့် ရန်သူကို တန်ပြန်တိုက်ခိုက်ချေမှုန်းနိုင်ရေး လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လေ့ကျင့်ခန်းပြုလုပ်သည့်အဆင့်မှသည် တိုက်ပွဲဝင်အသင့် စစ်ဆင်နိုင်စွမ်းရှိသည့် အဆင့်(Drill to Action) သို့ ရောက်ရှိရေး ဦးတည်လေ့ကျင့်ရမည်ဖြစ်ပြီး လေ့ကျင့်ခန်းနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်ရမည်ဖြစ်၊ သတင်းအချက်အလက်စုဆောင်းမှုနှင့်ပတ်သက်၍ မိမိတို့ရရှိထားသည့် အချက်အလက်များသည် မှန်ကန်ရန်လိုအပ်မည်ဖြစ်ပြီး မှန်ကန်သည့် အချက်အလက်များရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်"**

---

*စာမျက်နှာ ၄ မှ*

၎င်းတို့၏ ဒေသပြည်သူများအကြားတွင် နေထိုင်ကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအပေါ် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကာကွယ်ဆောင်ရွက်ပေးနေကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီး နှစ်လတာ ကာလအတွင်း နေရာတော်တော်များများတွင် ပြန်လည်တည်ငြိမ်လာခြင်းသည် တပ်မတော်သည် နိုင်ငံတော်အတွက်၊ ပြည်သူအတွက် ခိုင်ခိုင်မာမာရှိနေခြင်းကို ပြခြင်းဖြစ်ကြောင်း။

**လက်မှတ်များချီးမြှင့်**

ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုနှင့် လုယက်မှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဆူပူမှုများကို ဖြိုခွင်းရာတွင်လည်း ဒီမိုကရေစီနည်းလမ်းအရ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ အကြမ်းဖက်ဆူပူမှုများကို ဖြိုခွင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့ အကြမ်းဖက်ဆူပူသူများ၏ ရန်ပြုတိုက်ခိုက်မှုကြောင့် သေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းများရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသကဲ့သို့ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သဖြင့် (၇၆) နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်များချီးမြှင့်ခဲ့ကြောင်း။

တပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးအတွက် အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားများအနေဖြင့် စစ်သားပီသစွာဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးအရ တာဝန်ယူချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အစဉ်အလာကောင်းများရှိနေသည့် မိမိတို့တပ်မတော်ကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေး၊ တပ်ဖွဲ့တစ်ခုချင်း၏ အရည်အသွေး၊ ဌာနချုပ်များအလိုက်ရှိသည့် စုစည်းသည့် အင်အားနှင့် အရည်အသွေးများကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သည် စုစည်းသည့် အင်အားခိုင်ခိုင်မာမာရှိခြင်းကြောင့် မိမိတို့အနေဖြင့် တိုင်းပြည်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံ့အရေးတာဝန်၊ နိုင်ငံရေးတာဝန်ကို ယူထားရခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် လုပ်ငန်းများအား တာဝန်ကျေစွာ ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းပုသိမ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး၊ ပုသိမ်တက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့ရှိ အစည်းအဝေးခန်းမများတွင် ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဆရာ၊ ဆရာမများအတွက် ပညာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေးခဲ့**

အလားတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည်လည်း ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တိုင်းသံဃဆေးရုံခန်းမ၌ ဆေးရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက COVID-19 ရောဂါ ကာကွယ်ရေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဒေသခံပြည်သူများ COVID-19 ရောဂါကာကွယ်ရေး လာရောက်ထိုးနှံနေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **"တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာခြင်းဖြစ်သဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရေးကောင်းမွန်ရမည်ဖြစ်၊ ပြည်သူ့ဆက်ဆံရေးကောင်းမွန်စေရေးအတွက် တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို ယခင်ကတည်းကပင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့၊ ဆက်လက်၍လည်း ဆောင်ရွက်သွားရမည်ဖြစ်၊ မိမိတို့၏ဆွေမျိုးသားချင်းများသည် ၎င်းတို့၏ ဒေသပြည်သူများအကြားတွင် နေထိုင်ကြ၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ"**

---

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၀**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင် ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းအဆင်ပြေ စေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့ ခတ္တိယ ဘုန်းတော်ကြီးကျောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ တောင်သုံးလုံး ဦးသာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်၊ သလ္လာစိတ္တသုခ တပ်ဦးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်းဥူးစာသင်တိုက်များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID-19 ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ တောင်သုံးလုံးဦးသာသနာ့ရိပ်သာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ ဝိပဿနာဓုရဖားအောက်တောရ ဗုဒ္ဓသာသနာရိပ်သာကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်းဥူးစာသင်တိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**“၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီ အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် မဲဆွယ်စည်းရုံးစဉ် ပြောကြားချက်များ၊ ကတိ၊ ကဝတ်များကို အကောင်အထည်ဖော်ဆောင်မှု မရှိသည့်အပြင် နိုင်ငံတော်တည်ငြိမ်ရေး တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် ဥပဒေများကို ပြင်ဆင်မှုများ၊ ပယ်ဖျက်ခြင်းများ လုပ်ဆောင်ခဲ့၊ ထို့ပြင် နိုင်ငံတော်၏ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုပါ ထိပါးစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လာခဲ့၊ ထိုသို့ လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုအနေဖြင့် ရွေးကောက်တင်မြှောက်သည့် အစိုးရအပေါ် ယုံကြည်မှုနည်းပါးလာပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပြီး လူဦးရေ ၁၀၀ ဦးလျှင် ၁၄ ဦးခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိ”**

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ရောဝတီတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများနှင့် ဒေသဆိုင်ရာ အထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများကို ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံစကားပြောခြင်းဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းသည့် တိုင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ စပါးကျီများအနက် တစ်ခုဖြစ်ကြောင်း ဦးစွာပြောကြားသည်။

### ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့

ထို့နောက် ပါတီစုံဒီမိုကရေစီစနစ် ပုံဖော်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် ယခင် တပ်မတော်အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းမှု သက်တမ်း ၁၀ နှစ် ရှိပြီးဖြစ်ပြီး ဒီမိုကရေစီစနစ်တွင် ရွေးကောက်တင်မြှောက်ခြင်းသည် အနှစ်သာရပင်ဖြစ်ကြောင်း၊ မိမိတို့ ငယ်စဉ်က အတန်းပညာ သင်ကြားစဉ်ကတည်းကပင် အတန်းခေါင်းဆောင်ရွေးချယ်ခန့်ထားရာ၌ အများ၏ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခြင်းဖြစ်သဖြင့် ပိုမိုအရေးကြီးပါကြောင်း၊ ပြန်ပြောင်းစဉ်းစားကြည့်မည်ဆိုပါက ပထမအကြိမ် ဒီမိုကရေစီအစိုးရသက်တမ်းတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများရှိအောင် လုပ်ဆောင်နိုင်ခဲ့သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ခက်ခက်ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့

ဒီမိုကရေစီပထမသက်တမ်းကာလ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အကျပ်အတည်းများ၊ ပြင်ပနိုင်ငံများ၏ ဖိအားပေးမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများအကြား ခက်ခက်ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက အားမလို အားမရ ဖြစ်နေချိန်၌ NLD ပါတီအနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရရှိစေရေး **ပြောင်းလဲချိန်တန်ပြီ** ဟူသောစာသားဖြင့် မက်လုံးပေး အာမခံချက်များဖြင့် မဲဆွယ်စည်းရုံးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီ အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် မဲဆွယ်စည်းရုံးစဉ် ပြောကြားချက်များ၊ ကတိ၊ ကဝတ်များကို အကောင်အထည်ဖော်ဆောင်မှု မရှိသည့်အပြင် နိုင်ငံတော်တည်ငြိမ်ရေး တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် ဥပဒေများကို ပြင်ဆင်မှုများ၊ ပယ်ဖျက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုပါ ထိပါးစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လာခဲ့ကြောင်း၊ ထိုသို့ လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုအနေဖြင့် ရွေးကောက်တင်မြှောက်သည့် အစိုးရအပေါ် ယုံကြည်မှုနည်းပါးလာပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပြီး လူဦးရေ ၁၀၀ ဦးလျှင် ၁၄ ဦးခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိရကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၂ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း အထက်ပါဖြစ်စဉ် ဖြစ်ရပ်များကြောင့် No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိရသောကြောင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် ဆန္ဒမဲများပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်းဖြင့် ပြောကြားသည်။

### စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြောကြားရာတွင် NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ဖြစ်ပေါ်နေသည့် No Vote လှုပ်ရှားမှုများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ အတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီ ပါတီများ၏ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုများတွင်လည်း အမိန့်အမျိုးမျိုး ထုတ်ပြန်ခဲ့ကြောင်း၊ *စာမျက်နှာ ၇ သို့*

# အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်

မဲစာရင်းမသမာမှုကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်း သဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝကမဲစာရင်း ၄ သန်းလောက် ကွာခြားနေသည်ကိုတွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော် ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်းကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်း ကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သောင်းကျော် ပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း၊ တပ်မတော်မှတွေ့ရှိခဲ့သည့် မဲမသမာမှုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကိုခေါ်ယူ၍ ဖြေရှင်းပေးရန်စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော်ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်း တစ်ခုအပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၆ မှ*

ရွေးကောက်ပွဲပြုလုပ်ချိန်တွင် တပ်မတော်သားများ အနေဖြင့် ပြည်သူလူထုနှင့်အတူ မဲပေးခဲ့ကြကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ကြေညာသည့်အချိန်တွင် မသင်္ကာဖွယ်ရာ၊ မဲရလဒ်များ ထွက်ပေါ်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်မှ မဲစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့ရာတွင် မဲမသမာမှု ပြုနိုင်သည့် မဲစာရင်းများတွေ့ရှိရပြီး သတင်းများ ထုတ်ပြန်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ပင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁ သန်း ၂ သိန်းကျော်ကို တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ မဲစာရင်း များ ကြီးမားစွာ ကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက် ပေးရန် တာဝန်ရှိသူအဖွဲ့အစည်းအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက် ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ် လွှတ်တော် ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် နိုင်ငံတော်ကို အရေးပေါ် အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူ ထိန်းသိမ်းဆောင်ရွက် ခဲ့ရခြင်းဖြစ်ကြောင်း။

### ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေ ခြင်းသာဖြစ်သဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေ ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ် ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်းရာတွင် တပ်ဘက်၊ အရပ်ဘက် မျှတအောင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် အုပ်ချုပ်ရေးကောင်စီများဖွဲ့စည်းရာတွင် အရပ်သားများဖြင့် အရပ်ဘက် အုပ်ချုပ်ရေးကိုသာ ဆက်လက်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်း စဉ် ၅ ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်ချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း။

ဆက်လက်ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ၏ စပါးကျီများ အနက်တစ်ခုဖြစ်ပြီး GDP လည်း အများဆုံးဖြစ်သည် ကို ကျေနပ်နေ၍ ပိုကောင်းအောင် လုပ်ဆောင် ရမည်ဖြစ်ကြောင်း။

### ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်

မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိက လုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုး ရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုး တို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာ သန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည် ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူ လူထု၏ သက်တမ်းသည် ကျေးလက်နေသူများ၌ ၆၇ ဖြစ်ပြီး မြို့ပြနေသူများ၌ ၆၇ ဒသမ ၅ ခန့်ရှိသည် ကို တွေ့ရှိရကြောင်း၊ ကျန်းမာရေးတွင် မပြည့်စုံပါက ချမ်းသာမှုကို ဖြစ်ပေါ်စေနိုင်မည်မဟုတ်သည့်အတွက် ကျန်းမာကြံ့ခိုင်အောင် နေထိုင်နိုင်အောင် လုပ်ဆောင် ပေးရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အစိုးရ နှင့်လက်တွဲပြီး စည်းကမ်းနှင့်အညီ လုပ်ဆောင်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပုံမှန်အတိုင်းပြန်လည် တည့်မတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ပုသိမ်စက်မှုမြို့တော် စီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ စီမံကိန်းဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့တိုင်းဒေသကြီးမှ ထွက်ရှိသည့် သီးနှံထုတ်ကုန်များမှ ကုန်ပစ္စည်းများထုတ်လုပ် နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထည်ချုပ် လုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေ ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်စက်ရုံများအား ဦးစားပေးတည်ဆောက်၍ ကုန်ထုတ်လုပ်မှုအား Semi Product ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဇုန်တည်ဆောက် ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် COVID-19 သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှုခဲ့

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းနယ်မြေအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရမည်းသင်းမြို့ရှိ နယ်မြေခံလေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားစစ်သည်များအား သီးခြားစီတွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံလေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ စစ်သည်၊ သင်တန်းသားစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့ရှိ နယ်မြေခံလေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသား စစ်သည်များအား သီးခြားစီ တွေ့ဆုံအမှာစကား ပြောကြားသည်။

### သတင်းမှားများကို သတိထားဆင်ခြင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နယ်မြေခံသင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်လျက်ရှိသော ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကို အမှန်အတိုင်း သိရှိစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် နှစ်ဖက်မျှမျှတတ ရေးသားဖော်ပြနိုင်ရေး ပြည်ပသတင်းဌာနတစ်ခုဖြစ်သော CNN သတင်းဌာနအား သတင်းရယူ ခွင့်ပြုပေးခဲ့သည့် အခြေအနေများ၊ အကြမ်းဖက်ဖျက်ဆီးမှုများကို ရေးသားဖော်ပြခြင်းမရှိဘဲ ဆန့်ကျင်ဘက်အဖွဲ့များအပေါ် အသားပေးရေးသားဖော်ပြမှု အခြေအနေများ၊ ထို့ကြောင့် အရာရှိ၊ စစ်သည်များအနေဖြင့် သတင်းမှားများကို သတိထားဆင်ခြင်နိုင်ရန် လိုအပ်မှု အခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖေဖော်ဝါရီလ ၄ ရက်မှ ၂၂ ရက်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများကို လွတ်လပ်စွာ ပြသခွင့်ပြုပေးခဲ့သည့် အခြေအနေများ၊ ဖေဖော်ဝါရီလ ၂၂ ရက်နောက်ပိုင်း ဆန္ဒပြမှုမှတစ်ဆင့် ခြိမ်းခြောက် အကျပ်ကိုင်မှု၊ ရဲစခန်း၊ တရားရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးများ အပါအဝင် စက်ရုံ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အရပ်သားများအား ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အသက်အန္တရာယ် ထိခိုက်စေနိုင်သည်အထိ သေစေနိုင်သော လက်နက်များ စွဲကိုင်ထိပ်တိုက်ရင်ဆိုင်ပစ်ခတ်လာခြင်း၊ ဆူပူအကြမ်းဖက်သူများကို ပြည်ပမှ တရားမဝင်ရယူထားသော ငွေကြေးများဖြင့် ထောက်ပံ့ပေးကာ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာအောင် စေခိုင်းခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံ့ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာဆက်ဆံရေး ပျက်ယွင်းစေရန် စက်ရုံအလုပ်ရုံများ မီးရှို့ဖျက်ဆီးလာမှုတို့ကြောင့် မြို့နယ် ၆ မြို့နယ်အား စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) မဖြစ်မနေ ထုတ်ပြန်ခဲ့ရမှု အခြေအနေများနှင့် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုကို အတတ်နိုင်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး မြို့နယ် ၃၃၀ အနက် မဖြစ်မနေ ၆ မြို့နယ်ကိုသာ ပြဋ္ဌာန်းခဲ့ရသည့်အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

### စည်းလုံးညီညွတ်မှုကိုတည်ဆောက်

ဆက်လက်၍ အရာရှိ၊ စစ်သည်များအနေဖြင့် အဓိက နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သဖြင့် စုစည်းအားပြည့်ဝနေရန် လိုအပ်သောကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်၊ တစ်ဦးချင်း၏ ကိုယ်ခံစွမ်းအားများ ကောင်းမွန်စေရန်အတွက် ကျန်းမာကြံ့ခိုင်ရန် လိုအပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း လေ့ကျင့်ဆောင်ရွက်ရန်၊ အနေအထိုင်အပြုအမူ၊ အစားအသောက်များကို ဆင်ခြင်၍ ကျန်းမာသန်စွမ်းအောင်ပြုလုပ်ကာ တပ်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း၍ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်တို့အား မှာကြားသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### အမှားနှင့်အမှန် ခွဲခြားသိမြင်ရန်လို

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် သင်တန်းသား စစ်သည်များအား သီးခြားတွေ့ဆုံ၍ မကြာမီ စစ်သည်တော်ကောင်းများအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရမည့်သူများ ဖြစ်သောကြောင့် နိုင်ငံ၏ ပကတိဖြစ်ပေါ်နေမှုများကို အမှားနှင့် အမှန် ခွဲခြားသိမြင်ရန် လိုအပ်သည့် အခြေအနေများ၊ တစ်ဦးချင်း၏ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝရန်၊ စွမ်းရည်ထက်မြက်သည့် စစ်သည်တော်ကောင်းများဖြစ်ရန် သင်ကြားပို့ချပေးသည့် စစ်ပညာရပ်များကို **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ကျန်းမာကြံ့ခိုင်သည့် စစ်သည်များဖြစ်စေရန် လေ့ကျင့်ဆောင်ရွက်ရန်နှင့် ကျန်းမာရေးကို ထိခိုက်နိုင်သော အနေအထိုင်၊ အစားအသောက်၊ အပြုအမူတို့အား ရှောင်ရှားရန်၊ မိမိရရှိသော လစာနှင့် ပတ်သက်၍ ဝင်ငွေနှင့် ထွက်ငွေ မျှတအောင်သုံးစွဲရန်၊ မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ရန်အတွက် သွားသင့်သည့် နေရာသို့သာ သွားရန်၊ ပြောသင့်သည့်စကားကိုသာ ပြောရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်၊ ပေါင်းသင့်သည့် သူနှင့်သာပေါင်းရန်၊ သင်တန်းကျောင်းက သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများကို အမြဲတမ်းလေ့လာ မှတ်သားလိုက်နာ၍ အောင်ပွဲရ စစ်သည်၊ တပ်ရင်း၊ တပ်ဖွဲ့တို့က အားထားယုံကြည်ရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် သုံးသပ်ကြည့်ခြင်း

မင်းခန့်

မည်သည့်ပြဿနာရပ်မဆို ရှုထောင့်ပေါင်းစုံမှသုံးသပ်၍ အဖြေရှာရစမြဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကို မှန်ကန်စွာ သုံးသပ်နိုင်ရန်မှာလည်း ရှုထောင့်ပေါင်းစုံမှ သတင်းအချက်အလက်များကို ရရှိနိုင်ရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူများအနေဖြင့် စိတ်ခံစားချက် (Emotion) ထက် အချက်အလက် (Fact) ကို အခြေခံသည့် တွေးခေါ်စဉ်းစားနိုင်စွမ်းဖြင့်သာ လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

> “နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားစေရန် ရည်ရွယ်သည့် CDM လှုပ်ရှားမှုသည်လည်း ခြိမ်းခြောက်၊ အကျပ်ကိုင်၊ ဖိအားပေးမှုများ၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများသို့ ပြောင်းလဲသွားပြီး Social Punishment ခေါင်းစဉ်ဖြင့် အပြစ်မဲ့ဝန်ထမ်းများနှင့် သာမန်ပြည်သူများအား လူထုကြားတွင် အရှက်ရစေရန် မဖွယ်မရာ နည်းလမ်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်နေသည့်အပြင် လူစုလူဝေးနှင့် အနိုင်ကျင့်သတ်ဖြတ်သည့် အဆင့်အထိ လုပ်ဆောင်လာကြသည်ကို ရင်နင့်ဖွယ်တွေ့ရှိရ”

၂၀၁၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် ကမ္ဘာတစ်ဝန်း၌ ဒီမိုကရေစီစနစ် ကူးပြောင်းသောနိုင်ငံများသည် သွေးထွက်သံယိုမှုများဖြင့်သာ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ခဲ့ကြသော်လည်း မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းစွာဖြင့် ဒီမိုကရေစီစနစ် ကူးပြောင်းပေးနိုင်ခဲ့သည့် နိုင်ငံအနည်းငယ်အနက်မှ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းများစွာ ရရှိခဲ့ပါသည်။ ငြိမ်းချမ်းသော ဒီမိုကရေစီအကူးအပြောင်းနှင့် ဒီမိုကရေစီမျိုးစေ့ကို တပ်မတော်က ဦးဆောင်ကမကထပြု၍ ဆောင်ရွက်ခဲ့သည်မှာ ငြင်းမရနိုင်သည့် သမိုင်းမှတ်တမ်းတစ်ခု ဖြစ်ပါသည်။ ထိုသို့ မျိုးစေ့ချပေးနိုင်ရန်လည်း ခဲရာခဲဆစ် အကောင်အထည်ဖော်ခဲ့ရကြောင်း သမိုင်းကိုလေ့လာကြည့်လျှင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် ဒီမိုကရေစီကို သေွဖည်စေမည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို အစွမ်းကုန် ကာကွယ်ထိန်းသိမ်းမည်ဆိုသည်မှာ ကျိုးကြောင်းဆီလျော်သော ပကတိအရှိတရားပင် ဖြစ်ပါသည်။

ယခုအခါ မြန်မာ့အရေးကျွမ်းကျင်သူဆိုသူများနှင့် အနောက်နိုင်ငံမီဒီယာများက အကန့်အသတ်မရှိသော စစ်အုပ်ချုပ်ရေးကို ရည်ရွယ်ပြီး တပ်မတော်က အာဏာသိမ်းခဲ့သည်ဟု ပြောဆိုနေခြင်းမှာ မှန်ကန်မှုမရှိကြောင်း လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များကို ကြည့်ပါက အထင်အရှားတွေ့မြင်နိုင်ပါသည်။

## ပူးပေါင်းဆောင်ရွက်ခဲ့

ပြန်လည်သုံးသပ်လျှင် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း USDP အစိုးရနှင့် NLD အစိုးရတို့က ကျင်းပပေးခဲ့သည့် ရွေးကောက်ပွဲများကို ပြန်ကြည့်ပါက တပ်မတော်အနေဖြင့် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ NLD က မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲကိုလည်း တပ်မတော်အနေဖြင့် ကန့်ကွက်မှုမရှိခဲ့ဘဲ အရပ်သားအစိုးရ၏ အုပ်ချုပ်မှုကို လိုက်နာခဲ့သည်သာ ဖြစ်ပါသည်။

သို့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲသည် ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲနှင့် များစွာကွာခြားမှုရှိနေသည်ကို တွေ့ရှိရပါသည်။ လက်ရှိပဋိပက္ခသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် ပုံမှန်မဟုတ်သော ကြီးမားသည့် မဲမသမာမှုများကြောင့် ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ပါသည်။ သန့်ရှင်းမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် မဲမသမာမှုဖြစ်နိုင်ခြေရှိနေသည့် မဲစာရင်းများ ဖောင်းပွမှားယွင်းနေမှုများအား တပ်မတော်အနေဖြင့် တရားဝင်ကြေညာချက်များ အကြိမ်ကြိမ်ထုတ်ပြန်၍ ရှင်းလင်းတင်ပြခဲ့သည်ကို တွေ့ရှိရပါသည်။ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲပေးပိုင်ခွင့်ရှိသူ ၃၉.၂ သန်းတွင် မဲမသမာမှု ၁၀.၄ သန်းခန့် ဖြစ်ပေါ်နေသည်ကို အထောက်အထား စာရင်းဇယားများအရ တွေ့ရှိရပါသည်။ မြေပြင်အထောက်အထားများအရလည်း မဲမသမာမှု သံသယ ဖြစ်ဖွယ်အထောက်အထားများ၊ မဲစာရင်းမှားယွင်းမှုများနှင့် ရွေးကောက်ပွဲဥပဒေ ဖောက်ဖျက်ခဲ့မှုများကို ကျူးလွန်သူများကိုယ်တိုင် ဝန်ခံထွက်ဆိုချက်များကိုလည်း ဖော်ထုတ်တွေ့ရှိရပြီး ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သန်းခေါင်စာရင်းအရ ရွေးကောက်ပွဲကာလတွင် ရှိရမည့် မဲပေးပိုင်ခွင့်ရှိသူမှာ ၃၂ သန်းသာ ရှိသည့်အတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲပေးပိုင်ခွင့်ရှိသူ ၃၉.၂ သန်းနှင့် များစွာကွာဟမှုရှိနေသည်ကို တွေ့ရှိရပါသည်။

## ကြီးမားသည့် မဲမသမာမှုပြုလုပ်ထား

ထို့ကြောင့် မဲမသမာမှုအရေအတွက်မှာ မဲပေးခွင့်ရှိသူ၏ လေးပုံတစ်ပုံပမာဏခန့် ဖြစ်ပေါ်လျက်ရှိနေပြီး နေရာဒေသအသီးသီးတွင် ပုံမှန်မဟုတ်သော မဲစာရွက် အပို/အလို များရှိနေခြင်း၊ ထပ်မံပုံနှိပ်ထားသည့် အထောက်အထားများနှင့် စာရင်းဇယားမရှိသည့် မဲလက်မှတ်များ တွေ့ရှိနေခြင်း၊ မဲစာရင်းစာအုပ်လက်ခံဖြတ်ပိုင်းတွင် မဲပေးသူ၏ အချက်အလက်များ ဖြည့်သွင်းထားမှုမရှိခြင်းစသည့် ကြီးမားသည့် မဲမသမာမှုပြုလုပ်ထားသည့် အထောက်အထားများကို တွေ့ရှိခဲ့ရပါသည်။

တရားမျှတပြီး စစ်မှန်သည့် ရွေးကောက်ပွဲရလဒ်သည် ဒီမိုကရေစီစနစ်၏ အသက်သွေးကြောဖြစ်သဖြင့် ဤကဲ့သို့ ပမာဏ အလွန်များပြားပြီး ကြီးမားသော မဲမသမာမှုများ ဆောင်ရွက်သည့် ပြစ်မှုကျူးလွန်ခြင်းကို ကမ္ဘာပေါ်ရှိ မည်သည့်ဒီမိုကရေစီနိုင်ငံကမှ လုံးဝလက်ခံနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် တပ်မတော်နှင့် အခြားနိုင်ငံရေးပါတီများက ရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းမှားယွင်းနေမှုများနှင့် မဲမသမာမှုဖြစ်နိုင်သည့် သံသယဖြစ်ဖွယ် အခြေအနေများကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း လုပ်ဆောင်ပေးခဲ့ခြင်း မရှိပါ။ ထိုမှတစ်ဆင့် လွှတ်တော်အထူးအစည်းအဝေးနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ခေါ်ယူ၍ ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ ညှိနှိုင်းအဖြေရှာနိုင်ကြရန် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အစိုးရက ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းကို အကြိမ်ကြိမ်ငြင်းပယ်လျစ်လျူရှုခဲ့ပြီး လွှတ်တော်အသစ် ခေါ်ယူခြင်းနှင့် အစိုးရအသစ်ဖွဲ့ရန်သာ ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ တစ်ဖက်သတ်ဆောင်ရွက်ခဲ့မှုများက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေသို့ ရောက်ရှိစေပြီး တပ်မတော်ထံသို့ နိုင်ငံတော်တာဝန်ကို ခေတ္တလွှဲပြောင်း အပ်နှံခဲ့ရခြင်းဖြစ်ပါသည်။

ထိုဆောင်ရွက်ချက်မှာ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးရန်၊ ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်အတွက်သာ ရည်သန်ခဲ့ခြင်းဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ကြောင့်ပင် တပ်မတော်သားများ၊ တိုင်းရင်းသားနှင့် နိုင်ငံရေးခေါင်းဆောင်များ စုပေါင်းဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတစ်ရပ် ပေါ်ထွက်လာခဲ့ရပါသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင်လည်း ဒေသအလိုက် ဂုဏ်သိက္ခာရှိပြီး ကြည်ညိုလေးစားရသည့် အရပ်သားများကိုသာ ခေါင်းဆောင်များအဖြစ် ခန့်အပ်တာဝန်ပေးထားသဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို မည်မျှအလေးထားကြောင်း မြင်တွေ့နေရပါသည်။

## ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်

လက်ရှိအရေးပေါ်အခြေအနေကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းလက်ခံထားသော်လည်း စစ်အုပ်ချုပ်ရေးပြဋ္ဌာန်း ကျင့်သုံးခြင်းကို မတွေ့ရဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ထိန်းသိမ်းဆောင်ရွက်နေပြီး တစ်နှစ်မှ နှစ်နှစ်အတွင်း အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဖြစ်ကြောင်း အခိုင်အမာ ကြေညာထားပါသည်။ သို့သော်လည်း အဖျက်အမှောင့်ဆောင်ရွက်လိုသူများက ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာစေရန် နည်းလမ်းမျိုးစုံသုံး၍ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေကြကြောင်း တွေ့ရှိရသဖြင့် ဒီမိုကရေစီအရေး ငြိမ်းချမ်းစွာဆန္ဒပြရာမှ တစ်ပါတီအာဏာရှင်စနစ်ကဲ့သို့ ဆောင်ရွက်ခဲ့သည့် NLD အာဏာ ပြန်လည်ရရှိရေးကိုသာ ဦးတည်ဆောင်ရွက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း မင်းမဲ့စရိုက်ပုံစံ ဆူပူအကြမ်းဖက်မှုနှင့် အကြမ်းဖက် လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်လာကြပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရေးကိုသာ အဓိကလုပ်ဆောင်ခဲ့ကြပါသည်။

ထိုသို့ ဥပဒေကိုဖီဆန်သည့် မင်းမဲ့စရိုက်ဆန်သည့် လူစုလူဝေးဖြင့် အကြမ်းဖက်မှုများကို ထိန်းသိမ်းရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အနည်းဆုံးသောအင်အား အနိမ့်ဆုံးအဆင့်ဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေသော်လည်း ဥပဒေမဲ့အကြမ်းဖက်မှုများကြောင့် အချို့နေရာများတွင် နှစ်ဖက်စလုံးက မရှောင်လွှဲနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ ရှိခဲ့ပါသည်။ Gen Z ဟုခေါ်သည့် လူငယ်လူရွယ်ကလေးများသည် နောက်ကွယ်မှ မသမာသူများ ကြိုးကိုင်နေသည့် နိုင်ငံရေးကစားကွက်အတွင်း နယ်ရုပ်လေးများသဖွယ် အသုံးချခံနေရသည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများ ထိန်းသိမ်းဆောင်ရွက်မှုတွင် ရဲတပ်ဖွဲ့ဝင်အချို့ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ၎င်းတို့၏ မိသားစုဝင်များ အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်းများ ကြုံတွေ့ရလျက်ရှိပါသည်။

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားစေရန် ရည်ရွယ်သည့် CDM လှုပ်ရှားမှုသည်လည်း ခြိမ်းခြောက်၊ အကျပ်ကိုင်၊ ဖိအားပေးမှုများ၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများသို့ ပြောင်းလဲသွားပြီး Social Punishment ခေါင်းစဉ်ဖြင့် အပြစ်မဲ့ ဝန်ထမ်းများနှင့် သာမန်ပြည်သူများအား လူထုကြားတွင် အရှက်ရစေရန် မဖွယ်မရာ နည်းလမ်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်နေသည့်အပြင် လူစုလူဝေးနှင့် အနိုင်ကျင့်သတ်ဖြတ်သည့်အဆင့်အထိ လုပ်ဆောင်လာကြသည်ကို ရင်နင့်ဖွယ် တွေ့ရှိရပါသည်။ ထိုလုပ်ရပ်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မည်သည့်ဘာသာတရားကမျှ လက်မခံနိုင်သည့် ကိစ္စရပ်များဖြစ်သလို လူ့အခွင့်အရေးစံနှုန်းများကိုလည်း ဆိုးရွားစွာ ဖောက်ဖျက်ကျူးလွန်နေသည့် ကိစ္စရပ်များပင်ဖြစ်ပါသည်။

## ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့

လတ်တလော မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆူပူဆန္ဒဖော်ထုတ်မှုများကို လေ့လာကြည့်လျှင် အဆင့်(၅)ဆင့် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ပြီးနောက် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့ရာ ဖေဖော်ဝါရီလ ပထမအပတ်နှင့် ဒုတိယအပတ်တွင် ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ဆန္ဒဖော်ထုတ်မှုများကို ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest) အသွင်(ပထမအဆင့်)အနေဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဆန္ဒဖော်ထုတ်မှုများတွင် တပ်မတော်က အာဏာထိန်းသည်ကို မလိုလားသည့် လူတန်းစားပေါင်းစုံနှင့် NLD ပါတီထောက်ခံသူများ ပါဝင်ခဲ့ကြပါသည်။

*စာမျက်နှာ ၁၀ သို့*

**"အထူးသဖြင့် ကျင့်ဝတ်နှင့်မညီသော ဆရာဝန်များ၏ CDM လှုပ်ရှားမှုကြောင့် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိသည့်အတွက် ပြည်သူများ အလွန်အတိဒုက္ခရောက်လျက်ရှိကြပါသည်။ ထို့ကြောင့် တပ်မတော်မှဆရာဝန်များဖြင့် အစားထိုးဆောင်ရွက်နေရပြီး တပ်မတော်ဆေးရုံများတွင်လည်း ပြည်သူများအားလုံးအတွက် အခမဲ့ဆေးကုသပေးနေသည်ကို တွေ့ရှိရသည်။ အထက်ပါကိစ္စများ အပါအဝင် CDM လှုပ်ရှားမှုကြောင့် ဘဝပျက်ခဲ့ရသော ဝန်ထမ်းများ၏ ပကတိအခြေအနေမှန်ကို လူမှုကွန်ရက်စာမျက်နှာများ၊ ကျင့်ဝတ်နှင့်မညီသော မီဒီယာများက ဖုံးကွယ်ဖျောက်ဖျက်ထားခဲ့"**

*စာမျက်နှာ ၉ မှ*

ဖေဖော်ဝါရီလ ဒုတိယအပတ်နှင့် တတိယအပတ်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ (Peaceful Protest) သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရေးနှင့် NLD ပါတီအာဏာ ပြန်လည်ရရှိရေးကို ဦးတည်လာပြီး CDM လှုပ်ရှားမှုများနှင့်အတူ လူစုလူဝေးနှင့် ဆန္ဒဖော်ထုတ်မှုများကို ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Riots) အသွင်သို့ (ဒုတိယအဆင့်)အနေဖြင့် ပြောင်းလဲလုပ်ဆောင်လာခဲ့ကြပါသည်။ ထိုအဆင့်တွင် NLD ပါတီကို ထောက်ခံသူများ၊ နိုင်ငံရေးသမားများ၏ အသုံးချခံလူငယ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မလိုလားသည့် နိုင်ငံ့ဝန်ထမ်းများ ပါဝင်ခဲ့ကြပြီး CRPH ကဲ့သို့သော တရားမဝင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်လှုပ်ရှားလာကြပါသည်။

## လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်

ဖေဖော်ဝါရီလ နောက်ဆုံးသီတင်းပတ်မှစတင်ပြီး ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Riots) များသည် CRPH အဖွဲ့၏ ဦးဆောင်မှုဖြင့် NLD ပါတီဝင်များနှင့် နိုင်ငံတော်အစိုးရကို မလိုလားသည့် အဖျက်အမှောင့်သမားများ၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြသူလူငယ်အများစုကို ရှေ့တန်းတင်ပြီး မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) အသွင် (တတိယအဆင့်)သို့ ပြောင်းလဲလုပ်ဆောင် လာခဲ့ကြပါသည်။ ၎င်းအဆင့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရင်ဆိုင်ရန်ပြုတိုက်ခိုက်ခြင်း၊ ရဲစခန်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်း၊ CDM တွင်မပါဝင်သူများ၊ NLD ပါတီမထောက်ခံသူများကို Social Punishment ပြုလုပ်ခဲ့ကြပါသည်။

မတ်လဆန်းမှစတင်ပြီး CRPH အဖွဲ့ဝင်များ၊ NLD ပါတီဝင်များနှင့် NLD ထောက်ခံသူများ၏ နောက်ကွယ်မှ လှုံ့ဆော်ထောက်ပံ့မှုများကြောင့် မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးဖြင့် အကြမ်းဖက်ဆန္ဒပြသူ (Anarchy Mob) များသည် လမ်းများပိတ်ဆို့ခြင်း၊ ရုံးဌာနများအား ဖျက်ဆီးခြင်း၊ NLD ပါတီကို မထောက်ခံသူများအား လူစုလူဝေးဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တုံ့ပြန်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီး မင်းမဲ့စရိုက်ပုံစံ လူစုလူဝေး (Anarchy Mob) အသွင်မှ အကြမ်းဖက် အဖျက်လုပ်ငန်းလုပ်ဆောင်မှု (Violent Actions) အသွင် (စတုတ္ထအဆင့်)သို့ ပြောင်းလဲဆောင်ရွက်လာကြပါသည်။

မတ်လ ဒုတိယသီတင်းပတ်မှစတင်ပြီး NLD ထောက်ခံသူများနှင့် အကြမ်းဖက် အဖျက်သမားများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားအား ပျက်စီးစေရန် အကြမ်းဖက်အဖျက်လုပ်ငန်းများကို လုပ်ဆောင်ရာမှ ရရာလက်နက်စွဲကိုင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်ခြင်း၊ ရဲစခန်းများအား ဝင်ရောက်စီးနင်းခြင်း၊ စက်ရုံအလုပ်ရုံများအား မီးရှို့ဖျက်ဆီးလုယက်ခြင်း စသည့်အကြမ်းဖက်ပုန်ကန်မှု (Insurrection) အသွင်(ပဉ္စမအဆင့်)သို့ ပြောင်းလဲလုပ်ဆောင်လာခဲ့ကြပါသည်။ ၎င်းအဆင့်တွင် CRPH အဖွဲ့၏ လှုံ့ဆော်မှုကြောင့် NLD ပါတီကို တက်ကြွစွာထောက်ခံသူများသည် ကြေးစားလူမိုက်လူရမ်းကားများနှင့် မူးယစ်ဆေးစွဲသူများကို အခကြေးငွေပေးပြီး နိုင်ငံရေးရည်မှန်းချက်မဟုတ်သည့် နိုင်ငံတော်အလုံးစုံပျက်စီးရေးကို ရည်ရွယ်သည့် အဖျက်လုပ်ရပ်များ လုပ်ဆောင်လာကြပါသည်။ အချို့ဥပဒေဖောက်ဖျက်သူများနှင့် လူငယ်များသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်မှုများ ရှိနေပါသည်။ ထိုကိစ္စရပ်သည် ၁၉၈၈ ခုနှစ်အရေးအခင်းတွင် ဖြစ်ပွားခဲ့ပုံနှင့် အလားသဏ္ဌာန်တူပြီး ABSDF ကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု ထပ်မံပေါ်ပေါက်လာစေရန် တွန်းအားပေးသကဲ့သို့ဖြစ်နေပြီး နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ရှိသော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ထိုသို့ ဖြစ်ပွားစေရန် CRPH နှင့် NLD အမာခံများက အဓိကသွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ကြကြောင်းကို ဆိုရှယ်မီဒီယာများပေါ်၌ ၎င်းတို့၏ ရေးသားဖြန့်ဝေမှုများက သက်သေခံလျက်ရှိပါသည်။

ထိုသို့ ဆန္ဒပြမှုများသည် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများမှ တစ်ဆင့် အကြမ်းဖက်ပုန်ကန်ထကြွသည်အထိ အဆင့်ဆင့်ပြောင်းလဲလာမှုတွင် တတိယအဆင့်မှစတင်ပြီး အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူအများစုအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်း မရှိတော့ကြောင်း တွေ့ရှိရပါသည်။ NLD ပါတီဝင်နိုင်ငံရေးသမားများသည် ၎င်းတို့ အာဏာရရှိစေရန် ကျူးလွန်ခဲ့သည့်ပြစ်မှုများအား ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းလိုခြင်း မရှိသဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်အတွက် စိတ်ခံစားချက်ရှိသော ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်ပြီး နိုင်ငံတော်အလုံးစုံပျက်စီးစေမည့် နည်းလမ်းများကို တတိယအဆင့် (Riots) မှစတင်ပြီး ပဉ္စမအဆင့် (Insurrection) အဆင့်အထိ မြေပေါ်/မြေအောက် ချိတ်ဆက်လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပဉ္စမအဆင့် (Insurrection) သို့ ရောက်ရှိလာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တွင် မတ်လ ၁၄ ရက်မှ စတင်ပြီး Martial Law ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## Martial Law ထုတ်ပြန်ထား

ထိုသို့ ထုတ်ပြန်လိုက်ခြင်းကြောင့် ဆူပူအကြမ်းဖက်မှုများကို ထိရောက်စွာ ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် Martial Law ထုတ်ပြန်ထားသည့် မြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်ပါ တည်ငြိမ်အေးချမ်းမှုအခြေအနေများ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ပြည်သူများသည်လည်း မိသားစုဘဝလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် လူမှုရေး၊ ကျန်းမာရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် လမ်းပိတ်ဆို့မှုများကို ဖယ်ရှားရှင်းလင်းနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။ ပိတ်ဆို့တားဆီးထားမှုများကို ရှင်းလင်းနိုင်ခဲ့သည့်အတွက် ရပ်ကွက်၊ မြို့တွင်း ဈေးအသီးသီး၌ ပြန်လည်ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လာခဲ့ကြပြီး တစ်စတစ်စ တည်ငြိမ်အေးချမ်းမှု တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

လေ့လာတွေ့ရှိချက်အရ ဖေဖော်ဝါရီလ ၄ ရက်တွင် စတင်ဖြစ်ပွားခဲ့သော နိုင်ငံတစ်ဝန်း ဆူပူဆန္ဒပြမှုများသည် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ၅,၁၄၀,၅၈၅ ဦးခန့် (နိုင်ငံ့လူဦးရေ၏ ၉.၅၂၀ %) ဖြင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး Martial Law ထုတ်ပြန်ခဲ့ပြီးနောက် မတ်လ ၁၄ ရက်တွင် ဆန္ဒပြသူအင်အား ၁၅,၆၀၀ ဦးခန့် (နိုင်ငံ့လူဦးရေ၏ ၀.၀၂၉ %) ရှိခဲ့ရာမှ မတ်လ ၂၁ ရက်တွင် ၃,၂၅၀ ဦးခန့် (နိုင်ငံ့လူဦးရေ၏ ၀.၀၀၆ %) အထိ သိသိသာသာ လျော့ကျသွားပြီး တစ်နေ့ထက်တစ်နေ့ အကြမ်းဖက်ဆန္ဒပြမှုများ လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။ မြို့ကြီးအချို့တွင် အကြမ်းဖက်ဆန္ဒပြမှုများ ရှိနေသေးသော်လည်း တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူအများစု ပါဝင်ကြခြင်းမရှိတော့ဘဲ CRPH နှင့် NLD အမာခံ လူတစ်စု၏ ကြိုးဆွဲရာနောက်သို့ မျက်စိစုံမှိတ်လိုက်ပါပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် လုပ်ရပ်များလုပ်ဆောင်လိုသည့် လူနည်းစုသာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကျင့်ဝတ်နှင့်မညီသည့် မီဒီယာများ

သို့သော်လည်း ထိုအရှိတရားများနှင့် အချက်အလက်များကို ကျင့်ဝတ်နှင့်မညီသည့် မီဒီယာများ၏ သတင်းအမှောင်ချထားမှုကြောင့် ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတကာအသိုက်အဝန်းတွင်လည်း တစ်ဖက်တည်းကိုသာ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်သည့် သတင်းများကို Mainstream Media များမှတစ်ဆင့် ဖြန့်ဖြူးနေကြပါသည်။ Social Media များပေါ်တွင် သတင်းအမှားများနှင့် ၎င်းတို့ဖြစ်စေလိုသည့် သတင်းများကိုသာ တစ်ဖက်စောင်းနင်း ပုံဖျက်ထုတ်လွှင့်နေပြီး အမှန်တကယ် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများ၏ ဆန္ဒအမှန်များကို ဖုံးကွယ်လျက်ရှိပါသည်။

အထူးသဖြင့် ကျင့်ဝတ်နှင့်မညီသော ဆရာဝန်များ၏ CDM လှုပ်ရှားမှုကြောင့် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိသည့်အတွက် ပြည်သူများ အလွန်အတိ ဒုက္ခရောက်လျက်ရှိကြပါသည်။ ထို့ကြောင့် တပ်မတော်မှဆရာဝန်များဖြင့် အစားထိုးဆောင်ရွက်နေရပြီး တပ်မတော်ဆေးရုံများတွင်လည်း ပြည်သူများအားလုံးအတွက် အခမဲ့ဆေးကုသပေးနေသည်ကို တွေ့ရှိရသည်။ အထက်ပါကိစ္စများ အပါအဝင် CDM လှုပ်ရှားမှုကြောင့် ဘဝပျက်ခဲ့ရသော ဝန်ထမ်းများ၏ ပကတိအခြေအနေမှန်ကို လူမှုကွန်ရက်စာမျက်နှာများ၊ ကျင့်ဝတ်နှင့် မညီသော မီဒီယာများက ဖုံးကွယ်ဖျောက်ဖျက်ထားခဲ့ကြပါသည်။ ဤလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ် မှန်ကန်စွာသုံးသပ်မှုပျောက်ဆုံးစေပြီး မြန်မာနိုင်ငံကို နိုင်ငံရေးထောင်ချောက်အတွင်းသို့ မဟာဗျူဟာမြောက် တွန်းပို့နေမှုများသာ ဖြစ်ပါသည်။

နောက်ထပ်သုံးသပ်ရန်ရှိသည်မှာ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး အခန်းကဏ္ဍ ဖြစ်ပါသည်။ ကမ္ဘာ့ပညာရှင်များနှင့် မြန်မာ့အရေးကျွမ်းကျင်သူများ သိရှိပြီးသည့်အတိုင်း NLD အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး၏ ဆုံမှတ်၊ သို့မဟုတ် ပေါင်းကူးတံတားအဖြစ် မှတ်ယူနိုင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို NLD အစိုးရလက်ထက်တွင် တစ်ကြိမ်တစ်ခါမျှ ခေါ်ယူခဲ့ခြင်းမရှိပါ။ ထင်ရှားသည့် သာဓကမှာ NLD အစိုးရအနေဖြင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေသည့် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များတွင်ပင် တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှုကို လက်မခံခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုဖြစ်စဉ်များကို လေ့လာကြည့်လျှင် NLD အစိုးရသည် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ရသည့် ဒီမိုကရေစီအလေ့အကျင့်များနှင့် များစွာသွေဖည်နေသည်ကို တွေ့မြင်ရပါသည်။

ထိုသို့သွေဖည်နေသော်လည်း NLD အစိုးရသည် ၎င်းတို့အာဏာရရှိချိန်မှစတင်၍ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကိုက်ညီမှုမရှိသော အတွေးအခေါ် အယူအဆများ ကြီးထွားလာစေရန် ဆိုရှယ်မီဒီယာများမှတစ်ဆင့် အသုံးချဆောင်ရွက်ခဲ့ကြပါသည်။

**❖ တပ်မတော်အား မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍမှ ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် လွှတ်တော်အတွင်း တပ်မတော်သားကိုယ်စားလှယ်များ ရှိနေခြင်းကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုက အဆိုးမြင်စေရန် NLD ပါတီဝင်များက သွေးထိုးလှုံ့ဆော်ခဲ့ခြင်းများကြောင့် NLD အစိုးရသက်တမ်းကာလတစ်လျှောက် စစ်ဘက်- အရပ်ဘက် ဆက်ဆံရေးကင်းကွာခဲ့ရပြီး လက်ရှိအချိန်တွင် တပ်မတော်အပေါ် ပြည်သူအချို့က မုန်းတီးစိတ်များ ဖြစ်ပေါ်နေကြောင်း စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရ**

*စာမျက်နှာ ၁၁ သို့*

* *ကျောဖုံးမှ*

သွားရောက်၍ ပေါင်းစည်းလယ်ယာအတွင်းရှိ ဥစားကြက်မွေးမြူရေးခြံ၊ အသားတိုးကြက်မွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံနှင့် DYL ဝက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**အပြန်အလှန် ဆွေးနွေး**

ထို့နောက် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ (၃)ထပ် စာသင်ဆောင်သို့ သွားရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခြေလျင်တပ်စုမှူး သင်တန်းသား အရာရှိများအား တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအကြို မဲဆွယ်ကာလ၊ မဲပေးကာလနှင့် မဲပေးပြီးနောက်ပိုင်း ကာလတို့နှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနိုင်ရရှိခဲ့သည့် ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သော စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အနိုင်ရရှိခဲ့သည့် NLD ဦးဆောင်သည့် အစိုးရကာလအတွင်း ယခင်အစိုးရလက်ထက်တွင် ဖော်ဆောင်ခဲ့သည့် စီမံကိန်းများ ဆိုင်းငံ့ခြင်း၊ ပြန်လည်စိစစ်ခြင်းမှစ၍ စီးပွားရေးအကောင်အထည်ဖော်မှု နှောင့်နှေးခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ မျိုးချစ်စိတ်များ ညှိုးနွမ်းပျောက်ပျက်အောင် လုပ်ဆောင်လာမှု၊ Open Society Foundations များ အပါအဝင် NGO၊ INGO များမှတစ်ဆင့် သင်တန်းအမျိုးမျိုး ခေါင်းစဉ်အမျိုးမျိုး၊ ဆွေးနွေးပွဲ ဟောပြောပွဲအမျိုးမျိုးတို့ဖြင့် လူငယ်လူရွယ်များအပါအဝင် အလွှာပေါင်းစုံထံ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစရိုက် လက္ခဏာများ လျော့ပါးပျက်စီးလာအောင် ဆောင်ရွက်ခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ၌ မဲစာရင်းကြီးမားစွာ မှားယွင်းကာ မဲမသမာမှုဖြစ်သော ၁၀ ဒသမ ၄ သန်းအား တာဝန်ရှိသူ အဆင့်ဆင့်က ရှင်းလင်းပေးမှုမရှိဘဲ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူလာခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ တပ်မတော်က ထိန်းသိမ်းဆောင်ရွက်ခဲ့ရမှုတို့နှင့် ပတ်သက်မှုတို့အပေါ် သင်တန်းသား အရာရှိများနှင့် အပြန်အလှန် ဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြေလျင်တပ်စုမှူး သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**ထိန်းသိမ်းဆောင်ရွက်**

ဆက်လက်၍ တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်အား ထိန်းသိမ်းရယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်စဉ် ငြိမ်းချမ်းစွာဆန္ဒပြသည့်ကာလ၊ ခြိမ်းခြောက်အကျပ်ကိုင်သည့်ကာလ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့အား ပျက်ပြားစေရန် ရည်ရွယ်၍ မီးရှို့ဖျက်ဆီး သတ်ဖြတ်လာသည့်ကာလ၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ရရာလက်နက်စွဲကိုင် တိုက်ခိုက်လာသည့် ကာလတို့နှင့် ပတ်သက်၍လည်းကောင်း၊ အနောက်နိုင်ငံနှင့် မီဒီယာအချို့က ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုအဆင့်မှ ဆူပူအကြမ်းဖက်သူများအနေဖြင့် တရားမဝင်ငွေကြေးထောက်ပံ့မှုများ ရယူကာ မီးရှို့ဖျက်ဆီးသတ်ဖြတ်မှုဖြစ်စဉ်အထိ အဆင့်လိုက်ပြောင်းလဲလာခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် မျက်ကွယ်ပြုကာ ငြိမ်းချမ်းစွာဆန္ဒပြနေသည့် အပြစ်မဲ့ပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် သတ်ဖြတ်နေကြောင်း တစ်ဖက်သတ် စွပ်စွဲထုတ်ပြန်မှုတို့နှင့် ပတ်သက်၍ လည်းကောင်း သင်တန်းသားအရာရှိများ၏အမြင်၊ သဘောထားများကို အပြန်အလှန်ဆွေးနွေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သင်တန်းသားအရာရှိများအနေဖြင့် အတွေးအခေါ်ကြံဆမှုများအား အမြင်ကျယ်ကျယ်ဖြင့် လေ့လာမှတ်သားရန်၊ မိမိပတ်ဝန်းကျင်နှင့် လက်အောက်တို့အား အမှားနှင့်အမှန် ကွဲကွဲပြားပြားသိရှိ နိုင်ရေး လက်ဆင့်ကမ်း ဆွေးနွေးကြရန်တို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ဤလုပ်ရပ်များသည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များတွင် အခြေခံစိတ်ဓာတ်ဖြစ်သည့် “အမျိုး၊ ဘာသာ၊ သာသနာ”ကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ယိုင်နဲ့အောင် ကြံဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ လုပ်ဆောင်ချက်များကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ အုပ်စုများစိတ်ဝမ်းကွဲပြားလာကာ စည်းလုံးညီညွတ်မှု ပျက်ပြားလာခဲ့ကြပါသည်။

အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ “အမျိုးသားနိုင်ငံရေး”ကို တစိုက်မတ်မတ် ရပ်တည်ဆောင်ရွက်နေသည့် တပ်မတော်ကိုလည်း ဒီမိုကရေစီစံနှုန်းများအကြောင်းပြ၍ ထိုးနှက်မှုများ ဆောင်ရွက်လာခဲ့ကြပါသည်။ တပ်မတော်သည် အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် မရှိဟူသည့် NLD ၏ ကျိုးကြောင်းဆီလျော်မှုမရှိသည့် အကြောင်းပြချက်ဖြင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ခွင့်ပြုချက်အရ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေမှုအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် NLD က အစဉ်တစိုက် ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့ကြပါသည်။ ၎င်းအပြင် NLD အစိုးရလက်ထက် ၅ နှစ်တာကာလအတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို တစ်ကြိမ်တစ်ခါမှ ခေါ်ယူခဲ့ခြင်းမရှိခဲ့သလို လွှတ်တော်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုများအား ပယ်ချခဲ့သဖြင့် အစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အရေးများ၊ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ၌ တပ်မတော်၏ စွမ်းဆောင်နိုင်မှုများကို အသုံးချနိုင်မည့် အခွင့်အရေးများ ဆုံးရှုံးခဲ့ကြောင်း တွေ့မြင်ရပါသည်။ တစ်ဖက်တွင်လည်း လွှတ်တော်အတွင်း မဲအသာစီးရရှိထားမှု အခွင့်အရေးကို အသုံးချပြီး နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် တပ်မတော်အား မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍမှ ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် လွှတ်တော်အတွင်း တပ်မတော်သားကိုယ်စားလှယ်များ ရှိနေခြင်းကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုက အဆိုးမြင်စေရန် NLD ပါတီဝင်များက သွေးထိုးလှုံ့ဆော်ခဲ့ခြင်းများကြောင့် NLD အစိုးရသက်တမ်းကာလတစ်လျှောက် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကင်းကွာခဲ့ရပြီး လက်ရှိအချိန်တွင် တပ်မတော်အပေါ် ပြည်သူအချို့က မုန်းတီးစိတ်များ ဖြစ်ပေါ်နေကြောင်း စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရပါသည်။

**ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒကို ပြသလျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူ ၅ ချက်နှင့် ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ယခင်အတိုင်း ဆက်လက်ကျင့်သုံးနေပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒကို ပြသလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသ၏ မဟာဗျူဟာမြောက် အနေအထားတွင် တည်ရှိနေခြင်းကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုအကြားတွင် အမျိုးသားလုံခြုံရေးအတွက် ဘက်မလိုက်သော နိုင်ငံအဖြစ် ရပ်တည်သွားရန် လိုအပ်ပါသည်။ သို့သော်လည်း နိုင်ငံတကာဆက်ဆံရေးသည် သရုပ်မှန်ဝါဒအလိုအရ Power Politics ဖြစ်သည့်အတွက် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်လေးများသည် အင်အားကြီးနိုင်ငံများ၏ အဘက်ဘက်မှဖိအားပေးမှုများကို ရင်ဆိုင်နေကြရစမြဲဖြစ်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံတည်း ရပ်တည်ရင်ဆိုင်ရန် မဖြစ်နိုင်ဘဲ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုကြပါသည်။ မြန်မာနိုင်ငံအပေါ် ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် အရေးယူပိတ်ဆို့မှုများသည်လည်း ထိရောက်မှုမရှိဘဲ ဘေးထွက်ဆိုးကျိုးများနှင့် တန်ပြန်သက်ရောက်မှုများသာ ဖြစ်ပေါ်ခဲ့ကြောင်း သမိုင်းကသက်သေခံပြီးဖြစ်ပါသည်။ အပြန်အလှန်လေးစားမှု၊ နားလည်မှုများသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း ကောင်းမွန်သောဆက်ဆံရေး၊ သဟဇာတဖြစ်သည့်ဆက်ဆံရေး တည်ဆောက်မှုတိုင်းအတွက် အရေးကြီးဆုံးသော့ချက်များဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေးတွင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှအစပြု၍ တပ်မတော်သည် အစဉ်အလာအရ အခိုင်မာဆုံး၊ အင်အားအတောင့်တင်းဆုံး “Institution” တစ်ခုဖြစ်သည့်အတွက် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် မည်သို့မျှ ပစ်ပယ်ထားရန် မဖြစ်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

တပ်မတော်သည် ပြည်သူအများ လိုလားတောင့်တသော ပါတီစုံဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ပေးခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် ပါတီစုံဒီမိုကရေစီ၏အသက်ဖြစ်သော ပွင့်လင်းမြင်သာပြီး စစ်မှန်သည့် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသော အစိုးရတစ်ရပ်ကိုသာ လိုလားလျက်ရှိပါသည်။ ရိုးသားမှုမရှိသည့် နိုင်ငံရေး၊ စည်းကမ်းမရှိသည့် နိုင်ငံရေးဖြစ်ပါက ဒီမိုကရေစီ၏ အနှစ်သာရများ ပျက်သုဉ်းသွားမည်ဖြစ်သဖြင့် မဲမသမာမှုများ ကြီးမားစွာ ဖြစ်ပေါ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်များကို ပြန်လည်စိစစ်ခဲ့ခြင်း ဖြစ်ပါသည်။ ကြိုတင်ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်တာဝန်ကို ခေတ္တထိန်းသိမ်းခဲ့ခြင်း မဟုတ်သလို အစိုးရတစ်ရပ်ကို ဖြုတ်ချပြီး အာဏာသိမ်းခဲ့ခြင်းလည်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေကြေညာပြီး မလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ခြင်း ဖြစ်ပါသည်။

**အထောက်အပံ့ကောင်းများ ဖြစ်လာလိမ့်မည်**

ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူထားရချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို တိတိကျကျ ချမှတ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းကို ထိန်းကျောင်းတည့်မတ်ပေးလျက်ရှိပါသည်။ ဤဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံအား ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးတွင် အထောက်အပံ့ကောင်းများ ဖြစ်လာလိမ့်မည်ဟု ယုံကြည်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ လိုလားတောင့်တသည့် နိုင်ငံရေးစနစ်ကိုသာ အကောင်အထည်ဖော်ပေးရန် သန္နိဋ္ဌာန် အခိုင်အမာချမှတ်ထားပြီး ဖြစ်ပါသည်။ ပြည်သူအများစု မလိုလားသည့် စစ်အုပ်ချုပ်ရေးမဖြစ်စေလိုသဖြင့် နိုင်ငံတော်ကောင်စီတွင် အရပ်ဘက်ပုဂ္ဂိုလ်များအား ကောင်စီ၏ ဖွဲ့စည်းပုံထက်ဝက်ကျော် ထည့်သွင်းဖွဲ့စည်းထားကာ အရပ်ဘက်အုပ်ချုပ်ရေးကို တပ်မတော်အရာရှိကြီးများက ဝန်းရံထားပြီး ဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်ပါသည်။ အရေးပေါ်ကာလပြီးဆုံးချိန် တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပြီး ပြည်သူရွေးချယ်သည့် ပြည်သူ့အစိုးရစစ်စစ် ဖြစ်ပေါ်လာစေရေးအတွက် တပ်မတော်က မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ လတ်တလော နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စိတ်ရှည်သည်းခံစွာ အညင်သာဆုံး ထိန်းသိမ်းဆောင်ရွက်နေသလို နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်နိုင်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၄) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၂၄) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် လှမိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်က ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ် ချီးမြှင့်သည်။ **(ယာပုံ)** ဆက်လက်၍ စစ်ရာထူးခန့်ချုပ်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၄)တွင် တပ်မတော်(ကြည်း)မှ စစ်သည် ၁၃၅ ဦး၊ တပ်မတော်(ရေ)မှ စစ်သည် ခြောက်ဦး၊ တပ်မတော် (လေ)မှ စစ်သည် ခုနစ်ဦးနှင့် အရပ်သားဘွဲ့ရ နှစ်ဦး စုစုပေါင်း ၁၅၀ တို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကျောင်းဆင်း အရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရ ရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူ ၄၁၁ ဦး အထိရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ချောင်းမငယ်ဆည် ရေရှည်အသုံးပြုနိုင်ရန်နှင့် သစ်တောပြုန်းတီးမှုကိုကာကွယ်နိုင်ရန် သီးနှံသစ်တောရောနှောစိုက်ခင်းထူထောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သည် ယနေ့ နံနက်ပိုင်းက ချောင်းမငယ်ဆည်ရေသောက် ဧရိယာအတွင်း သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

### လိုအပ်ချက်များဆွေးနွေး

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နေပြည်တော် လယ်ဝေးမြို့မှ ၁၂ မိုင်ခန့်အကွာ ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံနှင့် ရုံးပင်သစ်တောကြိုးဝိုင်း ဧရိယာဝန်းကျင်ရှိ ပန်းညိုစမ်း၊ ကြိမ်ဖန်၊ အောင်းကြီးကုန်း၊ ရွာမ၊ ရွာသစ်၊ ကနစိုး၊ မဒေါ့ပင်၊ ပေတုန်းမြောင်၊ ကန်လှစသည့် ကျေးရွာ ကိုးရွာတွင် အိမ်ထောင်စု ၂၃၀၀ ကျော် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြရာ အဆိုပါ လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုလုပ်ကိုင် လာနိုင်ကြစေရန်နှင့် အခြား ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ မြေယာအသုံးပြုမှုအတွက် ဥပဒေနှင့်အညီ အသုံးပြုခွင့်ရရှိစေရန်၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးလာစေရန်နှင့် လယ်ယာသုံးစက်ကိရိယာအသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာစေရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများ၊ လူမှုရေး ကျန်းမာရေးဆိုင်ရာများကို မေးမြန်းဆွေးနွေးပြီး ချောင်းမငယ်ဆည် ဧရိယာအတွင်း သီးနှံသစ်တောရောနှောစိုက်ခင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်

နေပြည်တော်ဝန်းကျင် ခရီးသွားဝန်ဆောင်မှု တိုးတက်စေပြီး ဒေသဝန်းကျင် စိမ်းလန်းသာယာရေးကို အထောက်အကူပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးမွေးမြူရေးစနစ် ထွန်းကားလာစေရန်၊ စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်တို့ကို ရည်ရွယ်၍ ချောင်းမငယ်ဆည်ရေသောက်ဧရိယာတွင် သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

သီးနှံသစ်တော ရောနှောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် ဒေသနေပြည်သူများအနေဖြင့် ယင်းတို့နှစ်သက်ရာ နှစ်ရှည်သစ်ကြီးပင်များနှင့်အတူ ရာသီ သီးနှံပင်များ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်း တွဲဖက်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာနှင့်အကူအညီများကို စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး၊ ကျေးလက်လမ်းတံတားများ ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်ခြင်း အသစ်ဆောက်လုပ်ပေးခြင်းတို့ကိုလည်း သက်ဆိုင်ရာဌာနများက ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ချောင်းမငယ်ဆည် လုံခြုံဘေးကင်းရေးနှင့် ရေရှည်အသုံးပြုနိုင်ရန်၊ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန်၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းပေးနိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၁၀**

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအား ဧပြီ ၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ပုလဲအတွဲ ၃၁၇ တွဲကို ငွေကျပ် ၁၄၂၇ ဒသမ ၂၆ သန်း ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၁၉၅၅ တွဲကို ငွေကျပ် ၃၁၅၉၅ ဒသမ ၇၉ သန်းဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲ ၅၂ တွဲကို ငွေကျပ် ၄၂၅ ဒသမ ၈ သန်းဖြင့် လည်းကောင်း ရောင်းချခဲ့ရသည်။

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲဒသမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်း အတွဲအမှတ် ၁၈၀၁ မှ အတွဲအမှတ် ၂၁၄၈ အထိ ကျောက်စိမ်းအတွဲ ၃၄၈ တွဲတွင် ကျောက်စိမ်းအတွဲ ၃၄၇ တွဲကို ငွေကျပ် ၇၃၁၁၀၇၆၀၄၄ ဖြင့် ရောင်းချခဲ့ရသည်။




"အခုလို ကိုဗစ်ကာလမှာ ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေ ငွေကြေးလည်ပတ်မှုရှိစေဖို့နဲ့ ကျောက်စိမ်းကို အမှီပြုလုပ်ကိုင်ရတဲ့ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းတွေအတွက် ကျောက်စိမ်းအရိုင်းလိုအပ်မှု ဖြည့်ဆည်းနိုင်ဖို့နဲ့ အဲဒီလုပ်ငန်းတွေမှာလုပ်ကိုင်နေတဲ့ လုပ်သားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေချောမွေ့စေဖို့၊ စားဝတ်နေရေးပြေလည်စေဖို့ ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။

"အခုရောင်းချပွဲကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့အညီ ကျင်းပခြင်းလည်းဖြစ်တယ်။ Social Distancing နဲ့ အညီ ကျင်းပတာဖြစ်တဲ့အတွက် ယခင်ကျင်းပခဲ့တဲ့ ပြသရောင်းချပွဲတွေထက် လာရောက်ကြည့်ရှုဝယ်ယူသူတွေ အနည်းငယ်နည်းပါတယ်။ ဒါပေမယ့် ရောင်းချရမှုအပိုင်းမှာတော့ ယခင်ပွဲတွေထက် မနည်းပါဘူး။ အောင်မြင်တဲ့ပြသရောင်းချပွဲတစ်ပွဲဖြစ်ပါတယ်" ဟု မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ယခု ရောင်းချပွဲကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကာ ပုလဲအတွဲ ၃၁၇ တွဲတွင် ၃၁၇ တွဲ စလုံး ရောင်းချခဲ့ရပြီး ကျောင်စိမ်းအတွဲ ၂၁၄၈ တွဲတွင် ၁၉၅၅ တွဲနှင့် ကျောက်မျက်အတွဲ ၁၉၉ တွဲတွင် ၅၂ တွဲ ရောင်းချခဲ့ရခြင်းဖြစ်သည်။

"ကိုဗစ် -၁၉ စည်းကမ်းတွေနဲ့ ပြသရောင်းချပွဲဖြစ်တာကြောင့် ယခင် ပြသရောင်းချပွဲတွေထက် လူဝင်ရောက်မှု အနည်းငယ်လျော့နည်းတာ တွေ့ရတယ်။ ပုလဲအတွဲတွေ၊ ကျောက်မျက်အတွဲတွေနဲ့ ကျောက်စိမ်းအတွဲတွေ ရောင်းချရမှုတွေအရ အောင်မြင်တဲ့ ရောင်းချပွဲဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ ပြည်တွင်းမှာ အချောထည်အဖြစ် အသုံးပြုဖို့အပြင် ပြည်ပကို ပြန်လည်ရောင်းချဖို့ အရည်အသွေးမီတဲ့ ကျောက်တွေလည်း ပါတာတွေ့ရတယ်။ ဒီပြပွဲကို လာရောက်ကြည့်ရှုဝယ်ယူရတာ အစစအရာရာ အခက်အခဲမရှိ အဆင်ပြေချောမွေ့ပါတယ်။ ကျွန်တော်ဝယ်ယူခဲ့တဲ့ ရတနာပစ္စည်းတွေနဲ့ပတ်သက်ပြီး အမြတ်အစွန်းရမယ်လို့ ယုံကြည်တယ်" ဟု ရတနာကုန်သည်တစ်ဦးက ပြောသည်။

**နိုင်လင်း**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ရှစ်သိန်းခွဲကျော်အထိရောက်ရှိလာ

**မနီလာ မေ ၁၀**
ဖိလစ်ပိုင်နိုင်ငံတွင် မေ ၁၀ ရက်၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၂၆၇၄ ဦးတိုးလာခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၅၃၂၀၉ ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၂၂၅ ဦး ထပ်မံသေဆုံးခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၄၇၄၄ ဦး တိုးလာကြောင်း ကျန်းမာရေးဌာနက ဆက်လက်ဖော်ပြလိုက်သည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၉၀၂၄၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံဖော်ပြလိုက်သည်။ လူဦးရေ ၁၁၀ သန်းနေထိုင်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့် ဇန်နဝါရီလမှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၀ သန်းနီးပါး ပြုလုပ်ခဲ့ပြီးဖြစ်သည်။

မတ်လ ၂၉ ရက်က အစိုးရသည် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခြင်းကို ဖိနှိပ်ရန် မြို့တော်မနီလာနှင့် အိမ်နီးချင်းပြည်နယ် လေးခုဖြစ်သော လာဂူနာ၊ ဘူလာကန်၊ ကာဗိုက်နှင့် ရီဇယ်တို့ကို ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။

အတင်းကျပ်ဆုံး သီးသန့်ကန့်သတ်စောင့်ကြည့်မှု အဆင့်သည် လာမည့်တနင်္ဂနွေနေ့တွင် ပြီးဆုံးမည်ဖြစ်သည်။ အစိုးရသည် သီတင်းပတ် နှစ်ပတ်ကြာတင်းကျပ်သည့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးလျှင် ကောင်းမည်လောသို့မဟုတ် ဆက်လက်ကျင့်သုံးလျှင် ကောင်းမည်လောဆိုသည်ကို ဆုံးဖြတ်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၃၁၀ ရှိကြောင်း ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ ကိုဗစ်-၁၉ စစ်ဆေးရာနေရာတွင် ကိုဗစ်-၁၉ စစ်ဆေးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာရယူနေသည်ကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ သေဆုံးမှုအများဆုံးနေ့အဖြစ် စံချိန်တင်

**ဒါကာ မေ ၁၀**
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ သေဆုံးမှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

မေ ၉ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၇ ဦး ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံးမှ မေ ၁၀ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၉၆၆၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မေ ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၃၄၃ ဦး ရှိခဲ့ရာ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၇၈၉၃၇ ဦးအထိ တိုးလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု ၂၆၀၇၇ ခုကို ပြုလုပ်ခဲ့သည်။

မေ ၉ ရက်က ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီးနောက် ဆေးရုံမှ ဆင်းလာသူ ၃၈၃၇ ဦးအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၇၂၃၇၈ ဦး အထိရှိလာကြောင်း သိရသည်။

တရားဝင် သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးသည့် ပမာဏသည် ၁ ဒသမ ၄၂ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကောင်းမွန်လာသည့် ပမာဏမှာ ၈၄ ဒသမ ၃၀ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်း မေ ၇ ရက် က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၂၆ ဦးဖြင့် တစ်နေ့အတွင်း အမြင့်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဖြစ်ခဲ့သည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ သုံးသိန်းလေးသောင်းကျော်ရှိလာ

**ဆော်ပေါ်လို မေ ၁၀**
ဘရာဇီးနိုင်ငံတွင် မေ ၈ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၃၃၁၇ ဦးနှင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၆၉၃ ဦးရှိလာခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၃၇၃၁၇၄ ဦးရှိခဲ့ပြီး သေဆုံးသူ ၃၄၈၇၁၈ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ မေ ၉ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသောကြောင့် ပြည်နယ်ပေါင်း ၁၉ ပြည်နယ်နှင့် မြို့တော်ဘရာဆီးလီးယားရှိ ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပြိုလဲခဲ့ကြောင်း၊ အထူးကြပ်မတ်ကုသဆောင်ရှိ ဆေးရုံခုတင်ပေါင်း ၉၀ ရာခိုင်နှုန်းသည်လည်း လူနာများဖြင့် ပြည့်နေပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ခုနစ်ရက်အတွင်း ကိုဗစ်-၁၉ ကြောင့် နေ့စဉ်ပျမ်းမျှ သေဆုံးမှုသည် ၂၉၃၀ ဦးအထိ တိုးလာပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်ပွားခဲ့သည့် ဆော်ပေါ်လိုနှင့် ရီယိုဂရန်ဒီဒိုဆေးတွင် ကန့်သတ်ချက်များကို စတင်ဖြေလျှော့ပေးလိုက်ပြီဖြစ်သည်။

ယခုအချိန်အထိ နိုင်ငံအတွင်း လူပေါင်း ၂၂၁၇၀၁၀၈ ဦး သို့မဟုတ် စုစုပေါင်းလူဦးရေ၏ ၁၀ ဒသမ ၄၇ ရာခိုင်နှုန်း ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးကြောင်း သိရသည်။

**ဆင်ဟွာ**



ဘရာဇီးနိုင်ငံ ဆန်တိုအန်ဒရီရှိ အားကစားခန်းမတွင် ပြုလုပ်ထားသော ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူများကို စောင့်ရှောက်ကုသပေးမှု တွေ့ရစဉ်။

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၁၀ ထပ်တိုး

**ကွာလာလမ်ပူ မေ ၁၀** - မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၁၀ ဦးထပ်တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၅၉၁၁၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၀ ရက်တွင် ပြောကြားလိုက်သည်။ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နော်ဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ငါးဦးမှာ ပြည်ပ ကူးစက်မှုဖြစ်ပြီး ၁၅၀၅ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ရှစ်ဦးရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၃၂၁ ဦးရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ နောက်ထပ် ၁၂၄၈ ဦးရှိလာခဲ့သည်။ ၁၉၄ ဦးကို အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသပေးလျက်ရှိသည်။ ၎င်းတို့အနက် ၈၁ ဦးသည် အသက်ရှူအထောက်အကူလိုအပ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူများအား တွေ့ဆုံထောက်ပံ့



နေပြည်တော် ဧပြီ ၁၀

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကော်မတီဝင်များဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့်အတူ ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှစစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းသန်း၊ ဦးသန်းထွန်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့မှ မြောက်ဦးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မီးဘေးသင့် တိမ်ညိုတိုက်ပွဲရှောင်စခန်းမှ စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံသည်။

### တိုက်တွန်းလိုကြောင်း ပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ယခင်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ခဲ့သော်လည်းလုပ်ငန်းများပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိလာကြသူများအနက် နေရပ်မပြန်လိုသေးသူများအတွက် မီးဘေးသင့်ခဲ့သည့် ယာယီစခန်းများကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ပြီး၊ မိမိတို့၏ မူရင်းနေရပ်များသို့ ပြန်မည့်သူများအား ဦးစားပေး၍ ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ လတ်တလော ရိက္ခာလိုအပ်ချက်များ ထောက်ပံ့ပေးပြီး၊ အသက်မွေးဝမ်းကျောင်းအတွက်လည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်၍ ဤအခွင့်အရေးကို လက်မလွှတ်စေဘဲရယူကြဖို့ တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### နေရပ်များတွင် ပြန်လည်အခြေချနေထိုင်

ဆက်လက်၍ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက လက်ရှိအချိန်တွင် တိုက်ပွဲများမရှိတော့ဘဲ အေးချမ်းတည်ငြိမ်နေပြီဖြစ်၍ မိမိတို့ဆန္ဒနှင့်အညီ နေရပ်သို့ ပြန်မည့်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီတို့၏ အစီအစဉ်ဖြင့် ဆန်ရိက္ခာ သုံးလစာနှင့် အခြားသောထောက်ပံ့မှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုဒုက္ခရောက်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနေကြောင်း၊ အရေးပေါ်လိုအပ်ချိန်များတွင်လည်း နိုင်ငံအနှံ့ ဖြန့်ခွဲထားသည့်နေရာများမှ အချိန်နှင့် တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်စဉ်တွင် ပူပန်နေရသည့် လူမှုရေးဆုံးရှုံးမှုဒုက္ခများကို ပပျောက်စေရေးအတွက် မိမိတို့၏ နေရင်းဒေသများသို့ ပြန်လည်နေထိုင်လုပ်ကိုင်ကြခြင်းသည်သာ မိမိတို့အတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မိမိတို့၏ ရခိုင်ပြည်နယ်တစ်ခုလုံးသည် လက်ရှိအချိန်တွင် တည်ငြိမ်အေးချမ်းလုံခြုံနေပြီဖြစ်၍ မိမိတို့၏နေရပ်များတွင် ပြန်လည်အခြေချနေထိုင်ကြပြီး လူမှုစီးပွားတိုးတက်အောင် ပြန်လည်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း အသီးသီးပြောကြားခဲ့သည်။

ထို့နောက် တိမ်ညိုတိုက်ပွဲရှောင်စခန်းမှ ကိုယ်စားလှယ်များက ၎င်းတို့ လတ်တလောကြုံတွေ့နေရမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က မီးဘေးသင့် တိမ်ညိုတိုက်ပွဲရှောင်စခန်းနေသူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ထောက်ပံ့မှုများကို စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များသို့ ပေးအပ်ခဲ့ပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

### အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ အမ်းမြို့သို့ ရောက်ရှိခဲ့ကြပြီး ရွှေအမ်းတောင်ခန်းမတွင် အမ်းမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကား အသီးသီး ပြောကြားသည်။

### ဖြည့်စွက်ရှင်းလင်းပြောကြား

ထို့နောက် အမ်းမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ကိုယ်စားလှယ်များက ၎င်းတို့လတ်တလောကြုံတွေ့နေရမှုအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်ဖြူမြို့၊ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိခဲ့ကြသည်။ အဆိုပါ ခရိုင်အုပ်ချုပ်ရေးခန်းမတွင် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်း ကော်မတီဝင်များ၊ စခန်းနေသူ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကားအသီးသီး ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး မင်းသန်းက ကျောက်တစ်လုံး IDP စခန်း ရွှေ့ပြောင်းပိတ်သိမ်းမည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်တစ်လုံး IDP စခန်းမှ စခန်းကြီးကြပ်ရေးကော်မတီဝင်များ၊ စခန်းနေသူကိုယ်စားလှယ်များက ပြောင်းရွှေ့နေရာချထားရာတွင် ဆောင်ရွက်ပေးစေလိုသည့် အချက်များအား တင်ပြခဲ့ကြသည်။

### ပြန်လည်ထွက်ခွာ

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ထောက်ပံ့မှုများအား ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စုရှိ ကျောက်တစ်လုံး IDP စခန်း၏ လက်ရှိအခြေအနေနှင့် ရွှေ့ပြောင်းနေရာချထားမည့်နေရာ၏ အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး IDP စခန်းပိတ်သိမ်း၍ ရွှေ့ပြောင်းနေရာချထားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာသည်။

### ထောက်ပံ့ပေး

ခရီးစဉ်အတွင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ယာယီခိုလှုံရာစခန်းနေသူများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားကုန်များနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဆီ နှစ်လီတာ၊ ပဲ နှစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ ကြက်သွန်ဖြူ ၅၀ ကျပ်သား၊ ကာဘော်လစ်နှင့် ရွှေဝါဆပ်ပြာ၊ ဆပ်ပြာမှုန့်ထုပ်တို့ကို ထောက်ပံ့ပေးခဲ့ရာ မြောက်ဦးမြို့နယ် မီးဘေးသင့် တိမ်ညိုတိုက်ပွဲရှောင်စခန်းနေသူ အိမ်ထောင်စု ၈၇၅ စုအတွက် ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၁၁၇၁၆၂၅၀၊ အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း သုံးခုမှ အိမ်ထောင်စု ၅၁၇ စုအတွက် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၇၃၃၆၂၃၀၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းမှ အိမ်ထောင်စု ၃၆၃ စုအတွက် ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၄၀၆၁၉၇၀၊ စစ်တွေမြို့ရှိ IDP စခန်း ၃၀ မှ အိမ်ထောင်စု ၁၀၈၈ စုအတွက် ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၁၄၅၆၈၃၂၀၊ စုစုပေါင်း ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၃၇၆၈၂၇၇၀ ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက မီးဘေးသင့်တိမ်ညိုတိုက်ပွဲရှောင်စခန်းနေသူများအတွက် ငွေကျပ် ၁၀၀၀၀၀၀၊ အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းနေသူများအတွက် ငွေကျပ် ၅၀၀၀၀၀၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းနေသူများအတွက် ငွေကျပ် ၅၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအနေဖြင့် မူရင်းနေရပ်များသို့ ပြန်မည့်သူများအနက် နေအိမ်ဆောက်လုပ်ပေးရန် လိုအပ်သူများ၊ နေအိမ်ပြုပြင်ရန် လိုအပ်သူများစာရင်းကို စနစ်တကျ ပြုစု၍ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လတ်တလော ရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သည်များ ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးအဆင့်အလိုက် အလျင်အမြန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁၀**

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၀–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉–၅–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀–၅–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ်(၄)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၃,၀၇၈) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၇၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၅၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၀-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၀၂၇၇၂ | ၂၆၃၄၆၇၆၆ | ၅၇၄၈၄၀ |
| ၂။ | ဘရာဇီး | ၁၅၃၇၅၄၁၄ | ၁၃၇၉၁၈၈၅ | ၃၄၈၉၃၄ |
| ၃။ | အိန္ဒိယ | ၁၃၂၀၅၉၂၆ | ၁၁၉၉၀၈၅၉ | ၁၆၈၄၆၇ |
| ၄။ | ပြင်သစ် | ၄၉၈၀၅၀၁ | ၃၀၃၆၃၉ | ၉၈၃၉၅ |
| ၅။ | ရုရှား | ၄၆၃၂၆၈၈ | ၄၂၅၈၂၇၉ | ၁၀၂၆၄၉ |
| ၆။ | ဗြိတိန် | ၄၃၆၅၄၆၁ | ၃၉၅၇၃၁၇ | ၁၂၇၀၄၀ |
| ၇။ | တူရကီ | ၃၇၄၅၆၅၇ | ၃၂၆၈၆၇၈ | ၃၃၄၅၄ |
| ၈။ | အီတလီ | ၃၇၃၆၅၂၆ | ၃၀၈၆၅၈၆ | ၁၁၃၅၇၉ |
| ၉။ | စပိန် | ၃၃၄၇၅၁၂ | ၃၀၉၅၉၂၂ | ၇၆၃၂၈ |
| ၁၀။ | ဂျာမနီ | ၂၉၇၄၁၁၀ | ၂၆၆၁၅၀၀ | ၇၈၆၈၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၆၂၈၆၈ | ၁၄၀၉၂၈၈ | ၄၂၄၄၃ |
| ဖိလစ်ပိုင် | ၈၅၃၂၀၉ | ၆၄၈၂၂၀ | ၁၄၇၄၄ |
| မလေးရှား | ၃၅၉၁၁၇ | ၃၄၂၇၃၇ | ၁၃၂၁ |
| မြန်မာ | ၁၄၂၅၇၆ | ၁၃၁၈၅၃ | ၃၂၀၆ |
| စင်ကာပူ | ၆၁၀၆၃၃ | ၆၀၃၀၄ | ၃၀ |
| ထိုင်း | ၁၁၆၅၈ | ၂၈၁၆၁ | ၉၇ |
| ကမ္ဘောဒီးယား | ၄၀၈၁ | ၂၀၈၀ | ၂၆ |
| ဗီယက်နမ် | ၂၆၉၂ | ၂၄၂၉ | ၃၅ |
| ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| လာအို | ၄၉ | ၄၇ | ၀ |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများ၊ ပညာရေးဒီဂရီကောလိပ်နှင့် တက္ကသိုလ်သို့ သွားရောက်လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး၊ ပုသိမ်ပညာရေး ဒီဂရီကောလိပ် တာဝန်ခံ ကျောင်းအုပ်ကြီး၊ ပုသိမ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ သက်ဆိုင်ရာ တာဝန်ရှိသူများအတူ ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်း၊ ပညာရေးဒီဂရီ ကောလိပ်နှင့် ပုသိမ်တက္ကသိုလ်များ သို့သွားရောက်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



### ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိရန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့်တွေ့ဆုံစဉ် ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဥပဓိရုပ်ကောင်းမွန်သည့် ကျောင်းများတွင် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် အချိန်မီ ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းနံရံများ သန့်ရှင်းသပ်ရပ်ရေး ဦးဆောင်လမ်းပြ ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် စာရွက်စာတမ်းများကိုလည်း ကြော်ငြာသင်ပုန်းများ တွင်သာ စနစ်တကျကပ်သည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့တင်ပြစေလိုပါကြောင်း၊ ဆရာ ဆရာမ လိုအပ်ချက်များ၊ တိုင်းဒေသကြီးအတွင်း (B.Ed) ပညာရေးဘွဲ့သင်တန်းမတက် ရသေးသည့် အလယ်တန်းပြ ဆရာ ဆရာမများ၊ လုပ်သက်ရင့် မူလတန်းကျောင်းအုပ်များ စာရင်းပြုစု တင်ပြပေးရန်နှင့် ဆရာ ဆရာမများ၏ ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### နိုင်ငံရေးကင်းရှင်းစွာထမ်းဆောင်

မေ ၂ ရက်တွင် တက္ကသိုလ်များ၏ နွေရာသီ အားလပ်ရက် ကုန်ဆုံးမည်ဖြစ်သဖြင့် မေ ၃ တွင် ဆရာ ဆရာမများအားလုံး တာဝန်ပြန်လည် ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မေ ၅ ရက်မှစ၍ တက္ကသိုလ်များတွင် စတုတ္ထနှစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ သင်ကြား / စီမံဌာနများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ နည်းပြ/ သရုပ်ပြရာထူးများအတွက် လျှောက်လွှာခေါ်ယူ ထားပြီးဖြစ်ရာ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေး ရေးအတွက် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ပါ ကြောင်း၊ တက္ကသိုလ်များတွင် B.A(Law) နှင့် B.A (Eco) အထူးပြုသင်တန်းများ ဖွင့်လှစ်သင်ကြားရေး အတွက် စီစဉ်လျက်ရှိသဖြင့် ပြင်ဆင်ထားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ပညာရေးမိသားစုများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ထမ်းဆောင်ရမည့် တာဝန် များကို နိုင်ငံရေးကင်းရှင်းစွာဖြင့် ထမ်းဆောင်ရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဌာနမှကင်းကွာနေသော ဆရာ/ဆရာမ၊ ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်တာဝန်ထမ်းဆောင်လာပါက နွေးထွေးစွာ ကြိုဆိုလက်ခံပေးကြရမည်ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဲရုံ ၂၀၆ ရုံ | ၄၁၂၆၃၁ | ၃၄၈၂၄၃ | ၂၆၈၁၄၁ | ၂၁၁ | ၆၆၄၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မဲရုံ ၅၅ ရုံ | ၅၇၄၆၅ | ၄၉၁၄၃ | ၄၇၄၆ | ၃၄၈ | ၅၇၆၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၆၁ ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၀၅၂၆၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၇၉၄၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၇၃၁၆၊ မြေပြင်လက်ကျန် ၁၆၂၉၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၅၁၉၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၉၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ပဲခူးမြို့နယ် | ၂၀၆ | ၄၄၁၇၃၁ | ၂၈၂၄၅၀ | ၁၅၉၂၈၁ | ၁၄၅၆၁၅ | ၁၄၃၀၁ | ၆၃၅ |
| ၂ | ဇီးကုန်းမြို့နယ် | ၅၅ | ၆၃၅၃၀ | ၄၅၄၉၅ | ၁၈၀၃၅ | ၁၇၂၉၆ | ၈၉၅ | ၁၅၆ |
| | စုစုပေါင်း | ၂၆၁ | ၅၀၅၂၆၁ | ၃၂၇၉၄၅ | ၁၇၇၃၁၆ | ၁၆၂၉၁၁ | ၁၅၁၉၆ | ၇၉၁ |

**ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် မဲရုံပေါင်း ၂၀၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၁၇၃၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၂၄၅၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၁၄၃၀၁ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၆၃၅ စောင်ကို တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၄၁၇၆၅၀ | ၂၇၇၁၁၀ | ၁၄၀၅၄၀ | ၁၂၇၀၇၄ | ၁၄၁၀၁ | ၆၃၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၃၄၇ | ၅၃၄၀ | ၇ | | ၇ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၇၃၄ | | ၁၈၇၃၄ | ၁၈၅၄၁ | ၁၉၃ | |
| | စုစုပေါင်း | ၄၄၁၇၃၁ | ၂၈၂၄၅၀ | ၁၅၉၂၈၁ | ၁၄၅၆၁၅ | ၁၄၃၀၁ | ၆၃၅ |

၆။ ပဲခူးမြို့နယ်တွင် မဲရုံ ၂၀၆ ရုံ ရှိသည့်အနက် မဲရုံ ၃၆ ရုံတွင် အပိုမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရပြီး မဲရုံ ၇၄ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရပါသည်။ အပို/ပျောက်ဆုံး စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြို့သစ်ရပ်ကွက် | ၄ | ၈၆၀၀ | ၅၈၀၁ | ၂၇၉၉ | ၂၇၉၉ | | |
| ၂ | ဟံသာဝတီရပ်ကွက် | ၃ | ၃၉၅၀ | ၂၇၃၃ | ၁၂၁၇ | ၁၁၆၇ | ၅၀ | |
| ၃ | မြို့တွင်းကြီးရပ်ကွက် | ၂ | ၅၂၀၀ | ၃၇၃၂ | ၁၄၆၈ | ၁၄၆၈ | | |
| ၄ | ဗိုလ်ကုန်းရပ်ကွက် | ၂ | ၅၅၀၀ | ၃၆၉၄ | ၁၈၀၆ | ၁၈၀၆ | | |
| ၅ | ဟသ်ာကုန်းရပ်ကွက် | ၄ | ၉၃၀၀ | ၅၂၆၆ | ၄၀၃၄ | ၃၀၃၄ | ၁၀၀၀ | |
| ၆ | နန်းတော်ရာရပ်ကွက် | ၁၂ | ၂၈၉၅၀ | ၁၅၄၇၂ | ၁၃၄၇၈ | ၉၈၂၈ | ၃၆၅၀ | |
| ၇ | ရှင်စောပုရပ်ကွက် | ၄ | ၉၁၅၀ | ၆၅၅၁ | ၂၅၉၉ | ၂၅၉၉ | | |
| ၈ | လိပ်ပြာကန်ရပ်ကွက် | ၂ | ၃၉၅၀ | ၂၆၈၂ | ၁၂၆၈ | ၁၂၆၈ | | |
| ၉ | ပုဏ္ဏားစုရပ်ကွက် | ၄ | ၉၆၀၀ | ၆၈၁၈ | ၂၇၈၂ | ၂၃၈၂ | ၄၀၀ | |
| ၁၀ | ဘုရားကြီး(၁)ရပ်ကွက် | ၂ | ၄၈၅၀ | ၃၁၆၁ | ၁၆၈၉ | ၁၆၈၉ | | |
| ၁၁ | ဘုရားကြီး(၂)ရပ်ကွက် | ၂ | ၃၉၅၀ | ၂၇၇၆ | ၁၁၇၄ | ၁၁၂၄ | ၅၀ | |
| ၁၂ | ဘုရားကြီး(၃)ရပ်ကွက် | ၂ | ၅၅၅၀ | ၃၈၄၃ | ၁၇၀၇ | ၁၁၅၇ | ၅၅၀ | |
| ၁၃ | ဇောင်းတူကျေးရွာအုပ်စု | ၅ | ၈၀၅၀ | ၅၆၂၁ | ၂၄၂၉ | ၂၄၇၉ | | ၅၀ |
| ၁၄ | ဇီးတောကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၈၄၅ | ၉၀၅ | ၁၀၀၅ | | ၁၀၀ |
| ၁၅ | တမာပင်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၅၀ | ၅၀၀ | ၄၀၀ | ၁၀၀ | |
| ၁၆ | ကမ်းမြင့်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၂၄ | ၅၇၆ | ၅၇၆ | | |
| ၁၇ | အဆိပ်တောင်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၉၁၃ | ၈၈၇ | ၈၈၇ | | |
| ၁၈ | ဝါးပြန်ကုန်းကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၃၇၂ | ၆၇၈ | ၆၇၈ | | |
| ၁၉ | သရက်ကုန်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၁၂၃ | ၄၇၇ | ၄၇၇ | | |
| ၂၀ | ထန်းတောကြီးကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၈၆၅ | ၉၈၅ | ၉၈၅ | | |
| ၂၁ | သံစို့ပင်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၆၇၂ | ၆၇၈ | ၆၇၈ | | |
| ၂၂ | အောက်ကမ္ဘာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၄၂ | ၂၅၈ | ၂၅၈ | | |
| ၂၃ | စစ်ပင်ဆိတ်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၆၆ | ၃၈၄ | ၃၈၄ | | |
| ၂၄ | ဘောနတ်ကြီးကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၂၂၇၈ | ၁၄၂၂ | ၁၃၇၂ | ၅၀ | |
| ၂၅ | ဝင်္ဂဘော်ကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၃၀၁၂ | ၁၂၃၈ | ၁၂၃၈ | | |
| ၂၆ | ဘုရားကလေးကျေးရွာအုပ်စု | ၄ | ၇၇၀၀ | ၄၉၄၀ | ၂၇၆၀ | ၂၆၂၀ | ၁၄၀ | |
| ၂၇ | သပြေရိုးကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၀၆၇ | ၅၈၃ | ၅၈၃ | | |
| ၂၈ | ဖမ်းဘဲအင်းကျေးရွာအုပ်စု | ၄ | ၅၆၀၀ | ၄၁၀၆ | ၁၄၉၄ | ၁၄၄၆ | ၄၈ | |
| ၂၉ | ရွာသစ်ကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၅၁၂ | ၆၈၈ | ၈၃၈ | | ၁၅၀ |
| ၃၀ | ပျဉ်ပုံကြီးကျေးရွာအုပ်စု | ၃ | ၈၁၀၀ | ၅၄၅၁ | ၂၆၄၉ | ၂၆၄၉ | | |
| ၃၁ | ပေါက်တောကျေးရွာအုပ်စု | ၁ | ၃၂၅၀ | ၂၁၃၀ | ၁၁၂၀ | ၁၁၁၉ | ၁ | |
| ၃၂ | မယင်းကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၁၆၆၇ | ၂၀၈၃ | ၆၃၃ | ၁၄၅၀ | |
| ၃၃ | ရွှေတန်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၀၇၁ | ၇၂၉ | ၇၂၉ | | |
| ၃၄ | ရှမ်းရွာကြီးကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၉၃၄ | ၅၁၆ | ၄၆၆ | ၅၀ | |
| ၃၅ | ပေပင်ချောင်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၂၆ | ၂၂၄ | ၂၂၄ | | |
| ၃၆ | လှော်ကားကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၈၉ | ၅၁၁ | ၅၁၁ | | |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၇ | လက်ပန်ခုံကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၅၆၆ | ၇၃၄ | ၇၁၃ | ၂၁ | |
| ၃၈ | ကျိုက်ဒေးယုံကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၂၀၀ | ၃၅၀ | ၃၅၀ | | |
| ၃၉ | အဝိုင်းကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၂၆၃၉ | ၁၁၁၁ | ၉၆၁ | ၁၅၀ | |
| ၄၀ | တတ်ခလေးကျေးရွာအုပ်စု | ၂ | ၄၃၅၀ | ၃၀၃၈ | ၁၃၁၂ | ၈၁၂ | ၅၀၀ | |
| ၄၁ | အုပ်ဖိုကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၇၂ | ၃၂၈ | ၃၂၈ | | |
| ၄၂ | ခုန်တိုင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၆၅ | ၁၈၅ | ၁၈၅ | | |
| ၄၃ | လေးအိမ်စုကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၄၅ | ၃၅၅ | ၃၅၅ | | |
| ၄၄ | အထက်ဇိုင်းဂနိုင်းကြီး ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၆၅၈ | ၁၃၉၂ | ၇၄၂ | ၆၅၀ | |
| ၄၅ | ကမာနက်ကျေးရွာအုပ်စု | ၃ | ၇၀၀၀ | ၄၆၆၂ | ၂၃၃၈ | ၂၁၈၈ | ၁၅၀ | |
| ၄၆ | သူဌေးကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၇၀ | ၁၃၀ | ၂၃၀ | | ၁၀၀ |
| ၄၇ | ကတွင်းခြံကျေးရွာအုပ်စု | ၂ | ၄၇၅၀ | ၃၀၄၆ | ၁၇၀၄ | ၁၇၅၄ | | ၅၀ |
| ၄၈ | မဲခုန်ကျေးရွာအုပ်စု | ၁ | ၃၄၀၀ | ၂၀၇၂ | ၁၃၂၈ | ၁၃၇၈ | | ၅၀ |
| ၄၉ | ရုံးကြီးရပ်ကွက် | ၁ | ၂၆၅၀ | ၁၉၉၅ | ၆၅၅ | ၁၅၅ | ၅၀၀ | |
| ၅၀ | ကျောက်ကြီးစုရပ်ကွက် | ၃ | ၆၅၀၀ | ၅၀၅၅ | ၁၄၄၅ | ၁၅၄၇ | | ၁၀၂ |
| ၅၁ | ရွာသစ်ရပ်ကွက် | ၁ | ၂၄၀၀ | ၁၇၈၇ | ၆၁၃ | ၅၆၃ | ၅၀ | |
| ၅၂ | သွန်းဘုရားကုန်းရပ်ကွက် | ၁ | ၁၂၀၀ | ၈၃၆ | ၃၆၄ | ၃၆၄ | | |
| ၅၃ | ညောင်ဝိုင်း(တောင်)ရပ်ကွက် | ၁ | ၉၅၀ | ၆၉၉ | ၂၅၁ | ၂၅၁ | | |
| ၅၄ | ညောင်ဝိုင်း(မြောက်)ရပ်ကွက် | ၁ | ၉၀၀ | ၆၃၃ | ၂၆၇ | ၂၆၇ | | |
| ၅၅ | ပန်းလှိုင်ရပ်ကွက် | ၁ | ၁၁၅၀ | ၇၉၀ | ၃၆၀ | ၃၆၀ | | |
| ၅၆ | ဈေးပိုင်းရပ်ကွက် | ၁ | ၈၅၀ | ၆၁၀ | ၂၄၀ | ၂၄၀ | | |
| ၅၇ | ဇိုင်းဂနိုင်း(တောင်)ရပ်ကွက် | ၃ | ၆၃၅၀ | ၄၄၃၅ | ၁၉၁၅ | ၁၈၆၅ | ၅၀ | |
| ၅၈ | ဇိုင်းဂနိုင်း(မြောက်)ရပ်ကွက် | ၃ | ၆၄၅၀ | ၄၃၀၁ | ၂၁၄၉ | ၂၁၂၈ | ၂၁ | |
| ၅၉ | မဇင်းရပ်ကွက် | ၆ | ၁၉၁၀၀ | ၁၁၅၄၆ | ၇၅၅၄ | ၆၉၇၉ | ၅၇၅ | |
| ၆၀ | ကလျာဏီရပ်ကွက် | ၄ | ၈၃၅၀ | ၅၉၆၅ | ၂၃၈၅ | ၂၃၈၅ | | |
| ၆၁ | ကျွန်းသာယာရပ်ကွက် | ၄ | ၁၁၁၅၀ | ၇၂၂၇ | ၃၉၂၃ | ၃၈၇၃ | ၅၀ | |
| ၆၂ | အမှတ်(၁)ရပ်ကွက် | ၃ | ၉၅၅၀ | ၅၈၀၂ | ၃၇၄၈ | ၃၅၉၈ | ၁၅၀ | |
| ၆၃ | အမှတ်(၂)ရပ်ကွက် | ၂ | ၅၃၅၀ | ၃၉၉၃ | ၁၃၅၇ | ၁၃၈၉ | | ၃၂ |
| ၆၄ | အမှတ်(၃)ရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၈၃ | ၄၆၇ | ၄၆၇ | | |
| ၆၅ | အမှတ်(၄)ရပ်ကွက် | ၁ | ၂၉၀၀ | ၁၉၆၅ | ၉၃၅ | ၉၃၅ | | |
| ၆၆ | အမှတ်(၅)ရပ်ကွက် | ၃ | ၅၆၅၀ | ၃၆၅၄ | ၁၉၉၆ | ၁၉၉၆ | | |
| ၆၇ | အမှတ်(၆)ရပ်ကွက် | ၁ | ၃၈၀၀ | ၁၈၅၄ | ၁၉၄၆ | ၁၂၉၆ | ၆၅၀ | |
| ၆၈ | အမှတ်(၇)ရပ်ကွက် | ၄ | ၉၄၅၀ | ၆၃၇၆ | ၃၀၇၄ | ၃၀၇၄ | | |
| ၆၉ | အမှတ်(၈)ရပ်ကွက် | ၄ | ၁၃၉၀၀ | ၇၇၁၄ | ၆၁၈၆ | ၆၁၈၆ | | |
| ၇၀ | အမှတ်(၉)ရပ်ကွက် | ၂ | ၅၆၅၀ | ၂၉၆၄ | ၂၆၈၆ | ၁၅၃၆ | ၁၁၅၀ | |
| ၇၁ | အင်းတကော်(၁)ရပ်ကွက် | ၂ | ၁၇၀၀ | ၁၁၀၅ | ၅၉၅ | ၅၉၅ | | |
| ၇၂ | အင်းတကော်(၂)ရပ်ကွက် | ၁ | ၁၃၅၀ | ၂၈ | ၁၃၂၂ | ၄၇၂ | ၈၅၀ | |
| ၇၃ | အင်းတကော်(၃)ရပ်ကွက် | ၂ | ၄၃၀၀ | ၂၉၅၁ | ၁၃၄၉ | ၁၃၄၉ | | |
| ၇၄ | အင်းတကော်(၄)ရပ်ကွက် | ၂ | ၅၃၅၀ | ၃၆၇၃ | ၁၆၇၇ | ၁၆၇၇ | | |
| ၇၅ | အင်းတကော်(၅)ရပ်ကွက် | ၃ | ၇၇၀၀ | ၅၀၁၁ | ၂၆၈၉ | ၂၆၉၀ | | ၁ |
| ၇၆ | အင်းတကော်(၆)ရပ်ကွက် | ၃ | ၅၀၅၀ | ၃၄၉၃ | ၁၅၅၇ | ၁၅၀၇ | ၅၀ | |
| ၇၇ | မှုန်တိုင်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၁၅ | ၁၃၅ | ၁၃၅ | | |
| ၇၈ | စိုင်ဒီကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၂၄၆ | ၃၀၄ | ၃၀၄ | | |
| ၇၉ | မုက္ကလကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၃၂ | ၅၆၈ | ၅၆၈ | | |
| ၈၀ | အိုးဘိုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၉၉၅ | ၆၀၅ | ၃၅၅ | ၂၅၀ | |
| ၈၁ | အထက်စီဒီး အနောက်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၉၀၀ | ၂၀၀ | ၂၀ | ၁၈၀ | |
| ၈၂ | အထက်စီဒီး အရှေ့ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၀၀၈ | ၂၄၂ | ၂၄၂ | | |
| ၈၃ | အောက်စီဒီးအနောက် ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၃၀ | ၁၂၀ | ၁၂၀ | | |
| ၈၄ | အောက်စီဒီးအရှေ့ ကျေးရွာအုပ်စု | ၁ | ၂၈၅၀ | ၂၂၂၂ | ၆၂၈ | ၆၂၈ | | |
| ၈၅ | ဈေးညောင်ပင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၀ | ၁၈၀ | ၁၈၀ | | |
| ၈၆ | အလိုင်နီကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၉၇၅ | ၁၃၂၅ | ၁၃၂၅ | | |
| ၈၇ | ဝါးမရမ်းကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၀၅၃ | ၉၄၇ | ၉၃၇ | ၁၀ | |
| ၈၈ | ဝွေ့တန်းရှည်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၈၁ | ၂၁၉ | ၂၁၉ | | |
| ၈၉ | ညောင်အင်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၆၀ | ၂၄၀ | ၂၄၀ | | |
| ၉၀ | ဘူးလယ်အင်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၅၃ | ၄၄၇ | ၄၄၇ | | |
| ၉၁ | တာဝဘူတာကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၆၂၇ | ၇၇၃ | ၇၇၃ | | |
| ၉၂ | သာယာအေးကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၁၀ | ၅၉၀ | ၅၉၀ | | |
| ၉၃ | လက်ပန်ဝင်းကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၉၆ | ၃၅၄ | ၃၅၄ | | |
| ၉၄ | ကွမ်ပေါင်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၇၀ | ၂၃၀ | ၂၃၀ | | |
| ၉၅ | ထန်းပင်ချောင်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၂၂ | ၃၂၈ | ၂၇၈ | ၅၀ | |
| ၉၆ | ကျောက်တန်းကျေးရွာအုပ်စု | ၄ | ၆၂၀၀ | ၄၄၄၀ | ၁၇၆၀ | ၁၄၀၅ | ၃၅၅ | |
| ၉၇ | လသာအေးကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၃၈၀ | ၂၀ | ၂၀ | | |
| ၉၈ | လသာကုန်းကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၄၉၇ | ၇၅၃ | ၇၅၃ | | |
| ၉၉ | ပျဉ်းမငူကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၁၃၃ | ၇၁၇ | ၅၆၇ | ၁၅၀ | |
| ၁၀၀ | ဘုရားငုတ်တိုကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၂၀၃၂ | ၄၁၈ | ၄၁၈ | | |
| ၁၀၁ | ကင်းပိုင်ခြံကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၂၂၆၄ | ၅၃၆ | ၅၃၆ | | |
| ၁၀၂ | ကမ်းနီကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၁၇၀ | ၄၃၀ | ၄၃၀ | | |
| ၁၀၃ | ထုံးကြီးကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၃၂၀၀ | ၁၁၀၀ | ၁၁၀၀ | | |
| ၁၀၄ | ကေ့ခွဲကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၃၂၄ | ၃၂၆ | ၃၂၆ | | |
| ၁၀၅ | မှော်လုံကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၃၅ | ၁၆၅ | ၁၆၅ | | |
| ၁၀၆ | ငှက်ပျောတောကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၈၇ | ၁၁၃ | ၁၁၃ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၀၆ | ၄၁၇၆၅၀ | ၂၇၇၁၁၀ | ၁၄၀၅၄၀ | ၁၂၇၀၇၄ | ၁၄၁၀၁ | ၆၃၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၃၄၇ | ၅၃၄၀ | ၇ | | ၇ | |
| | မြို့နယ်လက်ကျန် | | ၁၈၇၃၄ | | ၁၈၇၃၄ | ၁၈၅၄၁ | ၁၉၃ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၀၆ | ၄၄၁၇၃၁ | ၂၈၂၄၅၀ | ၁၅၉၂၈၁ | ၁၄၅၆၁၅ | ၁၄၃၀၁ | ၆၃၅ |

**ဇီးကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၇။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ မဲရုံပေါင်း ၅၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၃၅၃၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၅၄၉၅၊ ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၁၈၀၃၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၇၂၉၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၂၉၀၀ | ၄၅၃၆၃ | ၁၇၅၃၇ | ၁၆၇၉၈ | ၈၉၅ | ၁၅၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၈၀ | ၁၃၂ | ၁၄၈ | ၁၄၈ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၅၀ | | ၃၅၀ | ၃၅၀ | | |
| | စုစုပေါင်း | ၆၃၅၃၀ | ၄၅၄၉၅ | ၁၈၀၃၅ | ၁၇၂၉၆ | ၈၉၅ | ၁၅၆ |

၈။ ဇီးကုန်းမြို့နယ်၊ ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ မဲရုံပေါင်း ၅၅ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၈၉၅ ပျောက်ဆုံးနေပြီး ၁၅၆ ပိုသုံးထားကြောင်း တွေ့ရှိရသည်။

၉။ ဇီးကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၄ | ၅၅၅၀ | ၃၉၂၇ | ၁၆၂၃ | ၁၂၈၂ | ၃၄၁ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁ | ၁၇၅၀ | ၁၃၂၄ | ၄၂၆ | ၄၂၆ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၁ | ၂၁၅၀ | ၁၆၅၂ | ၄၉၈ | ၄၈၇ | ၁၁ | |
| ၄ | အမှတ် (၄) ရပ်ကွက် | ၂ | ၂၆၀၀ | ၁၉၈၂ | ၆၁၈ | ၆၁၈ | | |

စာမျက်နှာ ၁၈ သို့

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

**နေပြည်တော် မေ ၁၀**

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၁၀**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွံ့ဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များအား အဆိုပါတက္ကသိုလ်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့၊ ပင်လောင်းမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ရွာငံမြို့၊ မိုင်းပန်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘော်လခဲမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မေ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၂၇၁၆ ဦးအတွင်းလူနာ ၄၂၃၄ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၂၅၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၂၆၉ ဦး၊ စုစုပေါင်း ၉၅၂၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကို ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၂၈၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၉၃၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၈၂၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက် လူနာများနှင့် လူနာစောင့်များ



နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၅ | အမှတ် (၅) ရပ်ကွက် | ၁ | ၁၆၅၀ | ၁၂၆၀ | ၃၉၀ | ၃၉၀ | | |
| ၆ | တယ်ပင်ကန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၃၃ | ၃၁၇ | ၃၁၇ | | |
| ၇ | လေးမျက်နှာကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၇၆ | ၆၂၄ | ၆၂၄ | | |
| ၈ | ဇရပ်လှကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၅၇ | ၄၉၃ | ၄၉၃ | | |
| ၉ | ချောင်းကမ်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၄၀ | ၅၁၀ | ၅၁၀ | | |
| ၁၀ | သစ်နဖားကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၅၇ | ၃၄၃ | ၃၄၃ | | |
| ၁၁ | တောင်ပို့သာယာကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၉၆ | ၁၅၄ | ၁၅၄ | | |
| ၁၂ | သာပေါင်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၇၁ | ၃၂၉ | ၃၂၉ | | |
| ၁၃ | နွားတဲကုန်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၇၃၈ | ၆၁၂ | ၆၁၆ | | ၄ |
| ၁၄ | ဝက်စပိုးကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၂၂ | ၂၇၈ | ၂၇၈ | | |
| ၁၅ | ချောင်းစောက်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၁၂ | ၄၃၈ | ၄၃၈ | | |
| ၁၆ | ကူဖြူကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၁၅ | ၅၃၅ | ၅၈၅ | | ၅၀ |
| ၁၇ | လယ်မကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၁၁ | ၂၃၉ | ၂၃၉ | | |
| ၁၈ | ဘုရားကြီးကုန်းကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၅၀၈ | ၅၉၂ | ၄၆၉ | ၁၂၃ | |
| ၁၉ | သင်ကန်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၈၀ | ၃၂၀ | ၃၂၀ | | |
| ၂၀ | ရွာဝိုင်းကြီးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၆၈၉ | ၆၆၁ | ၇၁၉ | | ၅၈ |
| ၂၁ | ဘော်ဘင်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၃၃၇ | ၈၆၃ | ၇၁၃ | ၁၅၀ | |
| ၂၂ | မီးကောက်ပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၆၇ | ၇၃၃ | ၇၃၃ | | |
| ၂၃ | ဆိတ်ဖူးကျင်းကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၃၀၇ | ၈၄၃ | ၇၉၃ | ၅၀ | |
| ၂၄ | ကံကလေးကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၄၉ | ၆၀၁ | ၆၃၀ | | ၃၉ |
| ၂၅ | ရွှေကြို့ပင်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၂၀ | ၃၃၀ | ၃၃၀ | | |
| ၂၆ | မော်ရကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၀၉၃ | ၅၀၇ | ၄၅၇ | ၅၀ | |
| ၂၇ | သရက်တပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၅၃၄ | ၅၆၆ | ၅၇၁ | | ၅ |
| ၂၈ | ကန္တလီကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၆၆ | ၂၈၄ | ၁၈၄ | ၁၀၀ | |
| ၂၉ | သပြေစိန်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၄၂၃ | ၄၂၇ | ၄၂၇ | | |
| ၃၀ | မယင်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၂၆ | ၄၂၄ | ၄၂၄ | | |
| ၃၁ | ဘုရားပျိုကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၀၈ | ၁၀၄၂ | ၁၀၄၂ | | |
| ၃၂ | စပါယ်မျှောင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၉၂ | ၄၀၈ | ၃၃၈ | ၇၀ | |
| ၃၃ | ကဇင်းကြီးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၄၇ | ၂၀၃ | ၂၀၃ | | |
| ၃၄ | ဘဲအင်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၄၄ | ၃၀၆ | ၃၀၆ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၅၅ | ၆၂၉၀၀ | ၄၅၃၆၃ | ၁၇၅၃၇ | ၁၆၇၉၈ | ၈၉၅ | ၁၅၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၈၀ | ၁၃၂ | ၁၄၈ | ၁၄၈ | | |
| | မြို့နယ်လက်ကျန် | | ၃၅၀ | | ၃၅၀ | ၃၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၅၅ | ၆၃၅၃၀ | ၄၅၄၉၅ | ၁၈၀၃၅ | ၁၇၂၉၆ | ၈၉၅ | ၁၅၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဧပြီ ၁၀**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ခုနှစ် စာပေဗိမာန်စာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ **"မောင်နေခြည်(ပြည်)"** ရေးသားသည့် **"နှလုံးသားထဲက ခံလက်ရေးနှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို ၂၀၂၁ခုနှစ် ဧပြီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။


**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နိုင်ငံကျေးရွာ ဂျာနယ်
ထွက်ရှိ



၁၅-၄-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၈)တွင်
- ကောင်းမှုကုသိုလ်ပေါင်းစုထုံသည့် နှစ်ကူးသင်္ကြန်ခါ
- စားအုန်းဆီ ပြည်ပမှ တင်သွင်းမှု လျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအစီအမံ
- ကော်ဖီစွန့်ပစ်ပစ္စည်းများနှင့် မြေဆွေးပြုလုပ်မည်ဆိုလျှင်
- မြေအမျိုးအစားစာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နိုင်ပါက အာလူးစိုက်ပျိုးရေး ပိုမိုတွင်ကျယ်လာမည်
- လူသားများ ကျန်းမာစေရေးနှင့် တိရစ္ဆာန်များကျန်းမာရေး ဆက်နွယ်မှု
- ရေယုန်ရောဂါမပေါ့ဆသင့်ပါ
- နွေရာသီနှင့် ချွေးထွက်လွန်ကဲခြင်း ချွေးထွက်နည်းခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal




# မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ပေါက်ခေါင်း ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကွမ်းအုံစု၊ မြောက်လတ်ကြီး၊ ပိန်းတော၊ မြောက်မကွေ ကျေးရွာလေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကွမ်းအုံစုကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာတွင်းဗို့အား ၄၀၀ လိုင်းသွယ်တန်းရန်အတွက် မီးတိုင် ၄၄ တိုင် ဝယ်ယူစိုက်ထူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၉၅သိန်းဖြင့် လည်းကောင်း၊ မြောက်လတ်ကြီး ကျေးရွာတွင် ကျေးရွာတွင်းဗို့အား ၄၀၀ လိုင်းသွယ်တန်းရန်အတွက် မီးတိုင် ၃၁တိုင် ဝယ်ယူစိုက်ထူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် သိန်း ၅၀ ဖြင့်လည်းကောင်း၊ ပိန်းတောကျေးရွာတွင် ကျေးရွာတွင်း ဗို့အား ၄၀၀ လိုင်းသွယ်တန်းရန်အတွက် မီးတိုင် ၃၄ တိုင်ဝယ်ယူ စိုက်ထူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင် စီမံကိန်းအတိုးရငွေကျပ် ၈၃ သိန်းဖြင့်လည်းကောင်း၊ မြောက်မကွေကျေးရွာတွင် ကျေးရွာတွင်း ဗို့အား ၄၀၀လိုင်း အရှည်ပေ ၈၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ကျပ် ၈၃ သိန်းဖြင့် ယခုနှစ်ဖေဖော်ဝါရီလအတွင်းမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ၇၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၆၁၆ မှ လူဦးရေ ၂၁၇၈ ဦးတို့ ၂၄နာရီလျှပ်စစ်မီးရရှိရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်က ပြောသည်။

**ငြိမ်းသူ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၄ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၉-၅-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၄/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေ ၉ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှု ရှင်းလင်း**

၂။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မတ်လနှင့် ဧပြီလ ပထမပတ်အတွင်း လုပ်ဆောင်ချက်များ၊ လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ တပ်မတော်၏ လုပ်ဆောင်ချက်များ၊ သတင်းမီဒီယာအချို့၏ မဟုတ်မမှန် ထုတ်လွှင့်ချက်များနှင့် နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှုဖော်ထုတ်တွေ့ရှိချက်များအား ဦးစွာရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက မဲဆန္ဒရှင်စာရင်းများ စိစစ်ထုတ်ပြန်မှု အခြေအနေ၊ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်း စစ်ဆေးထုတ်ပြန်မှု အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည်များအား ရှင်းလင်းပြောကြားခဲ့သည်။

**CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှု**

၃။ ဦးစွာ ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရရဲ့မူဝါဒများ၊ ရှေ့ဆက်လုပ်မယ့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ကောင်စီအစည်းအဝေး၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများ ပြုလုပ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များအတိုင်း၊ စုပေါင်းဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းများအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မတ်လနှင့် ဧပြီလပထမပတ်အတွင်း ကောင်စီအစည်းအဝေး ၅ ကြိမ်၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ၂ ကြိမ်ပြုလုပ်ခဲ့ပြီး မူဝါဒများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် စီးပွားရေးကဏ္ဍတွင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပြီး စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် ပြင်ပမှာကစားရသည့် အားကစားပွဲများ ပြန်လည်ကျင်းပနိုင်ရေး၊ ဟိုတယ်ခရီးသွားလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနည်းလမ်းများအတိုင်း စနစ်တကျ ပြန်လည်လည်ပတ်နိုင်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန် အသင့်အနေအထားရှိအောင် ဆောင်ရွက်ရေး၊ ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို တိုင်းပြည်တည်ငြိမ်သွားသည့်အခါ အကောင်အထည်ဖော်နိုင်ရေး ကြိုတင်စဉ်းစားစီစဉ်နိုင်ရေး၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများအပါအဝင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စက်မှုလုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ တိုင်းရင်းသားစာပေသင်ကြားရေး ဆရာများအား ပိုမိုထောက်ပံ့မှုပေးနိုင်ရေး၊ နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင် ရရှိရေး မဖြစ်မနေ ဆောင်ရွက်ရေးတို့ကို မူဝါဒချမှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း နိုင်ငံတော်အနေနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်းဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရေး၊ ဘဏ်၊ ကျောင်း၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစီအမံများ၊ ဘဏ္ဍာငွေအရအသုံးစာရင်းလျာထားရာတွင် အမှန်တကယ်ရငွေ၊ သုံးငွေများကို သေချာစွာ စိစစ်ရန်နှင့် မဖောင်းပွရန်၊ လိုအပ်သည်ကိုသာ လျာထားရန်နှင့် တိုင်းပြည်အတွက် အရှုံးမဖြစ်စေရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းရှိပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံရသည့် နိုင်ငံဖြစ်ကြောင်း၊ အခုလက်ရှိ ခေတ်မီ စိုက်ပျိုး၊ မွေးမြူရေးကို ဆောင်ရွက်နိုင်ရန် မိမိတို့နိုင်ငံတွင် စိုက်/မွေးတက္ကသိုလ် ၁ ခုစီသာရှိသည့်အတွက် စိုက်/မွေးကောလိပ်၊ သိပ္ပံကျောင်းတွေ ထပ်ဖွင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနနဲ့ ဖွံ့ဖြိုးရေး(R&D)မှာ အလေးထားဆောင်ရွက်ရန်လိုသဖြင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများတွင်လည်း သုတေသနလုပ်ငန်းများ ပြုလုပ်၍ နည်းလမ်းရှာဖွေ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်ရန် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မတ်လအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့၊ ကျွန်းစုမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့၊ ရှမ်းပြည်နယ် အရှေ့ပိုင်းအတွင်းရှိ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာမြို့၊ မန္တလေးမြို့နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့၊ ရွှေစက်တော်ဒေသများသို့ သွားရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးလုပ်ငန်းများ၊ တွေ့ဆုံအမှာစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းအနေဖြင့်လည်း ကလော၊ အောင်ပန်း၊ ဗထူး၊ ပြင်ဦးလွင်နှင့် မန္တလေးမြို့များသို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဧပြီလ ၆ ရက်နေ့၌ နေပြည်တော်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး ပြည်နယ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အားအရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ရယူခဲ့ရမှုနှင့် စပ်လျဉ်း၍ နောက်ခံအခြေအနေများ၊ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် တည်ငြိမ်အေးချမ်းရေးလုပ်ဆောင်ချက်၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်တို့ကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက်များအနက် အရေးကြီးဆုံးအချက်မှာ COVID-19 ကာကွယ်ဆေးထိုးထားသော်လည်း ရောဂါကူးစက်နိုင်သေးသည့်အတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ရေး၊ နှစ်သစ်ကူးမတိုင်မီ COVID-19 ကာကွယ်ဆေး အလုံးရေ ၅ သိန်း ဆက်လက် ထိုးနှံရေး၊ ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့် စာရင်းအရ နိုင်ငံအတွင်း လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းခန့် ၈ ရာခိုင်နှုန်းခန့်ရှိပြီး ၎င်းတို့သည် ပြည်နယ်များတွင် အများဆုံးဖြစ်သည့်အတွက် ပညာသင်ကြားနိုင်ရေး၊ စာတတ်မြောက်စေရေး အလေးထားဆောင်ရွက်သွားရန်ကိစ္စများကို အသေးစိတ်အစီအမံများချပြီး ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် CDM လှုပ်ရှားမှုနှင့်ပတ်သက်ပြီး **" CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့်လှုပ်ရှားမှု Country Destructive Movement"** ဟု ပြောလိုကြောင်း၊ CDM လှုပ်ရှားမှုကြောင့် ဘယ်သူတွေ နစ်နာနေရသလဲဆိုတာ ယခင်သတင်းစာရှင်းလင်းပွဲတွင် လက်တွေ့အချက်အလက်အပေါ်အခြေခံပြီး ပြောကြားခဲ့ကြောင်း၊ ထပ်ပြီးလည်း ပြောလိုပါကြောင်း၊ COVID-19 ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က ရန်ကုန်ဆေးရုံကြီးတစ်ခုတည်း၌ တစ်လလျှင် လူနာ ၇၄၂၂ ဦး တက်ရောက်ကုသကြောင်း၊ တစ်လလျှင် သေဆုံးသူပျမ်းမျှ ၅၃၉ ဦးရှိကြောင်း၊ ယခု တစ်နိုင်ငံလုံးတွင် ဆေးရုံ၊ ဆေးခန်းများကို ကျင့်ဝတ်ချိုးဖောက်နေသည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် မဖွင့်လှစ်နိုင်ကြောင်း၊ ရန်ကုန်ဆေးရုံကြီးတစ်ခုတည်း၌ တစ်လ လူနာ ၅၀၀ ကျော် ပျမ်းမျှသေဆုံးလျှင် တစ်နိုင်ငံလုံး ယခုဆိုလျှင် ဘယ်လောက်ရှိမည်လဲ၊ ဒါသည် သွေးအေးအေးနှင့် လူသတ်နေတာဖြစ်ကြောင်း၊ ဒါကိုမှ Genocide လို့မခေါ်လျှင် ဘယ်ဟာကို ခေါ်မလဲဟု ပြောလိုကြောင်း၊ လက်တွေ့ဖြစ်ပျက်နေသည့် အခြေအနေကို ထင်ဟပ်စေမည့် ဖြစ်ရပ်တစ်ခုအား ပြလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ကြုံခဲ့ရပြီး ဧပြီလ ၆ ရက်နေ့ တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည့် Video ဖိုင်အား ပြသသွားမည်ဖြစ်ကြောင်း၊ ဒါကိုကြည့်လျှင် CDM ဆိုတာ ပြည်သူလူထု၏ဘဝကို ဖျက်ဆီးနေသည့်၊ နိုင်ငံကိုဖျက်ဆီးနေသည့် နိုင်ငံဖျက်၊ ပြည်သူ့ဘဝကို ဖျက်ဆီးနေသည့် လှုပ်ရှားမှု Country Destructive Movement ဟု ပြောချင်ကြောင်း၊ ၎င်းကို ဦးဆောင်နေသည့် အဖွဲ့ ၂ ခုရှိကြောင်း၊ ပြည်ပနှင့် ပြည်တွင်းပဲဖြစ်ကြောင်း၊

*စာမျက်နှာ ၂၁ သို့*

စာမျက်နှာ ၂၁ သို့



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသော လက်နက်ကိရိယာများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။

**"CDM ဆိုတာ ပြည်သူလူထု၏ဘဝကို ဖျက်ဆီးနေသည့်၊ နိုင်ငံကို ဖျက်ဆီးနေသည့် နိုင်ငံဖျက်၊ ပြည်သူ့ဘဝကို ဖျက်ဆီးနေသည့် လှုပ်ရှားမှု Country Destructive Movement ဟု ပြောချင်၊ ၎င်းကို ဦးဆောင်နေသည့် အဖွဲ့ ၂ ခုရှိ၊ ပြည်ပနှင့် ပြည်တွင်းပဲဖြစ်၊ ပြည်ပတွင်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများပါ၊ ပြည်ပ အထောက်အပံ့များကို မျှော်လင့်ပြီး လုပ်ဆောင်နေတာရှိ၊ မြန်မာ့ပြည်တွင်းရေးကို အစဉ်တစိုက် နှောင့်ယှက်နေသည့် ပြည်ပအဖွဲ့အစည်းများပါ၊ ပြည်တွင်းတွင်လည်း NLD အမာခံများ၊ အစွန်းရောက်များပါကြောင်း၊ CRPH ဆိုသည့် Committee Representing Pyi- Pyay Hluttaw လိုဟာမျိုးတွေပါ၊ ပြည်ပြေးလွှတ်တော်ဟု ပြောလို၊ CDM ကို စတင်လှုံ့ဆော်ခဲ့သူ၊ ဦးဆောင်ခဲ့သူ မည်သူဆိုတာ သိပြီးဖြစ်၊ ပြင်းပြင်းထန်ထန် ဥပဒေအရ အရေးယူမည်ဖြစ်"**

*စာမျက်နှာ ၂၀ မှ*

ပြည်ပတွင်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများပါကြောင်း၊ ပြည်ပ အထောက်အပံ့များကို မျှော်လင့်ပြီး လုပ်ဆောင်နေတာရှိကြောင်း၊ မြန်မာ့ပြည်တွင်းရေးကို အစဉ်တစိုက် နှောင့်ယှက်နေသည့် ပြည်ပအဖွဲ့အစည်းများပါကြောင်း၊ ပြည်တွင်းတွင်လည်း NLD အမာခံများ၊ အစွန်းရောက်များပါကြောင်း၊ CRPH ဆိုသည့် Committee Representing Pyi- Pyay Hluttaw လိုဟာမျိုးတွေပါကြောင်း၊ ပြည်ပြေး လွှတ်တော်ဟု ပြောလိုကြောင်း၊ CDM ကို စတင်လှုံ့ဆော်ခဲ့သူ၊ ဦးဆောင်ခဲ့သူ မည်သူဆိုတာ သိပြီးဖြစ်ကြောင်း၊ ပြင်းပြင်းထန်ထန် ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လက်နက်ကိုင်အကြမ်းဖက်သည့် အသွင်ပြောင်းလာ**

၄။ ဒုတိယအချက်အနေဖြင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်ကြောင်း၊ NLD ပါတီဝင်များနှင့် ထောက်ခံသူများအနေဖြင့် တစ်ဖက်၌ ပြည်သူများ လမ်းပေါ်ကိုရောက်ရှိလာစေရန် ရည်ရွယ်ပြီး နည်းမျိုးစုံနှင့် လှုံ့ဆော်ဆန္ဒပြခြင်းမှ တဖြည်းဖြည်း ခြိမ်းခြောက်အကျပ်ကိုင်ဖိအားပေးခြင်း၊ မပါဝင်သူများကို အသက်အန္တရာယ်ပြုသည်အထိ ပြုမူလုပ်ဆောင်လာခဲ့ကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှု (Protect) မှတစ်ဆင့် ဆူပူအကြမ်းဖက်မှု(Riot)၊ မင်းမဲ့စရိုက်ဆန်သည့် (Anarchy Mob) ဥပဒေ ချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ် လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းစတဲ့ အဖျက်အမှောင့်လက်နက်များကို ကိုင်ဆွဲပြီး နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ နေအိမ် အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်ခြင်း စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်(Insurrection) အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့တာကို တွေ့ရှိလာရကြောင်း၊ ဆူပူအုံကြွမှုများသည် ပထမပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြကြောင်း၊ ဒုတိယအဆင့်တွင် အကြမ်းဖက် ဆန္ဒပြသည့်ပုံစံများဖြစ်လာကြောင်း၊ ၎င်းအချိန်၌ Social Bullying ဖြစ်လာကြောင်း၊ ထို့နောက် မင်းမဲ့စရိုက်ဆန်ဆန် ရန်းရင်းဆန်ခတ်မှုများ ဖြစ်လာကြောင်း၊ လမ်းအတားအဆီးများပြုလုပ်ခြင်း၊ ကားများ မီးရှို့ခြင်း၊ အဆောက်အအုံများ၊ စက်ရုံများ မီးရှို့သည်အထိ ဖြစ်လာကြောင်း၊ ၎င်းနောက် ပြင်းထန်စွာဆူပူအုံကြွမှုများ ဖြစ်လာကြောင်း၊ ရထားလမ်း၊ ကားလမ်းများ ပိတ်ဆို့ခြင်းသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးကို ဖောက်ဖျက်၊ တားဆီး ခြင်းများကိုလည်း ဆောင်ရွက်လာကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မသင့်လျော်သည့်၊ ဘာသာအယူဝါဒနှင့် မသင့်လျော်သည့် စသည်များကိုလည်း ဆောင်ရွက်လာခြင်းများ တွေ့ရကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသည့် ပုန်ကန်မှုအဆင့်ကို ဆောင်ရွက်လာသည်များကို တွေ့ရကြောင်း၊ အသတ်ခံရသည့် ရဲတပ်ဖွဲ့ဝင်များ ပြည်သူများ၏ ဓာတ်ပုံများကိုလည်း ပြသထားကြောင်း၊ ကလေးသူငယ်များကို ဆူပူဆန္ဒပြရာတွင် အသုံးချလာသည်ကိုလည်း တွေ့ရကြောင်း၊ သို့သော် ဆူပူအုံကြွမှုအင်အားသည် တစ်ရက်ထက်တစ်ရက် လျော့နည်းလာပြီး နိုင်ငံရေးအရ အသုံးချခံ အကြမ်းဖက် လူရမ်းကား အနည်းစုကသာ ဆူပူမှုများ ဆက်လက်ဆောင်ရွက်နေခြင်း တွေ့ရှိရကြောင်း၊ အခြားတစ်ဖက်တွင်လည်း အစိုးရအုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန် ဝန်ထမ်းအစုအဖွဲ့အလိုက်ခွဲခြားပြီး CDM ပြုလုပ်ရန် စည်းရုံးသိမ်းသွင်းခြင်း၊ အရေးကြီးသည့် ဘဏ်လုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပစ်မှတ်ထားဆောင်ရွက်လာခြင်း၊ ပါဝင်မှုမရှိသူများကို Social Bullying ခေါင်းစဉ်တပ်ပြီး အရှက်သိက္ခာထိပါးအောင်ဆောင်ရွက်ခြင်း၊ CDM လုပ်ဆောင်မှု သက်ဆိုးရှည်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ထောက်ပံ့ကြေးရယူခြင်း၊ နိုင်ငံတော်ပုန်ကန်မှု၊ သစ္စာဖောက်မှုမြောက်စေသည့်၊ တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH ကဲ့သို့ ကော်မတီကိုဖွဲ့စည်းပြီး ပုန်ကန်သည့်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သော်လည်း ပြည်သူလူထုအများစုက အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုမှု၊ CDM Supporting Team များ၏ အပြောနှင့်အလုပ်ကိုက်ညီအောင် ထောက်ပံ့ပေးနိုင်မှု မရှိခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုများကြောင့် ဆူပူအကြမ်းဖက်မှုများ အရှိန်လျော့လာပြီး CDM လုပ်ဆောင်သူအနေဖြင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်ကြီးဌာနခန့်မှန်း ၃၀ ရာခိုင်နှုန်းခန့်ရှိရာမှ မတ်လကုန်မှာ CDM ပြုလုပ်သူ မရှိသလောက် ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ မတ်လအတွင်း ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးတိုက်ခိုက်မှုများအနေနဲ့ ရဲစခန်း၊ ရဲကင်း ၄၉ နေရာ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၂၉ ခု၊ ရုံး၊ ဌာန ၃၉ ခု၊ လမ်း၊ တံတား ၁၁ ခု၊ ဘဏ် ၁၀ ခု၊ လူနေအိမ်များ၊ CCTV များ၊ ဖုန်းတာဝါတိုင်များ၊ ဂိုဒေါင်များ၊ ဈေးဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများစသည့် အခြားနေရာ ၇၂ နေရာကို မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်၊ ရဲတပ်ဖွဲ့ဝင် ၁၆ ဦး ကျဆုံးခဲ့ပြီး ၂၆၃(၃၆+၂၂၇) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦး ကျဆုံးခဲ့ပြီး မိသားစုဝင်တစ် ဦး သေဆုံးခဲ့ရကြောင်း၊ ယခုနောက်ပိုင်း ဘုန်းတော်ကြီးများကိုပါ ရန်ရှာလာသည်ကို တွေ့ရှိရကြောင်း၊ မျက်လုံးတစ်ဖက် ကွယ်သွားသည့် သံဃာတော်များ၊ ကားပေါ်တွင်မိသည့် သံဃာတော်များကို ကားပေါ်မှဆွဲချပြီး လူဝတ်လဲခိုင်းသည်အထိရှိခဲ့ကြောင်း၊ ဆူပူဆန္ဒပြမှု၊ မင်းမဲ့စရိုက်လှုပ်ရှားမှု၊ အကြမ်းဖက်မှုများ ဆောင်ရွက်နေသည့် NLD နှင့် NLD ထောက်ခံသူများသည် ယခုအချိန်တွင် ဖောက်ခွဲဖျက်ဆီးမှု၊ မီးရှို့မှုများကို ပိုမိုလုပ်ဆောင်လာသည်ကိုတွေ့ရကြောင်း၊ ဒီလိုလုပ်ဆောင်ခြင်း၏ အဓိကအကြောင်းအရင်း ၂ ရပ်ရှိကြောင်း၊ နံပါတ်တစ်အကြောင်းအရင်းမှာ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထု အများစုသည် ၎င်းတို့၏ အဓိပ္ပာယ်မဲ့ ဆူပူဆန္ဒပြမှု၊ အကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်ဆန် လှုပ်ရှားမှုများကို မထောက်ခံတော့သည့် အတွက်ဖြစ်ကြောင်း၊ Power Point တွင်ပြသထားသည့် အချက်အလက်ဇယားကို ကြည့်လျှင်သိနိုင်ကြောင်း၊ ဖေဖော်ဝါရီလအတွင်းဖြစ်ခဲ့သည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆန္ဒပြအင်အားဖြစ်ကြောင်း၊ နှစ်ငါးလုံးနေ့ဟု ပြောခဲ့သည့်နေ့တွင် ဆန္ဒပြသူ ၅ သန်း ၁ သိန်းရှိခဲ့ပြီး တစ်နိုင်ငံလုံးလူအင်အား၏ ၉ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ နောက်ပိုင်း ဆန္ဒပြဆူပူသူအင်အား နည်းသွားပြီး မတ်လအတွင်း၌ မတ်လ ၂၇ ရက်နေ့ တပ်မတော်နေ့ကို ဆူပူဆန္ဒပြမှု၊ အကြမ်းဖက်မှုတွေလုပ်ရန် အင်တိုက်အားတိုက် လှုံ့ဆော်ခဲ့သည့်အတွက် အဆိုပါ မတ်လ ၂၇ ရက်နေ့၌ပင်လျှင် တစ်နိုင်ငံလုံး ဆူပူဆန္ဒပြသူသည် ၀ ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆန္ဒပြသူများ လျော့နည်းသွားသည့်အခါ အကြမ်းဖက်လုပ်ရပ်များကို ဦးစားပေးလုပ်ကိုင်လာသည်ကို တွေ့ရပါကြောင်း၊ မီဒီယာအချို့၏ ပြည်တွင်းစစ် ဖြစ်လာနိုင်သည်ဆိုသော အချိန်ကိုက်နှုတ်ကြောင်းပေးမှု၊ တရားမဝင် အဖွဲ့အစည်းများ၏ လှုံ့ဆော်မှုများနှင့်အတူ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများနှင့် တိုက်ခိုက်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါကြောင်း၊ ဧပြီလ ၆ ရက်နေ့နှင့် ၇ ရက်နေ့ နှစ်ရက်တည်းမှာပင် ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် မိုင်းခွဲတိုက်ခိုက်မှု ၆ ကြိမ်၊ ရပ်ကွက်ရုံးများကို မီးရှို့တိုက်ခိုက်မှု ၅ ကြိမ်ရှိခဲ့ပါကြောင်း၊ ပြည်သူလူထုကိုမေတ္တာရပ်ခံလိုသည်မှာ ယခုလို တိုင်းဖျက်၊ ပြည်ဖျက်၊ ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝကို ပျက်အောင် လုပ်နေသည်များကို ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးလှုံ့ဆော်သူများ ရှိနေပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိမိရပ်ကွက်၊ မြို့ရွာလုံခြုံမှုရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဟု ပြောကြားလိုပါကြောင်း၊ ဆူပူအကြမ်းဖက်သူများသည် သာမန်လူငယ်များကို မြှောက်ပင့်ကာ သွေးထိုးလှုံ့ဆော်ပေးပြီး လမ်းမှားရောက်အောင် တွန်းပို့လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် မန္တလေးက ရဲအရာရှိတစ်ဦးကို မီးရှို့သတ်ဖြတ်ခဲ့ပါကြောင်း၊ ဖမ်းဆီးရမိတဲ့ လူငယ်နှစ်ဦး၏ ဝန်ခံချက် Video ဖိုင် နှစ်ဖိုင်ကို ပြသမည်ဖြစ်ကြောင်း၊ ၎င်းကဲ့သို့ မီးရှို့အသတ်ခံရသည့်သူများ၊ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရသူများရှိပါကြောင်း၊ G-Z ဆိုသည့် လူငယ်များက ဒီလိုလူငယ်တွေလားဟု ပြောချင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

၅။ ဆက်လက်ပြီး တပ်မတော်ရဲ့ လုပ်ဆောင်ချက်များကို ရှင်းလင်းမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် (၇၆)နှစ်မြောက် တပ်မတော်နေ့ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ (ကချင်နှင့် ရခိုင်ဒေသ) များတွင် လူသားချင်းစာနာမှု မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ အထိ ဝိုင်းမော်မြို့နယ်၊ ဂါးရာယန်ကျေးရွာမှ အိမ်ခြေ ၄၆၅ လုံးကို မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ရခိုင်ပြည်နယ်တွင်လည်း ရန်ကုန်-စစ်တွေ ကားလမ်းမကြီးတစ်လျှောက်နှင့် မောင်တောဒေသ အင်ူမော်-ခမောင်းဆိပ် ကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းခြင်း၊ ကျေးရွာများ၌ မိုင်းရှင်းခြင်းလုပ်ငန်းများကို အဖွဲ့ သုံးဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ မတ်လအထိ လမ်းမိုင် ၂၉၀ ကျော်၊ အိမ်ခြေ ၃၂၇၀ ကို မိုင်းရှင်းပေးနိုင်ခဲ့ကြောင်း၊ ကျေးရွာများအလိုက် မိုင်းရှင်းလင်းရေး

*စာမျက်နှာ ၂၂ သို့*

ဆန္ဒပြ ဆူပူအကြမ်းဖက်သူများအသုံးပြုသည့် လက်နက် ဆက်စပ်ပစ္စည်းများ



စာမျက်နှာ ၂၁ မှ

လုပ်ငန်းများကို မင်းပြား၊ မြောက်ဦး၊ အမ်း၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေနှင့် ဘိန်းဖြူ ၁၄၈ ကီလိုကျော်၊ စိတ်ကြွဆေးပြား ၅၉၈ သိန်းကျော်၊ အိုက်စ် ၁၁၈၉ ကီလိုကျော်အပါအဝင် စုစုပေါင်း တန်ဖိုးကျပ် ၁၀၂ ဘီလီယံကျော် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်းကို ၄-၄-၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ပြုလုပ်လျက်ရှိကြောင်း၊ ၎င်းလေ့ကျင့်ခန်းတွင်ပါဝင်သည့် ရေယာဉ်များအနေဖြင့် အမြောက်နှင့် လက်နက်စနစ်မျိုးစုံအပါအဝင် တိုပီဒိုပစ်ခတ်ခြင်းများ လေ့ကျင့်ပစ်ခတ်ခြင်း(Gun Firing Exercise)၊ အီလက်ထရောနစ်စစ်ဆင်မှုလေ့ကျင့်ခြင်း (Electronic Warfare Exercise)၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်မှုလေ့ကျင့်ခန်း (Anti–Submarine Warfare Exercise)၊ လေကြောင်းရန်ကာကွယ်ရေးစစ်ဆင်မှုလေ့ကျင့်ခန်း (Anti – Air Warfare Exercise)၊ ရေပြင်စစ်ဆင်မှုလေ့ကျင့်ခြင်း (Anti– Surface Warfare Exercise)၊ ဒုံးပျံပစ်ခတ်မှုလေ့ကျင့်ခြင်း (Missile Non–Firing Exercise)၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခြင်း (Search and Rescue Exercise)တို့ကို ပြုလုပ်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ကမ္ဘာတွင် အကြီးဆုံးရွှေ့ပြောင်းမှု**

၆။ ထို့အပြင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် ကျောက်တုံးတော်များ ပင့်ဆောင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆဋ္ဌမအကြိမ်ပင့်ဆောင်ခြင်းကို ဧပြီလ ၄ ရက်နေ့က ပြုလုပ်ခဲ့ပါကြောင်း၊ အားလုံးပင့်ဆောင်ပြီးစီးရန် တစ်ကြိမ်သာလိုတော့မည်ဖြစ်ပါကြောင်း၊ ဤရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်မည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော် အမြင့် ၆၃ ပေ၊ စုစုပေါင်း ၈၁ ပေအမြင့်ရှိပြီး ခန့်မှန်း အလေးချိန် ဆင်းတုတော်တန် ၁၇၂၀ ၊ ပလ္လင်တော် တန် ၃၀၆၀၊ စုစုပေါင်း တန်ချိန် တန်၄၇၈၀ ရှိမည်ဖြစ်ကြောင်း၊ ကျောက်တုံးတော်ကြီး ဆဋ္ဌမအကြိမ် ရွှေ့ပြောင်းမှုသည် မိမိလေ့လာထားသလောက် ကျောက်နှင့်ပတ်သက်လာလျှင် ကမ္ဘာတွင် အကြီးဆုံးရွှေ့ပြောင်းမှုဟုဆိုနိုင်ပါကြောင်း၊ ကျောက်တုံးတော်အလေးချိန် တန် ၁၁၉၀ ၊ သံမဏိပေါင် အလေးချိန် ၆၂ တန်၊ စုစုပေါင်း ၁၁၅၂ တန်ကို မော်တော်ယာဉ်နှင့် ရွှေ့ပြောင်းနေခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်ကို မကြာခင်ရောက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံရေးရှုပ်ထွေးမှု ဖြစ်လာအောင်လုပ်ဆောင်**

၇။ ဆက်လက်ပြီး မီဒီယာများ၏ သတင်းမှားဖော်ပြချက်များနှင့် သွေးထိုးလှုံ့ဆော်မှုအချို့ကို တင်ပြလိုပါကြောင်း၊ မတ်လ ၂၇ ရက်နေ့ နံနက် ၇ နာရီလောက်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းတွင်ရှိသည့် အမေရိကန်စင်တာကို သေနတ်နှင့် ပစ်ခတ်ခဲ့ကြောင်း၊ အချို့မီဒီယာများက ၎င်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်ဆိုပြီး အမေရိကန်စင်တာကို စစ်ကောင်စီမှပစ်သည်ဟု ချက်ချင်းသတင်းလိမ်လည် ထုတ်လွှင့်ခဲ့ကြောင်း၊ အချို့က ထင်ယောင်ထင်မှားသတင်းများ ရေးတင်ပါကြောင်း၊ အမေရိကန်စင်တာကို ပစ်ခတ်ခဲ့သည့် အေးသော်ကောင်းကို မတ်လ ၃၀ ရက်နေ့တွင် ဖမ်းမိပါကြောင်း၊ ၎င်းကိုယ်တိုင် ပစ်ခတ်ခဲ့ကြောင်း အကြောင်းစုံဝန်ခံခဲ့ကြောင်း၊ မတ်လ ၂၇ ရက်ကို

# "အချို့ Mediaများအနေနှင့် မိမိတို့နိုင်ငံမှာ လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်လာစေရန် သွေးထိုးလှုံ့ဆော်နေမှုများ၊ ပြည်တွင်းစစ် ဖြစ်လာနိုင်သည်ဆိုသော နှုတ်ကြောင်းပေးမှုများကိုတွေ့နေရ၊ ဒါတွေသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်အန္တရာယ်များသည့် ကိစ္စများဖြစ်သလို လူငယ်၊ လူရွယ်များကို လမ်းမှားရောက်စေရန် တွန်းပို့နေခြင်းဖြစ်၊ ပြည်သူလူထုအနေနှင့် ကောလာဟလများကို မယုံကြဖို့၊ နိုင်ငံတော်အစိုးရ၏ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်လျှောက် လှမ်းရာတွင် မိမိတို့တတ်စွမ်းသမျှ ကူညီကြရန် မေတ္တာရပ်ခံလို"

ပြည်သူ့တော်လှန်ရေးနေ့ဟု သွေးထိုးလှုံ့ဆော်ပြီး နောက်ပိုင်း နိုင်ငံရေးအရ ရှုပ်ထွေးမှုတွေဖြစ်လာအောင် လုပ်ဆောင်တာဖြစ်ပါကြောင်း၊ ၎င်းကိုပဲ မီဒီယာများက အချိန်ကိုက်သွေးထိုးလှုံ့ဆော်တာဖြစ်ပါကြောင်း၊ အချို့ မသမာတဲ့ Media များရဲ့ လုပ်နည်းလုပ်ဟန်ကိုသိရှိပြီး ပြည်သူများအနေနှင့် သွေးထိုးလှုံ့ဆော်မှုများကို သတိရှိရန် ပြောလိုပါကြောင်း၊ ယခုလည်း အချို့ Media များအနေနှင့် မိမိတို့နိုင်ငံမှာ လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်လာစေရန် သွေးထိုးလှုံ့ဆော်နေမှုများ၊ ပြည်တွင်းစစ်ဖြစ်လာနိုင်သည်ဆိုသော နှုတ်ကြောင်းပေးမှုများကို တွေ့နေရကြောင်း၊ ဒါတွေသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အန္တရာယ်များသည့် ကိစ္စများဖြစ်သလို လူငယ်၊ လူရွယ်များကို လမ်းမှားရောက်စေရန် တွန်းပို့နေခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေနှင့် ကောလာဟလများကို မယုံကြဖို့၊ နိုင်ငံတော်အစိုးရ၏ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်လျှောက်လှမ်းရာတွင် မိမိတို့တတ်စွမ်းသမျှ ကူညီကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အကြမ်းဖက်ဆန္ဒပြမှုများ၊ ဆူပူမှုများ ရှိနေသေးပါကြောင်း၊ အရေးအတွက်နှင့် နေရာနည်းလာသည်မှာ အမှန်ပဲဖြစ်ပါကြောင်း၊ ထို့ကြောင့် မိုင်းထောင်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ မီးရှို့မှုများကို ပိုမိုပြုလုပ်လာပါကြောင်း၊ ဆူပူဆန္ဒပြမှုများ လျော့နည်းသွားသည်မှာ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ တိုင်းပြည်ကို အေးချမ်းစေလိုသည့် ပြည်သူ့ဆန္ဒကို လေးစားပါကြောင်း၊ ခုဖြစ်ပွားနေဆဲဖြစ်သည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းပြီး နှိမ်နင်းသွားမည်ဟု ပြောလိုကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံတော်ငွေကြေး ပိုင်ဆိုင်မှုနစ်နာ**

၈။ ဆက်လက်ပြီး နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှုများ၊ မသမာမှုများကို မိမိတို့ စုံစမ်းဖော်ထုတ်လျက်ရှိပါကြောင်း၊ အနီးစပ်ဆုံး မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ဝန်ကြီးချုပ်ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြပြီး စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများရယူသုံးစွဲခဲ့သည်ဟု ပေါ်ပေါက်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်မှစတင်ပြီး သံလွင်မြစ်အတွင်း သဲများစုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်းငွေကျပ် ၅၆၉၈၀၉၀၀၀၀/-(ကျပ်သိန်းငါးထောင့်ခြောက်ရာ ကိုးဆယ်ကျော်)ကို ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပါကြောင်း၊ သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အမှန်တကယ်ပေးသွင်းရမည့် ခုတ်သတ္တုခွန်ကို လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန်ခွင့်ပြုခဲ့သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ် ၁၃၂၃၅၇၀၀၀၀/- (ကျပ်သိန်း တစ်ထောင့်သုံးရာနှစ်ဆယ်ကျော်) နစ်နာဆုံးရှုံးခဲ့ပါကြောင်း၊ COVID–19 ရန်ပုံငွေများမှ ငွေကျပ်သိန်း ၂၀၀ကို ပုဂ္ဂိုလ်ရေးအရ အခြားသူတစ်ဦးသို့ ငွေထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှု မရှိခြင်း၊ အခြားပုဂ္ဂိုလ်နှစ်ဦးသို့ ငွေကျပ်သိန်း ၆၅၀ ထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်းတို့မှာ နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည့်အတွက် ဒေါက်တာအေးဇံအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ ပုဒ်မ-၅၅ အရ အမှုဖွင့်ထားကြောင်း၊ အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဟောင်း ဦးသန်းနိုင်တို့သည် ဘားအံမြို့၊ ကမ်းနားလမ်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်းပြီး ပုဂ္ဂလိကသို့ ခွင့်ပြုပေးပိုင်ခွင့်မရှိဘဲ ကမ်းနားလမ်း မြေဧရိယာ ၄ ဧကကျော်ကို ပုဂ္ဂလိကသို့ မြေငှားရမ်းဂရန်ထုတ်ပေးခဲ့သည့်အတွက် နိုင်ငံပိုင်မြေဆုံးရှုံးပြီး နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်း ၅၃၇၀ ကျော်ကို နစ်နာစေခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကာလအတွင်း ဒေသဖွံ့ဖြိုးရေးအကြောင်းပြပြီး စီးပွားရေးလုပ်ငန်းအသီးသီးမှ ကောက်ခံခဲ့သည့် ရန်ပုံငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၅၈/၂၀၁၉ နှင့်အညီ နိုင်ငံတော်ဘဏ္ဍာစာရင်းသို့ ပေးသွင်းရမည်ဖြစ်သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကဘဏ်များတွင် သီးခြားငွေစာရင်းများဖွင့်ကာ ငွေကျပ်သန်း ၉၆၉၇ ကျော်ကို လက်ခံရယူခဲ့ခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့် သက်ဆိုင်နေသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြစ်သော စုစုပေါင်း ငွေကျပ်သိန်း ၇၄၂၅ ကို ပုဂ္ဂိုလ် ၁၉ ဦးသို့ ထုတ်ချေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိသည့်အတွက် နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးခြင်း၊ အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းတင်ဒါအောင်မြင်သည့် ကုမ္ပဏီထံမှ စာချုပ်ချုပ်ဆိုခြင်း မရှိသေးဘဲ ငွေကျပ်သိန်း ၅၀၀၀ ကို ကြိုတင်လက်ခံရယူခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာ ငွေစာရင်းသို့ ပေးသွင်းမှု မရှိခြင်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ဆေးကုရာတွင် ပြည်နယ်ရန်ပုံငွေ ၁၆ ဒသမ ၅ သိန်းကိုရယူသုံးစွဲခြင်း၊ ဦးသန်းနိုင်သည် ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ထိုင်းနိုင်ငံ၌ ဆေးကုသစဉ် လုပ်ငန်းရှင်တစ်ဦးထံမှ အမေရိကန်ဒေါ်လာ တစ်သောင်းရယူခဲ့ခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မဲဆွယ်စည်းရုံးရေးကာလ၌ ကျေးရွာများသို့ မဲဆွယ်ခရီးသွားစဉ် ကုန်ကျစရိတ် သိန်း ၅၀ ကို လုပ်ငန်းရှင်တစ်ဦးထံမှ ရယူခဲ့ခြင်းတို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အမှုဖွင့်လှစ်ထားပါကြောင်း၊ ဒေါ်နန်းခင်ထွေးမြင့်အနေနဲ့ ကျပ်သန်း ၁၆၃၂၀ ကို အလွဲသုံးစား လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဆန္ဒပြမှု နှစ်မျိုး နှစ်စား**

၉။ နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ ဆန္ဒပြမှုများကို သုံးသပ်ကြည့်သည့်အခါ နှစ်မျိုး နှစ်စားတွေ့ရကြောင်း၊ နံပါတ်တစ်အနေဖြင့် NLD ကို ထောက်ခံပြီး ရိုးရိုးသားသားမဲပေးသူများ ဖြစ်ကြောင်း၊ မဲလိမ်မဲခိုးသူများနှင့် ပတ်သက်မှု မရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် NLD အစွန်းရောက်နှင့် အစွန်းရောက်ပါတီဝင်များဖြစ်ကြောင်း၊ ၎င်းတို့သည် မဲလိမ်မဲခိုးမှုများတွင် ထဲထဲဝင်ဝင် ပတ်သက်ခဲ့ပြီး ဦးဆောင်ခဲ့သူများဖြစ်ကြောင်း၊ ယခု အကြမ်းဖက်လက်နက်ကိုင် ဆန္ဒပြရာတွင် ဒီဒုတိယအုပ်စုက ထဲထဲဝင်ဝင် ပတ်သက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေနှင့် ရွေးကောက်ပွဲကော်မရှင်က မဲလိမ်မဲခိုးမှုများ ဖော်ထုတ်လေလေ၊ အရေးယူခံရမှာ ကြောက်လေလေဖြစ်ပြီး ၎င်းတို့၏ မသမာမှုများကို ပြည်သူများပိုမိုသိရှိလာမည်ဖြစ်လေလေ ဖြစ်သည့်အတွက် မျက်လုံးစုံမှိတ် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဥပမာအနေနှင့် ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ဖြစ်ခဲ့သည့် ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းလိုဖြစ်ပြီး ၎င်းခေတ်က ၇ တန်းစာမေးပွဲသည် အစိုးရစစ်ဖြစ်ကြောင်း၊ အဆိုပါစာမေးပွဲမေးခွန်းများ ပေါက်ကြားခဲ့ကြောင်း၊ စာမေးပွဲဖြေဆိုခဲ့သည့် ကျောင်းသား ၆ သောင်းကျော်အနက် မေးခွန်းမရခဲ့သည့် ကျောင်းသား ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မေးခွန်းရသည့် ကျောင်းသားက ၄၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု ပြောကြကြောင်း၊ မေးခွန်းပေါက်ကြားမှုကို ဗမာ့ခေတ်သတင်းစာက အထောက်အထားပြည့်ပြည့်စုံစုံနှင့်ရေးခဲ့ပြီး ထိုအချိန်ကတည်းက မေးခွန်းမရသည့် ကျောင်းသားများက မကျေနပ်ကြဘဲ လှုံ့ဆော်မှုများလည်း စတင်ခဲ့ကြောင်း၊ ၎င်းခေတ် ဖဆပလအစိုးရက စာမေးပွဲကို ရပ်ဆိုင်း/ပယ်ဖျက်လိုက်ကြောင်း၊ ထိုအချိန်တွင် ကျောင်းသားများဆန္ဒပြမှု စတင်ခဲ့ကြောင်း၊ ဆန္ဒပြရာတွင် ၂ မျိုး ၂ စားရှိပြီး နံပါတ်တစ်က ရိုးရိုးသားသား တစ်နှစ်လုံးကြိုးစားတဲ့လူများ၊ ကြိုးစားလာမှု အလဟဿဖြစ်သဖြင့် မကျေနပ်ကြကြောင်း၊ နံပါတ်နှစ်က ၅၀ ရာခိုင်နှုန်းကျော်သည့် မေးခွန်းရထားသောလူများဖြစ်ပြီး ၎င်းတို့ကလည်း အဲဒီနှစ် အောင်မည်ဆိုသည်မှာ သေချာနေသဖြင့် မည်သည့်နည်းနှင့်အောင်အောင် အောင်ရမည်၊ စာမေးပွဲရပ်ဆိုင်းပယ်ဖျက်၍ လုံးဝကျေနပ်မှုမရှိသဖြင့် ဆန္ဒပြကြကြောင်း၊ ၎င်းအချိန်က နာမည်ကြီး မြေအောက်အဖွဲ့အစည်းတစ်ခုက အစိုးရပြုတ်ကျစေရေးအထိ မြှောက်ပင့်ပေးကြောင်း၊ ကျောင်းသားများကို ယနေ့ခေတ်ပုံစံလို လုံခြုံရေးအဖွဲ့အစည်းများနှင့် ထိပ်တိုက်တွေ့ဆုံစေခဲ့ကြောင်း၊ ဆန္ဒပြမှုများ ဆိုးရွားလာ၍ လုံခြုံရေးအဖွဲ့များက နှိမ်နင်းရကြောင်း၊ စိန့်ပေါကျောင်းက သတ္တမတန်းကျောင်းသား ဟယ်ရီတန်ဒဏ်ရာရပြီး သေဆုံးခဲ့သဖြင့် ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ နောက်ဆုံး ဖဆပလအစိုးရက ၇ တန်းကျောင်းသားအားလုံးကို စာမေးပွဲအအောင်ပေးလိုက်မှ ပြဿနာပြီးသွားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၉ သန်းကျော်ရှိကြောင်း၊ မဲမသမာမှု ၁၀ ဒသမ ၄ သန်းရှိပြီး လေးပုံတစ်ပုံသည် မသမာမှုဖြစ်၍ မဲမပေးမီ ကြိုတင်အခင်းအကျင်းများ ကတည်းက မတရားမှုများရှိခဲ့ကြောင်း၊ နိုင်ငံ့ကံကြမ္မာ၊ ပြည်သူလူထုကံကြမ္မာကို ဆောင်ရွက်မည့် အစိုးရ၊ လွှတ်တော်အဖွဲ့အစည်းသည် "**ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို** " လုပ်လို့မရသလို မဲလိမ်၊ မဲခိုး၊ မဲမသမာမှုသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုမှု၊ ဖျက်ဆီးမှုသာ ဖြစ်ကြောင်း၊ ၎င်းကို တပ်မတော်က ဒီမိုကရေစီ ရှင်သန်စေရေး ဆောင်ရွက်ခြင်းဖြစ်၍ သစ်ပင်တစ်ပင်ကြီးထွားရန်အတွက် ပေါင်းများ သင်ရမည်၊ လိုအပ်လျှင် ပိုးသတ်ဆေးဖျန်းသင့်ပါက ဖျန်းရမည်ဖြစ်ကြောင်း၊ ထိုလူများ၏ သွေးထိုးလှုံ့ဆော်မှုများရှိပြီး လူငယ်များကို လမ်းပေါ်ရောက်အောင် တွန်းတင်နေမှုများအား မိဘပြည်သူများ သတိရှိကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) **လေ့ကျင့်ခန်းဧရိယာ(၁)**

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

( ခ ) **လေ့ကျင့်ခန်းဧရိယာ(၂)**

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

( ဂ ) **လေ့ကျင့်ခန်းဧရိယာ(၃)**


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။





# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Pumishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက် ရှိပါသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | DAUNG - ဒေါင်း https://www.facebook.com/daung.actor | ဒေါင်း(ခ)သူရအောင်   | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တ ထိုင်းနိုင်ငံ) | ၅၀၅-က |  |
| ၂ | ASharer Pont https://www.facebook.com/ThiriMay0007 | သီရိမေ   | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၃ | Nann Phyo https://www.facebook.com/nann.phyo | နန်းဖြိုး   | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Su Yin Htun https://www.facebook.com/su.htun.12 | စုယဉ်ထွန်း   | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Ei Lin (အိနွေဦး) https://www.facebook.com/ei.lin.9678 | အိအိလင်း   | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၆ | Tay Zar Tun Taygyi https://www.facebook.com/tay.zar.9847 | ဒေါက်တာ တေဇာထွန်း   | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Mo Lwin - မိုရ်လွင် https://www.facebook.com/molwinZ | မိုရ်လွင်   | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Red Myanmar https://www.facebook.com/100009231582903 | ညိုညိုစိမ့်   | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Ei Ei Phyu https://www.facebook.com/100035429341114 | အိအိဖြူ   | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | လ မင်း အောင် https://www.facebook.com/100013727495996 | လမင်းအောင်  | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Min Thein https://www.facebook.com/100010362247396 | မင်းသိန်း   | ငါန်းဇွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Yu Yu Lwin https://www.facebook.com/yuyu.lwin.180 | ယုယုလွင်   | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | MoMo Win Tin https://www.facebook.com/san.kyu.1232 | မိုမိုဝင်း   | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Win Tun https://www.facebook.com/kaungpaye.sone.33 | ဝင်းထွန်း   | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Thu Han Linn https://www.facebook.com/Thuhanlinn | သူဟန်လင်း   | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Zarni Mg Mg https://www.facebook.com/zarni.mgmg.3 | ဇာနည်မောင်မောင်   | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Lin Khine https://www.facebook.com/lin.khine.9 | လင်းခိုင်   | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၈ | Kabyar Won Yan https://www.facebook.com/100028001191536 | ကဗျာဝန်းရံ   | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Naing Naing Aung https://www.facebook.com/naingnaing.aung.9235 | နိုင်နိုင်အောင်   | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Wai Lynn Phyo https://www.facebook.com/wailynn20 | ဝေလင်းဖြိုး   | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ (၂)

## "မိုင်လှခင်နှင့် ဒေါ်အုန်းကြည်"

လင်းအောင်

**မိုင်လှခင်**

"ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ သားကောင်းသမီးမွန်များ" အပိုင်း(၁) ဆောင်းပါးတွင် ၁၉၇၄ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းရှိ နောက်အော်နာဂ တိုင်းရင်းသားမျိုးနွယ်များ နေထိုင်ရာ လိုက်ခေါ်ကျေးရွာလေးတွင် မိမိကျရာတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော သားဖွားဆရာမလေး ဒေါ်ခင်မြင့်ဦး၏ ကြိုးပမ်းစွမ်းဆောင်မှုများကို ဂုဏ်ပြုဖော်ပြခဲ့ပါသည်။

ဆရာမ ဒေါ်ခင်မြင့်ဦးကဲ့သို့ပင် ထိုကာလက ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့နယ်ရှိ ဝေးလံခေါင်းပါးသော ပိန္နဲတပင်ရွာလေးတွင် ဒေသခံ ခူးမီးတိုင်းရင်းသား သွေးချင်းများအား ခေတ်သစ်ဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းခဲ့သူမှာ သားဖွားဆရာမလေး မိုင်လှခင်ဖြစ်သည်။

**"အသက် ၂၀ ကျော် မိန်းကလေးငယ်တစ်ဦးဖြစ်သည့်အပြင် သားမဖွားဖူးသော အမျိုးသမီးငယ်တစ်ဦးက သားဖွားစောင့်ရှောက်မှုပေးမည်ဆိုသည်ကို တစ်ရွာလုံးက မယုံကြည်နိုင်ကြသလို လက်ခံနိုင်ခြင်းလည်း မရှိခဲ့ပေ။ ဆရာမ မိုင်လှခင်သည် စိတ်ပျက်လက်လျှော့ခြင်းမရှိဘဲ ကျေးရွာလူထု၏ နေ့စဉ်ဘဝ လုပ်ငန်းဆောင်တာများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီရင်း ကျေးရွာလူထုက မိမိအပေါ် ရင်းနှီးခင်မင်မှုနှင့် ယုံကြည်လက်ခံမှု ရရှိလာရေးအတွက် စိတ်ရှည်လက်ရှည် ကြိုးပမ်းခဲ့သည်။ ရွာခံ ခူးမီးတိုင်းရင်းသူများနည်းတူ ရေအိုးရွက်၍ တောင်အောက်ရှိ ကုလားတန်မြစ်သို့ နေ့စဉ် ပြေးတက်ပြေးဆင်းပြီး ရေခပ်ဆင်းခဲ့သည်။ ထင်းခွဲခြင်း၊ စူးထိုးတောင်ယာစိုက်ပျိုးခြင်း၊ သစ်သီးခူးခြင်းတို့ကို နိစ္စဓူဝ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည်"**

**ကစ္ဆပနဒီမြစ်ကမ်းပေါ်က ပိန္နဲတပင်ကျေးရွာ**

ရခိုင်ပြည်နယ် မြေပုံမြို့ဇာတိဖြစ်သည့် ဆရာမလေး မိုင်လှခင်သည် သားဖွားသင်တန်းဆင်းချိန်တွင် အသက် ၂၃ နှစ်ရှိပြီး မိမိတာဝန်ကျရာ ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့နယ်ရှိ ပိန္နဲတပင်ရွာလေးသို့ ရောက်ရှိရန်အတွက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ မိုင် ၁၀၀ ကျော် ဝေးကွာသည့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ကုလားတန်မြစ်(ကစ္ဆပနဒီ) အတိုင်း ထိုခေတ်ကာလက ၃ ရက်ကျော် ရေကြောင်းခရီးကို ဆန်တက်လာခဲ့ရသည်။

ပလက်ဝမြို့မှတစ်ဆင့် ကုလားတန်မြစ်အထက် ၈ မိုင်ခရီးသို့ ဆက်လက် ဆန်တက်လာခဲ့သော ဆရာမလေးသည် နောက်ဆုံးတွင် တာဝန်ကျရာ ပိန္နဲတပင်ကျေးရွာလေးသို့ အဖော်မပါ တစ်ဦးတည်း ရောက်ရှိလာခဲ့သည်။

ထိုစဉ်ကာလက အိမ်ထောင်စုပေါင်း ၃၂ အိမ်ထောင်နှင့် လူဦးရေ ၂၀၀ ခန့်ရှိသော ပိန္နဲတပင်ကျေးရွာသည် ကုလားတန်မြစ်အထက်ကို မိုးထားသည့် တောင်ခါးပန်းတစ်ခုအပေါ်တွင် တည်ရှိနေပြီး ခူးမီးတိုင်းရင်းသားသွေးချင်းများ နေထိုင်ရာ လှပသော ရွာငယ်လေးတစ်ခုဖြစ်သည်။

ပိန္နဲတပင်ကျေးရွာလေး လှပသလိုပင် ခူးမီးတိုင်းရင်းသား သွေးချင်းတို့သည်လည်း စိတ်ထားဖြူစင်ရိုးသားသည်။ သို့ရာတွင် ပြည်မနှင့် ကူးသန်းဆက်သွယ်မှု နည်းပါးခြင်း၊ ဝေးလံခေါင်ပါးခြင်းတို့ကြောင့် ပိန္နဲတပင်ကျေးရွာသည် ခေတ်သစ်ဆေးပညာနှင့် အလှမ်းဝေးနေခဲ့သည်။

**ခူးမီးရိုးရာဓလေ့ကြားမှ ကျန်းမာရေးဝန်ထမ်းအမျိုးသမီးငယ်တစ်ဦး**

ထိုစဉ်က ခူးမီးတိုင်းရင်းသူများအနေဖြင့် ရိုးရာနည်းအတိုင်း သားဖွားနေဆဲဖြစ်ပြီး ကျေးရွာလူထုအများစုမှာ ငှက်ဖျားရောဂါဖိစီးမှုအောက်တွင် ရှိနေကြသည်။ စာတတ်မြောက်သူ နည်းပါးမှုနှင့်အတူ အာဟာရချို့တဲ့မှု၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေးအသိပညာ အားနည်းမှုများ ရှိနေခဲ့သည်။

ပိန္နဲတပင်ကျေးရွာသို့ ဆရာမလေး မိုင်လှခင် ရောက်ရှိသောအခါ အသက် ၂၀ ကျော် မိန်းကလေးငယ်တစ်ဦး ဖြစ်သည့်အပြင် သားမဖွားဖူးသော အမျိုးသမီးငယ်တစ်ဦးက သားဖွားစောင့်ရှောက်မှုပေးမည်ဆိုသည်ကို တစ်ရွာလုံးက မယုံကြည်နိုင်ကြသလို လက်ခံနိုင်ခြင်းလည်း မရှိခဲ့ပေ။

ဆရာမမိုင်လှခင်သည် စိတ်ပျက်လက်လျှော့ခြင်းမရှိဘဲ ကျေးရွာလူထု၏ နေ့စဉ်ဘဝ လုပ်ငန်းဆောင်တာများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီရင်း ကျေးရွာလူထုက မိမိအပေါ် ရင်းနှီးခင်မင်မှုနှင့် ယုံကြည်လက်ခံမှု ရရှိလာရေးအတွက် စိတ်ရှည်လက်ရှည် ကြိုးပမ်းခဲ့သည်။ ရွာခံ ခူးမီးတိုင်းရင်းသူများနည်းတူ ရေအိုးရွက်၍ တောင်အောက်ရှိ ကုလားတန်မြစ်သို့ နေ့စဉ် ပြေးတက်ပြေးဆင်းပြီး ရေခပ်ဆင်းခဲ့သည်။ ထင်းခွဲခြင်း၊ စူးထိုးတောင်ယာစိုက်ပျိုးခြင်း၊ သစ်သီးခူးခြင်းတို့ကို နိစ္စဓူဝ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည်။ ငှက်ဖျားရောဂါ ခံစားနေရသူများကို မိမိပါလာသောဆေးဝါးများဖြင့် ကုသမှုခံယူရန် စည်းရုံးပြီး ရောဂါပျောက်ကင်း သက်သာလာစေခဲ့သည်။

ဆရာမလေးသည် ကျေးရွာရှိလူငယ်များကို စုစည်းပြီး မိမိတွင်ပါလာသော ဂီတာဖြင့် ဖျော်ဖြေတီးခတ်ပြခဲ့သလို ခူးမီးရိုးရာဂီတကိုလည်း သင်ယူပြီး ပြန်လည်တီးခတ်ရင်း ဒေသခံများနှင့်အတူ သီချင်းများ သီဆိုခဲ့သည်။ မိမိကိုယ်တိုင် ခူးမီးတိုင်းရင်းသား ဘာသာစကား တတ်မြောက်နားလည်ရန် နေ့စဉ် ကြိုးပမ်းသင်ယူခဲ့သလို ရင်းနှီးကျွမ်းဝင်လာသော ဒေသခံ ကလေးငယ်များအား မိမိအနေဖြင့် စာသင်ကြားခွင့်ပေးရန်အတွက်လည်း ကျေးရွာလူကြီးများနှင့် တိုင်ပင်ညှိနှိုင်းပြီး မူလတန်းပညာ သင်ကြားပေးခဲ့သည်။

ပိန္နဲတပင်ကျေးရွာလေး တိုးတက်ရေးအတွက် မိုင်လှခင်၏ စွမ်းစွမ်းတမံ ကြိုးပမ်းမှုများသည် နှရာမှ ရင့်၊ ရင့်ရာမှ အသီးအပွင့်များ အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့သည်။ မိမိတို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့်အတူ ဒိုးတူပေါင်ဖက် အတူတကွ နေထိုင်ရင်း နေ့စဉ်နှင့်အမျှ ကြိုးပမ်းအားထုတ်နေသော ဆရာမလေး မိုင်လှခင်၏ ယုံကြည်ချက်နှင့် စေတနာကို သိမြင်လာသော ခူးမီးတိုင်းရင်းသား ရပ်ရွာလူကြီးများက **"မိဘများသည် ကလေးများကို ကျောင်းသို့ အချိန်မှန်မှန် ပို့ပေးရမည်"**ဟူသော အမိန့်စာကို ရွာရှိ အိမ်တိုင်းတွင် ကပ်ထားပေးသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

နောက်ဆုံးတွင် ခန္တီးခရိုင် နာဂတောင်တန်းပေါ်ရှိ လိုက်ခေါ်ရွာတွင် နောက်အော်နာဂ တိုင်းရင်းသူများကို ခေတ်သစ်ဆေးပညာဖြင့် သားဖွားခွင့်ရစေရေးအတွက် ကြိုးပမ်းခဲ့သည့် ဆရာမလေး ဒေါ်ခင်မြင့်ဦး နည်းတူ ချင်းပြည်နယ် ပလက်ဝမြို့နယ် ကုလားတန်မြစ်ကမ်းပေါ်ရှိ ပိန္နဲတပင်ကျေးရွာတွင်လည်း ဆရာမလေး မိုင်လှခင်သည် သားဖွားရန်ခက်ခဲနေသော ခူးမီးတိုင်းရင်းသူ မိခင်တစ်ဦးကို ကူညီစောင့်ရှောက်ခွင့် ရရှိခဲ့သည်။

အစဉ်အဆက် ရိုးရာနည်းဖြင့်သာ သားဖွားခဲ့ကြသော ခူးမီးတိုင်းရင်းသားများအနေဖြင့် ခေတ်သစ်ဆေးပညာဖြင့် မီးဖွားပေးခြင်းကို လက်ခံလာခဲ့ကြပြီး ပိန္နဲတပင်ကျေးရွာသာမက တဲမချောင်းထဲ၊ ကွမ်းဘုတ်၊ ကျောက်ပျဉ်တောင့်၊ ဘောင်ပီး(အထက်)၊ ဘောင်ပီး(အောက်)စသည့် ပတ်ဝန်းကျင်ကျေးရွာများရှိ တိုင်းရင်းသူ မိခင်များကပါ ဆရာမလေး မိုင်လှခင်၏ စောင့်ရှောက်မှုဖြင့် မီးဖွားပေးမှု၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ခံယူလာခဲ့ကြသည်။

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ သားကောင်းသမီးမွန် ဝန်ထမ်းတစ်ဦး**

နိုင်ငံတော်ကပေးအပ်သောတာဝန်ကို ကျေကျေနပ်နပ်ခံယူကာ ပိန္နဲတပင်ရွာသို့ အဖော်မပါ ရောက်ရှိလာခဲ့သော ဆရာမလေး မိုင်လှခင်သည် မိမိ၏ မူလတာဝန်ဖြစ်သည့် သားဖွားဆရာမ တာဝန်သာမက ကျောင်းဆရာမ၊ ကျန်းမာရေးမှူး၊ ဆော်ဩရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် အစစအရာရာ စွမ်းစွမ်းတမံ စည်းရုံးကြိုးပမ်းခဲ့မှုကြောင့် ခူးမီးတိုင်းရင်းသားတို့သည် မိုင်လှခင်ကို မိမိတို့၏၊ ကျေးရွာ၏ သမီးရတနာတစ်ဦးသဖွယ် သတ်မှတ်ခဲ့သည်။ မိုင်လှခင်အတွက် သီးခြားအိမ်တစ်ဆောင်ကို ဆောက်ပေး၍ လိုလေးမရှိ ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြသည်။

ဆရာမ မိုင်လှခင်၏ ကြိုးပမ်းဆောင်ရွက်မှုကို ၁၉၈၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေခဲ့သော "မိုးထက်မြင့်သည့် စိတ်ထားများ" စာအုပ်ထဲတွင် "စေတနာမိခင် မိုင်လှခင်" ခေါင်းစဉ်ဖြင့် ဆရာမ၏ ပြောစကားများကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

**"ကျွန်မဇာတိက မြေပုံမြို့ကပါ။ သားဖွားသင်တန်းဆင်းပြီးတော့ တာဝန်ကျရာ ဒီရွာကို ရောက်လာတာပါ။ ရွာရောက်တော့လည်း အဓိကတာဝန်ဖြစ်တဲ့ သားဖွားလုပ်ငန်းကိုသာမက ဒီရွာလေး အစစအရာရာ ဖွံ့ဖြိုးအောင် တတ်နိုင်သလောက် တာဝန်ယူရတာပါပဲ။ ကျွန်မက ဒီရွာတင်မက အနီးအနားက ရွာတွေရဲ့ မီးဖွားမှုကိုပါ တာဝန်ယူရတယ်။ ကျန်တဲ့အချိန်မှာ ကလေးစောင့်ရှောက်ရေး၊ အာဟာရဖြစ်အောင် စားသောက်ရေးနဲ့ အခြေခံကျန်းမာရေး ပညာရပ်တွေကို ရွာသူရွာသားတွေနားလည်သဘောပေါက်အောင် ဆွေးနွေးရတာပါပဲ။ ကျွန်မအပေါ် အခုလို သံယောဇဉ်ဖြစ်နေတဲ့ ပိန္နဲတပင်ကိုခွဲပြီး ကျွန်မ ဘယ်ကိုမှ မသွားနိုင်ပါဘူး"** ဟု ဆိုခဲ့ပါသည်။

X X X X X

**ဒေါ်အုန်းကြည်**

အထက်ပါ စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေခဲ့သော "မိုးထက်မြင့်သည့် စိတ်ထားများ" စာအုပ်ထဲတွင် ဆရာမ ဒေါ်ခင်မြင့်ဦး၊ ဆရာမ မိုင်လှခင်တို့နည်းတူ **"ဆပ်ပြာကျင်းမှ ဒေါ်အုန်းကြည်"** ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးမှာ ဒီပဲရင်းမြို့နယ်နှော့ဒေသ ဆပ်ပြာကျင်းကျေးရွာလေးမှ ထိုစဉ်က အသက် ၃၀ နှစ်ရှိ သားဖွားဆရာမ ဒေါ်အုန်းကြည် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီပဲရင်းမြို့နယ်နှော့ဒေသရှိ ဆပ်ပြာကျင်းကျေးရွာသို့ သင်တန်းဆင်းပြီးစ အသက် ၂၀ အရွယ်တွင် သားဖွားဆရာမအဖြစ် ရောက်ရှိတာဝန် ထမ်းဆောင်ခဲ့သော ဆရာမ ဒေါ်အုန်းကြည်သည် သားဖွားဆရာမ တာဝန်ကို

*စာမျက်နှာ ၂၆ သို့*

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို လာရောက်ကြည့်ရှု

**ကျိုက်ထို မေ ၁၀**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကျိုက်ထိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်တို့သည် မေ ၈ ရက်က ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို လာရောက် ကြည့်ရှုသည်။

မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးရုံးခန်းမတွင်စခန်းတာဝန်ခံ ဦးမြဝင်း ဒုတိယညွှန်ကြားရေးမှူးအကောက်ခွန်ဦးစီးဌာနမှစခန်း၌ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဝင်ပေါက်အကောက်ခွန်စခန်းများကို ရှောင်ကွင်း၍ ကုန်သွယ်မှုလမ်းကြောင်းများတစ်လျှောက် တရားမဝင်ကုန်စည်ဝင်/ထွက်မှုများအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးထိန်းချုပ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်အပြင် စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် စစ်ဆေးရေးစခန်း၏ ဌာနအလိုက် တာဝန်ဝတ္တရားနှင့် စခန်းတည်မြဲအမိန့်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ကျဝန်ထမ်းများ ၂၄ နာရီ တာဝန်ထမ်းဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီး တရားဝင်တင်ပို့/ တင်သွင်းခွင့်ပြုထားသည့် ပစ္စည်းများအား တရားမဝင်သယ်ဆောင်လာပါက သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တိရစ္ဆာန်များ သစ်တောထွက်ပစ္စည်းကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ မူးယစ်ဆေးဝါးနှင့် လက်နက်များကဲ့သို့ ဥပဒေနှင့်မလွတ်ကင်းသော ပစ္စည်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ဖြည့်စွက်မှာကြားပြီး စခန်း၌ စစ်ဆေးရာဖွေဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။



မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ဖြည့်စွက်မှာကြားပြီး စခန်း၌ စစ်ဆေး ရာဖွေဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

*စာမျက်နှာ ၂၅ မှ*

သာမက ကျေးရွာ၏ လူမှုရေးကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ခဲ့မှုကြောင့် ရွာသူရွာသားအားလုံး၏ ရိုသေလေးစားမှုနှင့် မေတ္တာကို ရရှိခဲ့ပြီး ဒေသခံများက ရပ်ရေးရွာမှုများတွင် ဆရာမ၏ ဦးဆောင်မှုကို ခံယူခဲ့ကြသည်။

ထိုခေတ်ကာလ (၁၉၇၀ ပြည့်နှစ်လွန် ကာလများ)က ဆပ်ပြာကျင်း ရွာသူရွာသားများ၊ ဒီပဲရင်းမြို့နယ် ဆရာဝန်ကြီးနှင့် ဆရာမ ဒေါ်အုန်းကြည်၏ ပြောစကားများကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ပါသည်။

**"ကျွန်တော်တို့ရွာကတော့ ဆရာမဒေါ်အုန်းကြည် စီမံဦးဆောင်တဲ့အတိုင်းပါပဲ။ ဆရာမက ကျွန်တော်တို့အပေါ်မှာ သိပ်ကောင်းတယ်။ သိပ်စေတနာရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း သူ့စေတနာကို လေးစားကြပါတယ်"**

(ဆပ်ပြာကျင်းရွာသူရွာသားများ)

**"ဆရာမ ဒေါ်အုန်းကြည်ကတော့ တကယ့်ကျန်းမာရေးဝန်ထမ်းကောင်းတစ်ယောက်ပါပဲ။ မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တဲ့အပြင် ကျေးရွာတစ်ခုလုံးရဲ့ လုပ်ငန်းတွေကိုပါ လစ်ဟင်းမှုမရှိအောင် ဝိုင်းဝန်းလုပ်ဆောင်နေသူဖြစ်ပါတယ်"**

(ဒီပဲရင်းမြို့နယ်ဆရာဝန်ကြီး)

**"ကျွန်မတော့ ဒီရွာအပေါ်မှာ သံယောဇဉ်ကြီးနေပါပြီ။ ကျွန်မနဲ့ ရွာဟာလည်း ခွဲလို့မရတော့ပါဘူး။ ဒီရွာနဲ့ ပတ်ဝန်းကျင်မှာ တစ်လကို ကလေး ၁၀ ယောက်လောက် မီးဖွားပေးရပါတယ်။ ကျန်တဲ့အချိန်တွေမှာတော့ ရွာသန့်ရှင်းရေး၊ ပညာသင်ရေး၊ စီးပွားရေးနဲ့ ရပ်ရေးရွာရေးကိစ္စအားလုံးကို ရွာလူကြီးများနဲ့ တိုင်ပင်ပြီး လုပ်ရတာပါပဲ"**

(သားဖွားဆရာမ ဒေါ်အုန်းကြည်)

X X X X X

**မိုးထက်မြင့်သည့် စိတ်ထားများ**

၁၉၈၀ ပြည့်နှစ်က စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေခဲ့သော "မိုးထက်မြင့်သည့်စိတ်ထားများ" စာအုပ်တွင် ပညာရေး/ ကျန်းမာရေး/ ပို့ဆောင်ရေး/ဆက်သွယ်ရေး/စက်မှုကဏ္ဍအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဂုဏ်ဆောင် "ဟင်နရီဒူးနန့်" ဆုရ ကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့် အပါအဝင် ပြည်ထောင်စုတစ်ဝန်းရှိ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ၊ အလုပ်သမား၊ လယ်သမားများ၏ ရိုးသားဖြောင့်မတ်မှု၊ အများအကျိုးအတွက် မွန်မြတ်သော ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို အကြောင်းအရာပေါင်း ၃၆ ပုဒ်ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ထားခဲ့ပါသည်။

**"နာဂတိုင်းရင်းသားများက နာဂဘာသာစကားဖြင့် နာစာမူဆေးလုံဂီး(နတ်ဆေးဆရာကြီး)ဟု ခေါ်ဝေါ် ဂုဏ်ပြုခဲ့ကြသည့် ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်သည် ခွဲစိတ်မှု မအောင်မြင်ပါက ဆရာဝန်၏ဦးခေါင်းကိုဖြတ်ယူရန် ဓားသွေး၍ စောင့်နေသော လူနာရှင်၏ရှေ့တွင် စွန့်စားခွဲစိတ်ခဲ့ရမှုကို သိရှိနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်နှင့် ဆရာမ ဒေါ်ခင်မြင့်ဦးတို့သည် မိမိတို့ ပြုစုစောင့်ရှောက်မှုပေးရသည့် တိုင်းရင်းသားလူနာများ၏ ကျန်းမာရေးနှင့် ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် ရိုးရာအစွဲအလမ်းဟောင်းများကို ပြုပြင်ရေးအတွက် မိမိတို့အသက်ကို အပေါင်ထားစတေး၍ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိမြင်နိုင်ပါသည်"**

စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ နီးပါးကာလ ထိုတစ်နေ့က ဝေးလံသော နာဂတောင်တန်းပေါ်ရှိ လိုက်ခေါ်ကျေးရွာလေးတွင် မီးဖွားရန် ခက်ခဲနေသော မီးနေသည်ကို ကူညီစောင့်ရှောက်ခွင့်ရရေးအတွက် ကျေးရွာလူကြီးများထံ တိုင်းရင်းသားနောက်အော်နာဂ ဘာသာစကားဖြင့် တစာစာ ခွင့်တောင်း အရေးဆိုနေသော ဆရာမဒေါ်ခင်မြင့်ဦးကို မြင်ယောင်ကြည့်မိသည့်အခါ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းတွင် သာမက ကမ္ဘာတွင်ပါ "နာဂနတ်"ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည့် ဇင်လိန်း ခန္တီးဒေသ ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ယှဉ်တွဲလျက် အထူးသတိရ မြင်ယောင်လာမိပါသည်။

**နာစာမူဆေးလုံဂီး(နတ်ဆေးဆရာကြီး)**

Gregory Kleiman နှင့် Heiko Rudolph ရေးသားပြုစုသည့် "Surgery on conscious patients by Dr Naga of Burma/ Myanmar" စာအုပ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ "ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်" စာအုပ်တွင်လည်းကောင်း ဖတ်ရှုလေ့လာပါက နာဂတိုင်းရင်းသားများက နာဂဘာသာစကားဖြင့် နာစာမူဆေးလုံဂီး(နတ်ဆေး ဆရာကြီး)ဟု ခေါ်ဝေါ်ဂုဏ်ပြုခဲ့ကြသည့် ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်သည် ထိုစဉ်ကာလက ခေတ်နောက်ကျနေဆဲဖြစ်ပြီး ရှေးရိုးစွဲ ရိုးရာဓလေ့များအတိုင်း လိုက်နာနေထိုင်နေကြဆဲဖြစ်သည့် နာဂတိုင်းရင်းသားများ၏ လည်ပင်းကြီးရောဂါ အပါအဝင် အူကျရောဂါနှင့် ရင်သားအကျိတ်အလုံးများကို ခွဲစိတ်ကုသပေးခဲ့ရာတွင် ခွဲစိတ်မှုမအောင်မြင်ပါက ဆရာဝန်၏ဦးခေါင်းကို ဖြတ်ယူရန် ဓားသွေး၍ စောင့်နေသော လူနာရှင်၏ရှေ့တွင် စွန့်စားခွဲစိတ်ခဲ့ရမှုကို သိရှိနိုင်မည်ဖြစ်သည်။

တစ်နည်းအားဖြင့် ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်နှင့် ဆရာမ ဒေါ်ခင်မြင့်ဦးတို့သည် မိမိတို့ ပြုစုစောင့်ရှောက်မှုပေးရသည့် တိုင်းရင်းသားလူနာများ၏ ကျန်းမာရေးနှင့် ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် ရိုးရာအစွဲအလမ်းဟောင်းများကို ပြုပြင်ရေးအတွက် မိမိတို့အသက်ကို အပေါင်ထားစတေး၍ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

မိမိတို့နိုင်ငံတွင် ဆရာဝန်ကြီး ဒေါက်တာဦးသိန်းလှိုင်၊ ဆရာမ ဒေါ်ခင်မြင့်ဦး၊ ဆရာမ မိုင်လှခင်နှင့် ဆရာမ ဒေါ်အုန်းကြည်တို့ကဲ့သို့ မိမိတို့မွေးဖွားရာ ဇာတိရပ်ရွာနှင့် မိဘ/မိသားစုကို စွန့်ခွာ၍ တာဝန်ကျရာဒေသကို မိမိ၏ ဇာတိရပ်ရွာကဲ့သို့ ခံယူပြီး ဒေသခံ တိုင်းရင်းသား မိဘပြည်သူများနှင့် ဘဝတူ နေထိုင်စားသောက်ကာ အလုပ်အကျွေးပြု တာဝန်ထမ်းဆောင်ခဲ့ကြသော၊ တာဝန်ထမ်းဆောင်နေဆဲဖြစ်သော၊ တာဝန်ထမ်းဆောင်ကြဦးမည်ဖြစ်သော နိုင်ငံ့ဝန်ထမ်း သားကောင်းသမီးမွန်များရှိနေသရွေ့ အမိပြည်ထောင်စုကြီးသည် ကမ္ဘာ့အလယ်တွင် တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်မိပါသည်။

အထူးသဖြင့် ကမ္ဘာ့အမြင့်ဆုံး ကြက်ခြေနီဆုရှင် "ဟင်နီရီဒူးနန့်ဆု" ကိုသာမက ထူးချွန်သည့် သူနာပြုနှင့် ကြက်ခြေနီ ဝန်ထမ်းများအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ချီးမြှင့်သော အမြင့်မားဆုံးဆုဖြစ်သည့် "ဖလော်ရင့်နိုက်တင်ဂေး" ဆုတံဆိပ်ရှင် လေးဦးအထိ ဆွတ်ခူးရရှိခဲ့ပြီး ဂုဏ်ပြုခြင်းခံယူထားရသော မိမိတို့၏ နိုင်ငံသည် ယခုကဲ့သို့ ပြည်ထောင်စုကြီး၏ဂုဏ်ကို ဆောင်ခဲ့သော နိုင်ငံ့သားကောင်းသမီးမွန် ကျန်းမာရေးဝန်ထမ်းကောင်းများ ရှိနေသရွေ့ နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှု သမိုင်းကြောင်းတွင် သမိုင်းကောင်း ဖြင့် ကမ္ဘာ့အလယ်တွင် ထိုက်တန်စွာ ရပ်တည်နေနိုင်မည်ဖြစ်ကြောင်း ဂုဏ်ပြုတင်ပြလိုက်ရပေသည်။ ။

**ရည်ညွှန်း**

- "မိုးထက်မြင့်သည့်စိတ်ထားများ" စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ် (၁၉၈၀ ပြည့်နှစ်)
- "Surgery on conscious patients by Dr Naga of Burma/ Myanmar" by Gregory Kleiman & Heiko Rudolph
- "ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက်" ညီပုလေး (၂၀၁၆ ခုနှစ်၊ အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နောင်မွန်နယ်မြေရဲစခန်းအား လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များမှ ပူးပေါင်းတိုက်ခိုက်ခဲ့၍ ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိကာ လက်နက်များပျောက်ဆုံး

နေပြည်တော် ဧပြီ ၁၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နောင်မွန်နယ်မြေရဲစခန်းကို လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များမှ ပူးပေါင်းတိုက်ခိုက်ခဲ့၍ ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိကာ လက်နက်များ ပျောက်ဆုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဧပြီ ၁၀ ရက် နံနက်၅ နာရီတွင် လားရှိုးမြို့နယ် နောင်မွန်နယ်မြေ ရဲစခန်းကို လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ ခေါင်းဆောင်(စိစစ်ဆဲ) အင်အား ၃၀၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် သာလွန်အင်အားအသုံးပြုကာ ရဲစခန်း၏ ရှေ့မျက်နှာစာနှင့် ဝဲယာတို့မှ ဝိုင်းရံပိတ်ဆို့၍ အလစ်အငိုက် ဝင်ရောက် တိုက်ခိုက်ခဲ့သဖြင့် ရဲစခန်းမှူးဦးစီးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ရာ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူ အင်အားများပြားမှုကြောင့် နံနက် ၆ နာရီအချိန်တွင် ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုများ ရဲစခန်းမှ ဆုတ်ခွာပေးခဲ့ရာ နံနက် ၆ နာရီခွဲအချိန်တွင် ရဲစခန်းအနီးရှိ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိခဲ့သည်။

သောင်းကျန်းသူ ပူးပေါင်းအဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ရဲစခန်းအဆောက်အဦများကို မီးရှို့ဖျက်ဆီးပြီး ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ လားရှိုးမြို့ရှိလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တိုက်ပွဲဖြစ်ပွားရာ နောင်မွန် နယ်မြေရဲစခန်းသို့ လိုအပ်သော လုံခြုံရေးအင်အားများ ထပ်မံဖြည့်တင်း ပူးပေါင်းနိုင်ရေး သွားရောက်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရဲစခန်းသို့ ရောက်ရှိခဲ့သည်။

တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ရဲစခန်းမှူးအပါအဝင် ရဲတပ်ဖွဲ့ဝင်အချို့ကျဆုံးကာ ရဲတပ်ဖွဲ့ဝင်အချို့ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ရဲစခန်းရှိလက်နက်များ ပျောက်ဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်တွင် နောင်မွန်နယ်မြေရဲစခန်းကို သာလွန်အင်အားအသုံးပြုကာ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ထက်ကြပ် လိုက်လံပိတ်ဆို့ ရှင်းလင်းလျက် ရှိကြောင်းနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။



လားရှိုးမြို့နယ် နောင်မွန်နယ်မြေ ရဲစခန်းကို လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ မီးရှို့ဖျက်ဆီးသွားသည်ကို တွေ့ရစဉ်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများကို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၀

**ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့်ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။**



ဟိုစွမ်း (ခ)ထားဝယ်ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၉ ရက်တွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၃)ရပ် ချယ်ရီလမ်း အိမ်အမှတ်(၆/၁၄၇၆)၌ ဟိုစွမ်း (ခ)ထားဝယ် (ဘ)ဦးစစ်လူကို လက်လုပ်သေနတ် ၂ လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ သာကေတမြို့နယ် (၈) ရပ်ကွက်နှင့် (၉)ရပ်ကွက်ကြား ရှုခင်းသာလမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်သည့် ထူးဇေလွင်(ဘ)ဦးမြင့်ဝေကို လည်းကောင်း၊ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း လက်ာရာမ ကျောင်းတိုက်အတွင်းရှိ ရေကန်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့်ပစ္စည်းများကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် ၁၀/ ခ ရပ်ကွက်၊ ခိုင်သဇင်လမ်းရှိ မဟာသျှီစတီ ဟိန္ဒူဘုရားကျောင်းဝင်းအတွင်း၌ အောင်မြတ်ထွန်းကို ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက်၊ သစ္စာလမ်းမကြီးနှင့် လူငယ်သစ္စာလမ်းထောင့်၌ ဆူပူအကြမ်းဖက်သူ ဟိန်းထက်အောင်(ဘ) ဦးခင်မောင်ကြည်၊ စော်တေလ (ဘ)ဦးသန်းစိန်၊ မျိုးမြင့်ထွန်း(ဘ) ဦးသောင်းငွေ၊ အောင်မြင့်မြတ် (ဘ)ဦးတင်ထွန်းဇော်နှင့် နန္ဒအောင်(ဘ) ဦးအောင်ဝင်းတို့ ၅ ဦးကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာ ၂၇ လမ်းရှိ အိမ်အမှတ် (၂၄၃/ခ)၌ ဦးသိန်းထွေးမြင့် (ဘ) ဦးချစ်လှနှင့် ဒေါ်စန္ဒာသွင်(ဘ) ဦးထွန်းသွင်တို့ ၂ ဦးကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ လှည်းကူးမြို့နယ် ကြာအင်းကြီးကျေးရွာအလယ်၌ ဝေယံ(ခ) ဖိုးတုတ် (ဘ) ဦးတင်ခိုင်နှင့် ထက်တိုးအောင်(ဘ) ဦးအောင်ခိုင်တို့ ၂ ဦးကို လက်လုပ်မိုင်းမျိုးစုံ ၁၀ လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။



အလားတူ ယနေ့တွင် မြစ်သားမြို့နယ် ကူမဲမြို့ ရွှေကူမဲ ကျောင်းတိုက်အတွင်း၌ မျိုးအောင်(ခ)နောင်နောင်(ဘ) ဦးအောင်မြင့် အပါအဝင် အမျိုးသား ၄ ဦးကို ဂျင်ကလိများ၊ လက်လုပ်မိုင်းများ၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အမျိုးသမီးတစ်ဦး အသတ်ခံရမှုမှ ထွက်ပြေးတိမ်းရှောင်တရားခံ အောင်သူရဇော်(ခ)သူရ(ခ)ကတုံးအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၀

လှိုင်သာယာမြို့နယ်နေ အမျိုးသမီး(၁)ဦးကို မတ် ၁၅ ရက်က တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအနီးတွင် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့ပြီး တိမ်းရှောင်နေသူ လှမျိုးအောင် (ခ)ကိုမျိုး(ခ) ဝက်ကြီးနှင့် ၎င်း၏ဇနီးတို့အား လှည်းကူးမြို့နယ်ဘုရားသုံးဆူကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ၎င်းတို့၏ ဝန်ခံထွက်ဆိုချက်အရ အမျိုးသမီးကို ဓားဖြင့် ၇ ချက် ရက်စက်စွာ ထိုးသတ်ခဲ့သူမှာ အောင်သူရဇော် (ခ) သူရ(ခ)ကတုံးဖြစ်ကြောင်းနှင့် ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လူသတ်မှုမှ ထွက်ပြေးတိမ်းရှောင်တရားခံ ကတုံး(ခ) သူရ **(အပေါ်ပုံ)**အား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချင်းချင်း ချိတ်ဆက်သတင်းစုံစမ်းခြင်း၊ တာဝန်သိပြည်သူများထံမှရရှိသော သတင်းများကို ထပ်မံအတည်ပြုစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၈ ရက်တွင် အဆိုပါ ကတုံး(ခ)သူရမှာ ကော့မှူးမြို့နယ် ပိန္နဲစမ်းကျေးရွာ မြောက်ဘက် (၁)မိုင်ခန့်အကွာ ရော်ဘာတောအတွင်းရှိ လူမနေသည့်တဲအတွင်း ပုန်းအောင်းတိမ်းရှောင်နေထိုင်ကြောင်း သတင်းအရ ညနေ ၆ နာရီခွဲခန့်တွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ အောင်သူရဇော်(ခ)သူရ(ခ)ကတုံးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုမှ ဖမ်းဆီးရမိထားသူ တရားခံ(၁၂)ဦးကို အသေးစိတ် ထပ်မံစစ်ဆေးလျက်ရှိပြီး စစ်ဆေးပေါ်ပေါက်သည့် ပါဝင်ပတ်သက် ကျူးလွန်သူများနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံပြေးများဖြစ်သည့် မင်းခန့်၊ တင်တင်အေး၊ မပွင့်၊ အောင်နိုင်ကိုနှင့် ဂျပန်ကြီးတို့ကို ဆက်လက် ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသူများအား စစ်ခုံရုံးဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းနှင့် ရော(၁၅)လမ်းထောင့်အနီး၌ ဓားပြတိုက်၊ လူသတ်မှုကို ကျူးလွန်ခဲ့သူများနှင့် (ဆ)ရပ်ကွက် ခေမာသီလမ်းရှိ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအား မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းခိုးယူမှုတို့ကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းနှင့် ရော(၁၅)လမ်းထောင့်အနီး၌ မတ် ၂၇ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် အောင်အောင်ထက် (ခ)အောင်ထက်(ခ) အောင်ကြီး(ဘ)ဦးမျိုးညွန့်၊ ဘိုဘိုသူ(ဘ) ဦးသက်ဦး၊ မင်းမင်းဦး(ဘ) ဦးထွန်းဝင်း၊ ရဲထွဋ်(ခ)ရဲရင့်ကျော်(ဘ)ဦးထွန်းဝင်း၊ ငမိုး (ခ)အောင်ဇော်မိုး (ဘ) ဦးမောင်တင်၊ အောင်နိုင်ဦး (ဘ) ဦးကျော်ညွန့်၊ ဝဏ္ဏ (ခ) ဝဏ္ဏသူ (ခ) ပြည့်စုံမြင့်(ဘ) ဦးအုန်းမြင့်၊ စည်သူထွန်း(ဘ) ဦးလှမြင့်အောင်၊ ဇော်မျိုးအောင်(ဘ) ဦးဝင်းအောင်၊ ကျော်သူ (ဘ) ဦးဌေးလှိုင်၊ ဂျင်းမီ(ခ) စိုးထွန်းနိုင် (ဘ) ဦးအောင်သိန်း၊ ကျော်ဇေယျာလင်း(ခ) ကောင်းကောင်း (ဘ) ဦးလှမောင်သိန်း၊ အာကာ (ဘ) ဦးလှထွန်း၊ မျိုးကိုကိုကျော် (ဘ) ဦးမြင့်ဝင်း၊ ကိုဖြိုး (ခ) ပြည့်ဖြိုးကျော်(ဘ) ဦးမြင့်သိန်း၊ အောင်သက်ဦး (ဘ) ဦးငွေမြင့်၊ ဒေါ်နီနီအောင်(ဘ) ဦးအောင်တင်၊ ချိုတူး(ခ)မြင့်ဦး(ဘ) ဦးအောင်ကြည်နှင့် အောင်မောင်း (ခ) မင်းမင်းစိုး (ဘ) ဦးကြည်မြင့်တို့သည် ဗိုလ်ကြီး ထက်အောင်ကျော်နှင့်အတူ မောင်သန့်ဇင်ထွေးတို့ စီးနင်းမောင်းနှင်လာသည့် APACHE အမျိုးအစား အနက်ရောင်မော်တော်ဆိုင်ကယ်၊ ဗိုလ်ကြီး ထက်အောင်ကျော် ကိုင်ဆောင်သည့် ပစ္စတိုသေနတ် တစ်လက်၊ MAH(U) အမျိုးအစား ICON တစ်လုံးတို့ကို လုယက်ယူဆောင်ခြင်း၊ ဗိုလ်ကြီး ထက်အောင်ကျော်နှင့် မောင်သန့်ဇင်ထွေးတို့ကို နောက်ပြန်ကြိုး တုပ်ကာ တုတ်များ၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက်ထိုးခုတ်ခြင်း၊ လက်သီးဖြင့်ထိုးခြင်းနှင့် ခြေထောက်ဖြင့် ကန်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းတို့တွင် ဒဏ်ရာများ အသီးသီးရရှိကာ မောင်သန့်ဇင်ထွေးမှာ ယာဘက်ရင်ခေါင်း ထိုးသွင်းဒဏ်ရာကြောင့် ယာဘက်အဆုတ်ထိုးသွင်း ဒဏ်ရာရရှိပြီး ရင်ခေါင်းအတွင်း သွေးလွန်ခြင်းကြောင့် သွေးထွက်လွန် သွေးလန့်၍ သေဆုံးခဲ့ခြင်းတို့ ဖြစ်ခဲ့ရသည်အထိ ၎င်းတို့သည် ဓားပြမှုကို ကျူးလွန်ရာတွင် လူသတ်မှုကိုပါ ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၃၉၆/၃၉၇ အရ ဧပြီ ၈ ရက်တွင် "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့**

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူ ၁၉ ဦးအနက် မင်းမင်းဦး(ဘ) ဦးထွန်းဝင်း၊ ရဲထွဋ် (ခ) ရဲရင့်ကျော် (ဘ) ဦးထွန်းဝင်း၊ ငမိုး (ခ) အောင်ဇော်မိုး (ဘ) ဦးမောင်တင်၊ အောင်နိုင်ဦး (ဘ) ဦးကျော်ညွန့်၊ ဝဏ္ဏ (ခ) ဝဏ္ဏသူ (ခ) ပြည့်စုံမြင့် (ဘ) ဦးအုန်းမြင့်၊ စည်သူထွန်း(ဘ) ဦးလှမြင့်အောင်၊ ဇော်မျိုးအောင် (ဘ) ဦးဝင်းအောင်၊ ကျော်သူ(ဘ) ဦးဌေးလှိုင်၊ ဂျင်းမီ(ခ)စိုးထွန်းနိုင်(ဘ)ဦးအောင်သိန်း၊ ကျော်ဇေယျာလင်း (ခ) ကောင်းကောင်း (ဘ) ဦးလှမောင်သိန်း၊ အာကာ(ဘ) ဦးလှထွန်း၊ မျိုးကိုကိုကျော် (ဘ)ဦးမြင့်ဝင်း၊ ကိုဖြိုး(ခ) ပြည့်ဖြိုးကျော် (ဘ)ဦးမြင့်သိန်း၊ အောင်သက်ဦး(ဘ) ဦးငွေမြင့်၊ ဒေါ်နီနီအောင်(ဘ) ဦးအောင်တင်၊ ချိုတူး(ခ)မြင့်ဦး(ဘ)ဦးအောင်ကြည်နှင့် အောင်မောင်း (ခ)မင်းမင်းစိုး (ဘ)ဦးကြည်မြင့်တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ခေမာသီလမ်းရှိ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌ မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဝင်းထက် (ခ) အလီ(ဘ)ဦးသိန်းလွင်၊ အောင်ဆန်း(ခ) ရာမူတွတ်လာ (ဘ) ဦးလှဝင်း၊ သီဟနိုင် (ခ) အဇစ် (ဘ) ဦးမိုးဆွေ၊ ဝင်းမင်းစိုး(ဘ) ဦးမိုးစိန်နှင့် ဒေါ်မူမူမြင့် (ဘ) ဦးဘထွန်းတို့သည် တရားရုံးအဆောက်အအုံ၊ ကွန်ပျူတာ ငါးလုံး၊ မိတ္တူစက်အကြီး တစ်လုံး၊ အသေး တစ်လုံး၊ ပရင်တာ ငါးလုံး၊ သက်သေခံကား ရှစ်စီး၊ သက်သေခံ ဆိုင်ကယ်အစီး ၇၀ ခန့်၊ သက်သေခံ စက်ဘီးအစီး ၂၀ ခန့်၊ ရုံးသုံး ပရိဘောဂ၊ ရုံးသုံးစာရွက်စာတမ်းများနှင့် ဥပဒေစာအုပ်များကို ပြည်သူပိုင်ပစ္စည်းမှန်းသိပါလျက် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြင့် ပြည်သူပိုင် ပစ္စည်းကို မီးဖြင့် အကျိုးဖျက်ဆီးမှုပြုလုပ်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံး ဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရ ဧပြီ ၈ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထို့ပြင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ခေမာသီလမ်းရှိ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် YAMAHA FZ အမျိုးအစား၊ ဆိုင်ကယ် တစ်စီးကို မတ် ၁၉ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် ခိုးယူခဲ့သည့် ရာဇာဦး (ဘ)ဦးခင်ထွေးအား စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက် ဥပဒေပုဒ်မ ၆(၁)အရ ဧပြီ ၈ ရက်တွင် အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ကို ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီး နှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုး ကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်

**နေပြည်တော် ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် လုံခြုံရေးယာဉ်တန်းကို ဆူပူအကြမ်းဖက်သူလူတစ်စုက ဧပြီ ၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဥဿာမြို့သစ် (၈) ရပ်ကွက် ရန်ကုန်-ပဲခူး လမ်းမကြီး မိုင်တိုင်အမှတ် ၄၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံအကြားနေရာသို့ အရောက်၌ ချိန်ကိုက်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးယာဉ်တန်းတွင် ပါဝင်သည့် ရှေ့ပြေးယာဉ်တွင် ဝဲတာယာပွန်းပဲ့၊ ရှေ့လေကာမှန်အက်၊ ဝဲဘက်မှန်ကွဲအက် ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) ရပ်ကွက်ရှိ ရပ်ကွက် စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးကို ဆူပူအကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ သွားရောက်မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**



အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ချမ်းအေးသာစံမြို့နယ် အရှေ့ရပ်ကွက် ၈၁ လမ်း ၂၉ လမ်းနှင့် ၃၀ လမ်းကြားရှိ ဆိုင်ခန်း တစ်ခန်းရှေ့သို့ ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး အဆိုပါလက်လုပ်ဗုံးမှာ ဆိုင်ရှေ့ ကျရောက်ပေါက်ကွဲခဲ့သော်လည်း လူ၊ အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့အတူ နံနက် ၉ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် ၃၄လမ်း နှင့် ၇၇ လမ်း၊ ရတနာပုံဈေးအရှေ့တောင်ထောင့်ရှိ စည်ပင်သာယာအမှိုက်ကန်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်မိုင်း တစ်လုံးအား Keypad ဖုန်းတစ်လုံးဖြင့် ချိတ်ဆက်၍ ဖောက်ခွဲခဲ့သည်ကို တွေ့ရှိရပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အပြင် နံနက် ၉ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက် လမ်း ၈၀၊ ၃၉ လမ်းနှင့် လမ်း ၄၀ အကြားရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဝင်းအတွင်းသို့ ၃၉ လမ်းအတိုင်း ဆိုင်ကယ် တစ်စီးအား မောင်းနှင်လာသော အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါဗုံးမှာ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အအုံ ထိခိုက်မှု မရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီခန့်တွင် ပဲခူးမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးဝင်းအတွင်း လက်လုပ်မိုင်း တစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဘောစေ့၊ အင်ဂျင်ဝိုင်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များအတွင်း အကြမ်းဖက်မှု လုပ်ရပ်ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# KIA အဖွဲ့က ဗန်းမော်-မြို့သစ်-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဧပြီ ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မအူပင်ကျေးရွာ၏ မြောက်ဘက်မိုင် ၂၀၀ ခန့်အကွာ ဗန်းမော်-မြို့သစ်-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ အလျား ပေ ၅၀၊ အကျယ် ပေ ၃၀၊ အမြင့် ပေ ၂၀ ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားကို ယနေ့နံနက် ၆ နာရီခွဲ ခန့်တွင် KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

အဆိုပါဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတား၏မြောက်ဘက်ထိပ် ဝဲဘက်ခြမ်းလက်ရန်း ငါးပေခန့် ကျိုးပဲ့ပျက်စီးခြင်း၊ တံတားနှင့် ကတ္တရာဆက်စပ်နေရာ ၁၀ ပေခန့် ပျက်စီးခြင်းနှင့် တံတားကြမ်းခင်း ရှစ်လက်မခန့် ပေါက်ပြဲပျက်စီးခဲ့သည်။

အထက်ပါ ဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ မပေါက်ကွဲသေးသည့် မိုင်း နှစ်လုံးကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပြီး တံတားပျက်စီးသွားသော နေရာများအား လမ်းဦးစီးဌာနမှ အမြန်ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားကြမ်းခင်းပျက်စီးမှုကို တွေ့ရစဉ်။

# အောင်မြေသာစံမြို့နယ်၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၀**

ဆူပူအကြမ်းဖက်မှုကိုသာ လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။



ဖမ်းဆီးရမိသူ
ဒေါ်တင်တင်ချို

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန အမှုတွဲထိန်း တာဝန်ထမ်းဆောင်သူ ဒေါ်တင်တင်ချိုသည် ပြည်သူလူထုနှင့် အစိုးရဝန်ထမ်းများကို ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်လာအောင် စည်းရုံးခြင်း၊ CDM လှုပ်ရှားမှုများတွင် ပါဝင်လာအောင် စည်းရုံးဟောပြောခြင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို လိုက်လံစည်းရုံးခြင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်ခြင်း၊ CDM တွင် ပါဝင်ခြင်းမရှိသည့် ဝန်ထမ်းများကို ဖိအားပေး ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်နေသဖြင့် ၎င်းအား အောင်မြေသာစံမြို့နယ်ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က(ဂ) ဖြင့် အမှုဖွင့်လှစ်ထားရှိရာ ဧပြီ ၉ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ဒေါ်တင်တင်ချိုအား အောင်မြေသာစံမြို့နယ် ၆၂ လမ်း ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဝန်ထမ်းအိမ်ရာ၌ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၊ ဟင်္သာတခရိုင် ဇလွန်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တို့အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၉ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၈၁ လက်၊ လက်လုပ်သေနတ် ၅၁ လက်နှင့် ဒူးလေး နှစ်လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်များကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက် လူစုလူဝေးများအား ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် ဧပြီ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တမူးမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် စန္ဒကူးရပ်ကွက်နှင့် ဈေးတန်းရပ်ကွက်အကြား နာဂခရစ်ယာန်ကျောင်းရှေ့ အရောက်၌ ဆူပူအကြမ်းဖက်သူ အင်အား ၂၀ ခန့်က ရပ်ကွက်၊ လမ်းကြားများအတွင်းမှ တူမီးသေနတ်၊ လက်လုပ် သေနတ်များဖြင့် အကြမ်းဖက် ပစ်ခတ်ခဲ့၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပြန်လည်ပစ်ခတ်လူစုခွဲခဲ့ရပြီး အကြမ်းဖက်သူများ၏ ပစ်ခတ်မှုကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီတွင် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၉၁ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ အင်အား ၁၅၀ ခန့်သည် အများပြည်သူသုံး လမ်းမကြီး၊ လမ်းသွယ်များအား အတားအဆီးများဖြင့် ပိတ်ဆို့ကာ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်၍ လူစုခွဲနိုင်ရေး ညှိနှိုင်းဖြေလျှော့မှု ပြုလုပ်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများက လိုက်နာမှုမရှိသည့်အပြင် လေးခွ၊ ဂျင်ကလိ၊ လက်လုပ်မိုင်းတို့ဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၁ ဦးတို့အား လက်လုပ်မိုင်း တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပူးပေါင်းပါဝင်သူများအားလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဝိုင်းမော်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၉ ရက် ညနေ ၄ နာရီတွင် ဝိုင်းမော်မြို့နယ် ဆဒုံး-ဝိုင်းမော်သွားကားလမ်း (၁၃)ကီလိုမီတာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် လွမ်းထော(ခ)မောင်တာ မောင်နှင်ပြီး မအေးရီ လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၀ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအုပ်စု ကင်းကျေးရွာအနီး ရွှာငံ-ဟံမြင့်မိုရ်သွား ကားလမ်းတွင် သန်းနိုင်ဝင်း(ခ)ငပိန် မောင်းနှင်ပြီး စီမင်း(ခ) အားမြင့်၊ သိန်းဇော်ဦးနှင့် သိန်းနိုင်တို့ လိုက်ပါလာသည့် HYUNDAI PORTER II Pick Up အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၂၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀,၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မင်္ဂလာဒုံမြို့နယ်ရှိ IMX အမြန်ချောပို့ ကုမ္ပဏီရုံးခန်း မီးလောင်မှုဖြစ်


**နေပြည်တော် ဧပြီ ၁၀**


ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဧပြီ ၉ ရက် နံနက် ၈ နာရီ ၅ မိနစ်က ချစ်တီးကုန်းရပ်ကွက် ခရေပင်ရိပ်မွန်အိမ်ရာရှိ အိမ်အမှတ် (၁၀၁)၌ ဖွင့်လှစ်ထားသော သူရကျော် (၄၆) နှစ် ပိုင်ဆိုင်သည့် IMX အမြန်ချောပို့ကုမ္ပဏီရုံးခန်းတွင် တပ်ဆင်ထားသော အဲယားကွန်း SAFEGUARD အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်မှူး ဦးမြင့်ဦး ဦးစီးပူးပေါင်းအဖွဲ့၊ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ရုံးခန်းနှင့် ရုံးခန်းအတွင်းရှိ အဝတ်အထည်၊ အလှကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် သူရကျော်အား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿဖ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

## ပဲခူးမြို့နယ် အင်းတကော်မြို့တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၀

ပဲခူးမြို့နယ် အင်းတကော်မြို့တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၉ ရက် ည ၉ နာရီခွဲ ရန်ကုန်-မန္တလေးလမ်းဟောင်း ပဲခူးမြို့နယ် အင်းတကော်မြို့ ဝမ်းဘော်ဒတ် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပဲခူးမှ ရန်ကုန်ဘက်သို့ အောင်ကျော်သိန်း မောင်းနှင်လာသည့် ISUZU ၆ ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံတန်ဖိုးရှိ ပီနံအိတ် ၇ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်သိန်း (၄၇)နှစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကာလိမြို့မှ ရန်ကုန်မြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား




**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀**
**ဖျာပုံမြို့နယ်တရားရုံးတော်**
**၂၀၂၀ ခုနှစ် တရားမကြီးမှုအမှတ် – ၆၉**

ဦးကြည်လွင် နှင့် ဦးဇော်မင်းဦး ပါ(၂)
တရားလို တရားပြိုင်များ

ဖျာပုံမြို့၊ ဂေးဂုကျေးရွာနေ ဦးဇော်မင်းဦး(ဘ) ဦးမောင်မြင့်နှင့်ဇနီး ဒေါ်နီနီအေးဇော်(ဘ)ဦးခင်ဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကြည်လွင်က လယ်ယာမြေစရိတ်အတွက် ကူညီပေးကမ်းအပ်နှံထားသည့် ငွေကျပ် (၅၁)သိန်းနှင့် ကြားကာလအကျိုးအမြတ် ငွေကျပ် ၉သိန်း ၊ စုစုပေါင်းငွေကျပ် သိန်း(၆၀) တိတိ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မေ ၁၀ ရက် (၁၃၈၃ ခုနှစ် တန်ခူးလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မေမြတ်ကေသွယ်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး
ဖျာပုံမြို့နယ်တရားရုံး


## ဓနုဖြူမြို့နယ်၌ တွဲယာဉ်တစ်စီး မီးလောင်မှုဖြစ်

နေပြည်တော် ဧပြီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် သပြုကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀/၅)နှင့် (၁၀/၆)ကြား၌ ဧပြီ ၉ ရက် နံနက်ပိုင်းက တွဲယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ ဧပြီ ၉ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က လှိုင်သာယာမြို့နယ် ကျုံစုတ်ကျေးရွာနေ မောင်ဦး(၄၉)နှစ် မောင်းနှင်သော ပြောင်းဆန်အိတ်များ တင်ဆောင်လာသည့် 3M/. . . Nissan တွဲယာဉ်သည် ဟင်္သာတ-ရန်ကုန် ကားလမ်းအတိုင်း ဟင်္သာတမြို့ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ဘရိတ်ရှူး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မောင်ဦးအား ဓနုဖြူမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား


**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်မှန်**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် ဒပမ-၄၂၇ ဖြင့် အောင်မြင်ခဲ့သည့် ဦးဦးရွှေသန်း၏သား မောင်ငြိမ်းဇော်လင်းနှင့် မောင်ငြိမ်းကျော်လင်း ၁၁/မပန(နိုင်)၁၃၇၂၉၈ မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၇-၃-၁၉၉၉ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့နယ်၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-A/မြေနီကုန်း၊ ဦးပိုင်အမှတ်(၄၀/၃)၊ ဧရိယာ ၀.၁၇၈ဧက မြေကွက်အား ဦးမောင်မောင်ကျင်၊ ဦးတင်ငွေ၊ ဦးမျိုးသူရအေးတို့က လူနေထိုင်ရန် မြေငှားဂရန် လျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့နယ်၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-A/မြေနီကုန်း၊ ဦးပိုင်အမှတ်(၄၀/၁)၊ ဧရိယာ ၀.၇၇ဧက မြေကွက်အား ဦးမောင်မောင်ကျင်၊ ဦးတင်ငွေ၊ ဦးမျိုးသူရအေးတို့က လူနေထိုင်ရန် မြေငှားဂရန် လျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

**ဦးစိုးထက်အောင်နှင့် အများသိစေရန်ကြေညာခြင်း**

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်းနေ ဦးညိုတင်(ဘ)ဦးကောင်းလှ ၅/မရန(နိုင်)၀၄၄၁၆၅၏ လွှဲအပ်ညွှန်ကြား ချက်အရ အသိပေးကြေညာအပ်ပါသည်။

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်းပေါ်ရှိ အကွက်အမှတ်-၃/က အတွင်း အမှတ်-၂၁၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်ကို ဦးညိုတင်မှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါဝင်းမြေကွက်ကို ဦးစိုးထက်အောင်က ကျွန်ုပ်ဦးညိုတင်တို့ သားအဖအား ယုံကြည်အောင်အကြိမ်ကြိမ်ပြောဆို၍ ဟန်ဆောင်အရောင်းအဝယ်စာချုပ်များကို နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ချုပ်ဆိုစေပြီး စာချုပ်အဆက်ဆက်များနှင့် မြေငှားဂရန်တို့ကို လိမ် လည်ရယူသွားသဖြင့် ဦးစိုးထက်အောင် လက်ဝယ်ရှိ အထက်ပါမြေကွက်နှင့် သက်ဆိုင်သော စာချုပ်စာတမ်း၊ မြေငှားဂရန်တို့၏ ပိုင်ရှင်အစစ်အမှန်သည် ကျွန်ုပ် ဦးညိုတင်သာလျှင် ပိုင်ရှင်ဖြစ်ပါသည်။ အဆိုပါဝင်းမြေကွက် ပိုင်ရှင်အစစ်အမှန်ဖြစ်သော ကျွန်ုပ် ဦးညိုတင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိပါဘဲ ဦးစိုးထက်အောင်အနေဖြင့်လည်းကောင်း၊ အခြားသူများအနေဖြင့်လည်းကောင်း ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း လွှဲပြောင်းခြင်းအစရှိသော လုပ်ငန်းများအားမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ခြင်းများ တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးထက်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဇော်ဦး
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၁၈၉၂ (၁၇-၁-၂၀၁၇)
ကံမလမ်း၊ ပြည်တော်သာရပ်၊ မုံရွာမြို့


**စာအုပ်စာပေ လူ့မိတ်ဆွေ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန် Roto Seal with Seal Wire (Yellow) (800000) Nos နှင့် Roto Seal with Seal Wire (Black) (400000) Nos တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း ၉-၄-၂၀၂၁ ရက်မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၁-၅-၂၀၂၁ ရက် ၁၄:၀၀ နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၂၀၈၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ ဒလမြို့နယ်၊ ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းအတွက် ရေသန့်စင်စနစ်လုပ်ငန်းကို စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ စက်သုံးဆီများကို စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|
| (က) | ရေသန့်စင်စနစ်နှင့်ဆက်စပ် ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း | (1)Lot | ၁၂-၅-၂၀၂၁/၁၂:၀၀နာရီ |
| (ခ) | ဒီဇယ်ဆီ | (၅၆၀၀၀၀)ဂါလန် | ၃-၅-၂၀၂၁/၁၂:၀၀နာရီ |
| (ဂ) | ပရီမီယံဒီဇယ်ဆီ | (၁၈၀၀၀၀)ဂါလန် | ၃-၅-၂၀၂၁/၁၂:၀၀နာရီ |
| (ဃ) | ဓာတ်ဆီ (Octane 92 Ron) | (၄၀၀၀၀) ဂါလန် | ၃-၅-၂၀၂၁/၁၂:၀၀နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၄-၂၀၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါပိတ်ရက်ကြော်ငြာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင်အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါခေါ်ယူခဲ့ခြင်းများကို ယာယီရွှေ့ဆိုင်းခဲ့ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Thermoplastic (အဖြူ/အဝါ) | (၆၀၀) တန် |
| (ခ) | Glass Beads | (၆၀) တန် |
| (ဂ) | H.I.P Tape (အဖြူ/အဝါ) | (၄၅) လိပ် |
| (ဃ) | သစ်ခုတ်လွှ/မြက်ဖြတ်စက် | (၄၆/၇၅) လုံး |
| (င) | ထွန်စက်တွဲဆေးဖြန်းစက် | (၁) လုံး |
| (စ) | Bed Knife/Real Blade | (၈၀/၆) ခု |
| (ဆ) | Transformer/GCB Indoor Type | (၁၁/၁) လုံး |
| (ဇ) | Generator | (၅) လုံး |

၂။ ယခုအခါ အဆိုပါလုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါပုံစံများ ဆက်လက် ရောင်းချမည်ဖြစ်ကြောင်းနှင့် အိတ်ဖွင့်တင်ဒါများကို ၃-၅-၂၀၂၁ရက်နေ့ ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူ(ရိုက်ပျက်/ဖြူပျက်) (၂၁.၀၁၅) တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **ရောင်းချမည့်ပစ္စည်း အမျိုးအစားများ** | - | ပြင်သစ်နိုင်ငံထုတ် UPM Briteအမျိုးအစား |
| | (၁) ရိုက်ပျက် | - | (၁၁.၆၅၂)တန် |
| | (၂) စက်မတင်မီပျက်(ဖြူပျက်) | - | (၄.၄၄၄)တန် |
| | (၃) လိပ်ကျန်ပျက် (ဖြူပျက်) | - | (၄.၉၁၉)တန် |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၇-၄-၂၀၂၁ |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား လမ်း၇၀နှင့် ၇၁လမ်းကြား |
| (ဃ) | **တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန်** | - | ၁၂-၅-၂၀၂၁(၁၆:၃၀)နာရီ |
| (င) | **တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန်** | - | ၁၅-၅-၂၀၂၁(၉:၀၀)နာရီ |
| (စ) | **တင်ဒါရွေးချယ်မည့်နေရာ** | - | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အစည်းအဝေးခန်းမ |
| (ဆ) | **တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း** | - | ကျပ်၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၅၆၀၃၀၁၁၀၊ ၀၂-၂၈၄၇၃၉၈တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်ဈေးနှုန်းတင်ဒါလေလံကော်မတီ**

## ဒေါ်မူမူ
### အသက် (၉၅)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဆရာကြီး ဦးဖိုးထိန်-ဒေါ်ခင်မေ)တို့၏သမီးကြီး၊ နတ်မောက်မြို့နေ (ဦးဖိုးလှိုင်- ဒေါ်ရွှေတင်)တို့၏ သမီးချွေးမ၊ (ဦးမြင့်အောင်)၊ ဒေါ်ကြည်မြ၊ ဒေါ်စိုးမြင့်၊ ဦးထွန်းလွင်၊ (ဒေါ်ကြည်ကြည်ထွေး)တို့၏အစ်မ၊ (ဦးလတ်) (အုပ်ချုပ်ရေးအရာရှိ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်၊ ငွေစာရင်းမှူး အဝေးသင်တက္ကသိုလ်)၏ဇနီး၊ ဦးမျိုးအောင်လှိုင်၊ ဒေါ်စုစုသူဇာလှိုင် (ဦးစီးအရာရှိ-ငြိမ်း၊ MRTV)တို့၏မိခင်သည် ၂၂-၂-၂၀၂၁ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလင်ကြည်
### ဒု-လက်ထောက် အကောက်ခွန်မှူး(ငြိမ်း)
### အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်နေ(ဦးအောင်လှိုင်-ဒေါ်စောရှိန်)တို့၏သား၊ (ဦးဖေရီ-ဒေါ်စိန်ဆန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၁၈၇(သုံးလွှာ-ဝဲ)နေ ဒေါ်နှင်းရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလွင်ဦး၊ မမေမေလွင် (လဝက)၊ ဦးလွင်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်)-ဒေါ်မေမေစု၊ မဝါဝါလွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်း ခန့်အောင်၊ မဟန်နွယ်ဦးတို့၏ အဘိုးသည် ၉-၄-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃:၂၈ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တွံတေးမြို့၊ မြို့ရှောင်လမ်း မိုင်တိုင် (၀/၀ မှ ၃/၆) ကြား ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းအတွက် အသုံးပြုမည့် ကတ္တရာ၊ ၂"x၄"၊ ၁"x၂"၊ 3/4"/~1/2" Chipping၊ 1/4"~3/8" Topping စသည့်လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အဆိုပါတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှောက်လွှာစတင် ဝယ်ယူနိုင်သည့်ရက် | - | ၂၀-၄-၂၀၂၁ရက် |
| (ခ) | တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန် | - | ၁၄-၅-၂၀၂၁ရက် နံနက် ၉:၀၀နာရီ |
| (ဂ) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ |

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး တွင် ၂၀-၄-၂၀၂၁ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၅၃၁၂၉၆၆၀၊ ၀၉-၇၈၆၃၆၆၉၆၆၊ ၀၉-၆၈၇၂၂၀၃၉၅

**တင်ဒါကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်အမှတ် (၁၃၊ အခန်း (၄)နေ ဒေါ်ငွေသန်း ၁၂/ဒဂန(နိုင်) ၀၁၇၃၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဒေါ်ငွေသန်း၏သမီးဖြစ်သူ ဒေါ်ခင်စန္ဒာဝင်း(ခ)သဲငယ် ၁၂/ဒဂန(နိုင်)၀၂၇၇၀၃သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပြီး မိခင်၏ဆုံးမနေမှုများကို မနာယူဘဲ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှ ထွက်သွားခဲ့ပါသည်။ ထိုသို့နေအိမ်မှ ထွက်သွားစဉ် မိခင်ထံခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မိခင်ပိုင် အဖိုးတန်လက်ဝတ်ရတနာပစ္စည်းများ၊ ယာဉ်အမှတ်-၁ဃ/၉၆၇၁ HONDAINSIGHT ZE-2၊ ကားအိုနာဘုတ်၊ ယာဉ်အမှတ်-7H/2802၊ TOYOTA KLUGER ACU20 ကားအိုနာဘုတ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၁၇၀၈၊ ဦးကျော်ကျော်အမည်ပေါက် ပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်များအား ယူဆောင်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်မှ အဆိုပါပစ္စည်းများအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းမပြုရန်နှင့် လက်ခံရယူထားသူများရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်စန္ဒာဝင်း (ခ) သဲငယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီစိုး (LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)**
**အမှတ်-၉/၁၁(မြေညီထပ်)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈၊ ၀၉-၇၇၉၅၇၂၇၈၀**

## ဦးတင်ဦး(ကနောင်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ် ၂၇နေ (ဦးတင်မောင်-ဒေါ်ညွန့်စိန်)တို့၏သား၊ (ဒေါ်ကျင်အေး) ၏ ခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်အေးအေးသိန်း၊ ဦးလှစိုး-ဒေါ်ခင်သီတာဦး၊ ဦးအောင်ညွန့်သောင်း- ဒေါ်တင်တင်ကြည်၊ ဦးခင်မောင်ဇော်- ဒေါ်မိုးမိုးကြည် တို့၏ဖခင်၊ မမေသူကျော်၊ မောင်ပြည့်ဟန်စိုး-မခင်ခင်သူ၊ ဒေါက်တာရဲအောင်၊ မောင်အောင်ပိုင်၊ မောင်ရဲမာန်ပြည့်၊ မောင်ထက်အောင်ရှိန်း၊ မောင်ကြည်ဇော်ဟိန်းတို့၏ အဘိုးသည် ၁၀-၄-၂၀၂၁ရက် (စနေနေ့) နံနက် ၆:၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၂၁ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၈၆၃၊ မြေကွက်တည်နေရာ အမှတ် ၈၆၃၊ အောင်သီရိ ၂လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမြတ်ထွန်း ၁၂/အလန(နိုင်) ၀၃၁၆၉၃ ၊ ဒေါ်မြတ်သူ ၁၂/ရကန(နိုင်) ၀၅၀၅၃၆ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြတ်ထွန်း(ဖခင်)ဖြစ်သူသည် ၂၆-၄-၂၀၀၇ ရက်တွင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၉၁၀/၂၀၁၃ ဖြင့်(မိခင်)ဒေါ်မြတ်သူမှ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြတ်သူသည် ၂၀-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ထွန်း ၁၂ အလန(နိုင်)၀၃၂၄၆၈၊ ဦးကျော်ကျော်ထွန်း ၁၂/ရကန(နိုင်) ၀၄၉၀၁၁ တို့မှ သား/သမီးများ တော်စပ်ကြောင်း၊ ဦးမိုးသူဆွေ ၁၂/အလန(နိုင်)၀၃၈၄၁၂ မှ အမွေစားအမွေခံ ကိတ္တိမသားအဖြစ်မွေးစားခြင်း စာချုပ်အမှတ် ၈၀၁/၁၉၈၈ အရ မွေးစားခြင်းခံရပြီး ဒေါ်ခင်ခင်ထွန်းထံမှ GPရသူ ဒေါ်စိုးသိင်္ဂီသိန်း ၅/ မရန(နိုင်) ၂၂၀၄၄၉ မှ GPပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ဒေါ်စိုးသိင်္ဂီသိန်း + ၂မှ မိမိတို့၏ ပိုင်ဆိုင်ခွင့် အစုအသီးသီးအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းအား ၁၀-၁၂-၂၀၂၀ရက်တွင် ဒေါ်ခင်ခင်ထွန်း ထံမှ GP ရသူ ဒေါ်စိုးသိင်္ဂီသိန်းမှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့ပြီး ၎င်းအမှုတွဲရှိ ကျမ်းကျိန်လွှာတွင် ဒေါ်ခင်ခင်ထွန်း ၊ ဦးတိုးတိုးထွန်း သား/သမီး (၂)ဦး သာမွေးဖွားခဲ့ကြောင်း၊ ဦးတိုးတိုးထွန်းသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် နေထိုင်စဉ် ၁-၈-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း ဖော်ပြခဲ့သော်လည်း အမှုတွဲမှားယွင်းလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြ၍ အမှုတွဲအား ပိတ်သိမ်းလျှောက်ထားခဲ့သော်လည်း ယခုအခါ ပိုင်ဆိုင်/အရောင်း စာချုပ်ရန် မြေပုံကူးထပ်မံလျှောက်ထားစဉ် အမည်ပေါက် ဦးမြတ်ထွန်း၊ ဒေါ်မြတ်သူတွင် ဒေါ်ခင်ခင်ထွန်း၊ ဦးကျော်ကျော်ထွန်းနှင့် ဦးမိုးသူဆွေ သား/သမီး (၃)ဦး ဖြင့် ဖော်ပြထားသော်လည်း ၁၀-၁၂-၂၀၂၀ရက်တွင် ပိုင်ဆိုင်ကြောင်း မြေပုံကူးအမှုတွဲ တွင် ဒေါ်ခင်ခင်ထွန်းနှင့် ဦးတိုးတိုးထွန်း သား/သမီး (၂)ဦးရှိကြောင်း ဖော်ပြထားပြီး ယခုပိုင်ဆိုင်/အရောင်း မြေပုံကူးတွင် ဦးတိုးတိုးထွန်းအား ဖော်ပြထားခြင်းမရှိသဖြင့် ကွဲလွဲနေခြင်းအား ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ ဒေါ်ခင်ခင်ထွန်းနှင့် ဦးကျော်ကျော်ထွန်းဟု ရေးရမည့်အစား ဦးတိုးတိုးထွန်းဟု (Title Error)မှားယွင်းရေးသားမိခဲ့ကြောင်း၊ မြေကွက်နှင့် ပတ်သက်၍ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၅-၄-၂၀၂၁ရက်တွင် ဝင်စာအမှတ် ၁၀၀၄ ဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်ခင်ခင်ထွန်း + ၂၏ ပိုင်ဆိုင်/အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8092 Nissan Laugel Hc 35 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ Pa San Thi ၁၂/ရပသ(နိုင်)၀၀၀၂၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ M၊ မြေကွက်အမှတ် I Class ၁၀၊ မြေကွက်တည်နေရာအမှတ်(၈၄/၈၆)၊ ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဒေါ်မြင့်မြင့်ဆွေ ၁၂/ အလန(နိုင်) ၀၁၂၄၂၉၊ ဒေါ်ကြည်ကြည်တင့် ၁၂/ အလန(နိုင်)၀၁၂၄၃၁ ၊ ဒေါ်ဖြူဖြူဝင်း ၁၂/ အလန(နိုင်) ၀၁၂၄၂၇ ၊ ဒေါ်လီလီဝင်း ၁၂/အလန(နိုင်) ၀၁၂ ၄၂၈ ၊ ဒေါ်ချိုချိုနွယ် ၁၂/ အလန(နိုင်) ၀၁၂၄၃၀ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်တင့်သည် ၂၂-၅-၂၀၁၇ ရက်တွင်(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်ခဲ့ပါသဖြင့် ကျန်အမည်ပေါက်များဖြစ်ကြသော ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်လီလီဝင်း၊ ဒေါ်ချိုချိုနွယ်တို့မှ ညီမအရင်းတော်စပ်ကြောင်း၊ တရားဝင် အမွေဆက်ခံခွင့်ရှိကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၆၁၅)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်မင်း (ဘ)ဦးချစ် ၁၀/ကထန(နိုင်) ၀၀၆၈၇၅ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃M၊ မြေကွက်အမှတ် (III Class ၁၊ မြေကွက်တည်နေရာအမှတ် (၅)၊ အာသာဝတီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ မခင်ထွေးနှင့် မစိန်ညွန့် အမည်ပေါက် နှစ် ၉၀ ဂရန်သက်ကုန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ မစိန်ညွန့် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၅/၂၁-၁-၁၉၈၇) ဖြင့် ဦးခင်မောင်လေးမှ ပိုင်ဆိုင်ပြီး ၎င်းမှ စွန့်လွှတ်စာချုပ်အမှတ် (၆/၂၃-၁-၁၉၈၇)ဖြင့် ပိုင်ဆိုင်လာသူ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ထွေးသည် ၂၉-၇- ၁၉၉၇ရက်တွင်လည်းကောင်း (ဖခင်)ဦးလှရွှေသည် ၉-၁၀-၁၉၉၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် (၆၀၄၉/၂၉-၅-၂၀၁၉)ဖြင့် ပိုင်ဆိုင်သူ ဦးအောင်တင် ၁၂/အလန(နိုင်)၀၃၂၆၇၉၊ ဦးအောင်ခင် ၁၄/ဖပန(နိုင်)၀၀၅၉၅၀၊ ဦးအောင်ဖြိုး ၁၂/အလန(နိုင်)၀၁၃၅၁၉၊ ဒေါ်စန်းအေး ၁၂/အလန(နိုင်)၀၁၃၆၃၂၊ ဒေါ်မေမေသန်း ၁၂/အလန (နိုင်) ၀၁၃၆၃၁၊ ဦးနေလင်းမောင် ၁၂/ပဘတ(နိုင်)၀၂၈၇၉၂တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့အနက်မှ ဦးနေလင်းမောင်သည် ၇-၂-၂၀၂၀ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်မာဝင်း ၅/မရန(နိုင်)၀၄၃၂၈၀နှင့် ပူးတွဲပိုင်ရှင်များဖြစ်သော ဦးအောင်တင်၊ ဦးအောင်ခင်၊ ဦးအောင်ဖြိုး၊ ဒေါ်စန်းအေး၊ ဒေါ်မေမေသန်းတို့မှ အမွေဆက်ခံခွင့်ရှိကြောင်း သေစာရင်း၊ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(ဂ/၂၆)၊ ဧရိယာ (၂၅'x ၅၀')=(၁၂၅၀)စတုရန်းပေ= ၀ဒသမ၀၂၈ ဧက၊ မြေကွက်တည်နေရာအမှတ်(၇၂)၊ ယုဇနလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်အရှာဘီဘီ(K/RGN-၀၂၄၄၈၀)၊ ဦးမာမက်ဂျမား ၁၂/မဂတ(နိုင်)၀၂၃၅၉၃ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမာမက်ဂျမား (ဖခင်)နှင့် ဒေါ်မေသန်း(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်မြင့်အေး ၁၂/ဒပန(နိုင်) ၀၃၈၉၇၄ မှ ကျန် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အရှာဘီဘီကိုယ်စား အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမောင်ချို ၁၂/ဒပန(နိုင်) ၀၆၆၂၇၅ နှင့် ပူးတွဲ၍ အမည်ပေါက် ဦးမာမက်ဂျမား၏ သမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ကတိသစ္စာပြုလွှာ၊ ဒေါ်အရှာဘီဘီ၊ ဦးမာမက်ဂျမား အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ သေစာရင်းများ၊ မြေခွန်ပြေစာတို့ တင်ပြ၍ ပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးများအား ကြည့်ရှုစစ်ဆေး၊ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ ရောက်ရှိရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လုပ်ငန်းတာဝန်များကို ရည်မှန်းချက်ထားရှိဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ တပ်ရင်းအဆင့် စံပြအဖြစ် ကုန်ထုတ်လုပ်မှုဆောင်ရွက်ရင်း စိုက်ပျိုးရေး မွေးမြူရေးအသိပညာ ဖြန့်ဝေနိုင်အောင် ဆောင်ရွက်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်ရင်း၌ ဆောင်ရွက်ထားသော စံပြစိုက်ပျိုး၊ မွေးမြူရေးဇုန်သို့ သွားရောက်၍ ရာသီသီးနှံများကို Green House စနစ်၊ မြေအစားထိုး ပေါင်တင်စနစ်၊ ရေအစက်ချစနစ်များဖြင့် စိုက်ပျိုးထားရှိမှု၊ ကျောက်စိမ်းဖီးကြမ်း တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ ဥစားကြက်များအား မြေစိုက်ရေကန် အမျိုးအစားနှင့် လေလုံအအေးပေးစနစ်တို့ဖြင့် မွေးမြူထားမှု၊ အသားတိုးနွားနှင့် နို့စားနွားမွေးမြူထားမှု၊ DYL ဝက်များ မွေးမြူထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းမှာကြားသည်။ အဆိုပါ စံပြစိုက်ပျိုး၊ မွေးမြူရေးဇုန်အတွင်း ရာသီသီးနှံများကို အထွက်နှုန်းတိုးစေရန် ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးထားရှိပြီး ဥစားကြက်၊ အသားတိုးကြက်၊ အသားတိုးနွား၊ နို့စားနွား၊ အသားတိုးဝက်နှင့် ဆိတ်တို့အား မွေးမြူထားရှိကာ တိရစ္ဆာန်များအား လွှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းနိုင်စေရေး စားကျက်မြေ ၂၁ ဧကအား စိုက်ပျိုးထားရှိပြီး ယင်းစားကျက်မြေတွင် မူလတို (MULATO) မြက်မျိုးနှင့် စတိုင်လို ပဲမျိုးနွယ်(STYLO)တို့အား ရောနှောစိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့

*စာမျက်နှာ ၁၁ ကော်လံ ၁ ✻*

## သတင်းထုတ်ပြန်ချက်

ဗြိတိန်နိုင်ငံ၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အလွတ်သဘော အစည်းအဝေးတစ်ရပ် (Arria-Formula Meeting) ကို ၉-၄-၂၀၂၁ ရက်နေ့ နယူးယောက်မြို့ စံတော်ချိန် နံနက် ၁၀၀၀ နာရီအချိန်တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မတရားအသင်းအဖြစ် ကြေညာထားပြီးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ ဒေါ်ဇင်မာအောင်က ပါဝင်ရှင်းလင်းပြောကြားခဲ့ပြီး၊ ရာထူးမှ ထုတ်ပယ်ထားသူ ယခင်နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းမှလည်း မိန့်ခွန်းတစ်ရပ်ဖြင့် ပါဝင်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုကျင်းပသည့် အစည်းအဝေး ဆွေးနွေးမှုများမှာ အလွတ်သဘောဆွေးနွေးမှုတစ်ရပ်သာဖြစ်ပြီး အစည်းအဝေးမှ စာရွက်စာတမ်းနှင့် ရလဒ်တစ်စုံတစ်ရာ ထွက်ပေါ်ခဲ့ခြင်းမရှိပါ။ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ကမကထပြုဆောင်ရွက်ခြင်းသာဖြစ်ပြီး အခြားအဖွဲ့ဝင်နိုင်ငံများက လုပ်ထုံးလုပ်နည်းအရ တားဆီးခွင့်မရှိသည့်အတွက် လွတ်လပ်စွာတက်ရောက်နိုင်သဖြင့် တက်ကြွလှုပ်ရှားသူများလည်း ပါဝင်တက်ရောက် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၁-၃-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အား မတရားအသင်းအဖြစ် ကြေညာထားပြီးဖြစ်ပါသည်။ ထို့အပြင် ဦးကျော်မိုးထွန်းအား ၂၇-၂-၂၀၂၁ နံနက်ပိုင်းမှစ၍ ရာထူးမှ ထုတ်ပယ်ကာ နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုထားပါသည်။ မတရားအသင်းဖြစ်သော CRPH ၏ ကိုယ်စားလှယ်နှင့် ဦးကျော်မိုးထွန်း အပါအဝင် မြန်မာနိုင်ငံအမည်ခံ အခြားတက်ရောက်ဆွေးနွေးပြောဆိုမှုများသည် မြန်မာနိုင်ငံအား ကိုယ်စားပြုမှုမရှိပါ။ တရားဝင်မှုလည်းမရှိပါ။ သို့ဖြစ်ရာ ၎င်းတို့၏ ဆွေးနွေးချက်များအား မြန်မာနိုင်ငံအနေဖြင့် လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်**

**မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းနှင့် ရော(၁၅) လမ်းထောင့်အနီး၌ ဓားပြတိုက်၊ လူသတ်မှုကို ကျူးလွန်ခဲ့သူများနှင့် (ဆ)ရပ်ကွက် ခေမာသီလမ်းရှိ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအား မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းခိုးယူမှုတို့ကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်**

စာ - ၂၈